Hanns Seidel Foundation

Myanmar Office

UNDERSTANDING FEDERALISM

ပက်ဒရယ်စနစ်အား နားလည်သဘောပေါက်ခြင်း

Soeren Keil and
Andreas Heinemann-Grüder

Understanding Federalism

ဖက်ဒရယ်စနစ်အား နားလည်သဘောပေါက်ခြင်း

Soeren Keil and Andreas Heinemann-Grüder

ISBN	978-99971-0-574-5
Publisher	© 2019, Hanns Seidel Foundation Myanmar Office Unit 7, Inya Lake Hotel 37 Kaba Aye Pagoda Road, Yangon Republic of the Union of Myanmar Tel.: +95 1 66 72 25 Email: myanmar@hss.de Online: https://southeastasia.hss.de/myanmar
Chairwoman	Prof. Ursula Männle, Minister of State (ret.)
Chief Executive Officer	Dr. Peter Witterauf
Responsible for Publication	Achim Munz
Authors	Dr. Soeren Keil and Prof. Dr. Andreas Heinemann-Grüder
Translator	Aung Kyaw Phyo, Aung Soe Min
Layout & Cover Artwork	May Htut Pan Moe, KTA
Special Acknowledgement	Achim Munz, Aung Soe Min, Leander Ketelhodt

All rights, including the right of reproduction, dissemination and translation, reserved. No part of this publication may be reproduced in any form (including photocopying, recording, or otherwise) without the written permission of the Hanns Seidel Foundation or processed using electronic systems, copied or distributed. The copyright for this publication lies with the Hanns Seidel Foundation. The contributors by named authors do not necessarily reflect the opinion of the publisher.

Contents

Forward A
စကားဦး

Introduction 2
နိဒါန်း

1. Federalism and other Forms of Autonomy 16
ဖက်ဒရယ်စနစ်နှင့် အခြားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပုံစံများ

2. Non-territorial autonomy 38
နယ်နိမိတ်ဒေသနှင့်မဆိုင်သောကိုယ်ပိုင်အုပ်ချုပ်ခွင့်

3. Federal Values and Principles 46
ဖက်ဒရယ် စံတန်ဖိုးများနှင့် အခြေခံသဘောတရားများ

4. Multi-Ethnic Federalism 64
လူမျိုးစုများစွာပါဝင်သော ဖက်ဒရယ် စနစ်

5. Conflict Regulation 76
in Multi-ethnic Federations
လူမျိုးစုပေါင်းစုံပါဝင်သည့် ဖက်ဒရေးရှင်းများအတွင်း
ပဋိပက္ခများအား ထိန်းချုပ်ခြင်း

6. No legal definition of "peoples" 86
“ပြည်သူများ” ဟူသည့်အပေါ် တရားဝင် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိပါ

7. Segmentation 92
အစိတ်အပိုင်းများ ခွဲခြားခြင်း

8. Asymmetrical Regulations 96
အချိုးမညီ စည်းမျဉ်းသတ်မှတ်ချက်များ

9. Multi-ethnic federalism: A Right to Secede? 100
လူမျိုးစုပေါင်းစုံ ဖက်ဒရယ်စနစ် - ခွဲထွက်ခွင့်လော။

Contents

10. Distribution of Responsibilities and Fiscal Federalism 112
လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်းနှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်

11. Fiscal Federalism 120
ဖက်ဒရယ်ဘဏ္ဍာရေးစနစ်

12. Resource Sharing 142
သယံဇာတများ ခွဲဝေခြင်း

13. Judicial federalism 156
တရားစီရင်ရေးဆိုင်ရာ ဖက်ဒရယ်စနစ်

14. Values of a Federal Constitutional Court 162
ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတစ်ခု၏ စံတန်ဖိုးများ

15. Disputes 164
အငြင်းပွားမှုများ

16. Unit Courts in a Federation 170
ဖက်ဒရေးရှင်းတစ်ခုအတွင်းရှိ ယူနစ်တရားရုံးများ

17. Formation of Constitutional Courts 172
ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ ဖွဲ့စည်းခြင်း

18. Centralism or Federalism-friendly Decision-making 178
ဗဟိုဦးစီးစနစ် သို့မဟုတ် ဖက်ဒရယ်စနစ်ကိုအားပေးသည့်
ဆုံးဖြတ်ချက်ချမှတ်ခြင်း

Contents

19. Party Systems and Societal Federalism 186

ပါတီစနစ်များ နှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ဖက်ဒရယ်စနစ်

20. Parties in Federations 188

ဖက်ဒရေးရှင်းများရှိ ပါတီများ

21. Civil Society and Business Organizations in Federations 194

ဖက်ဒရေးရှင်းများရှိ အရပ်ဘက်အဖွဲ့အစည်း နှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ

22. Media in Federations 200

ဖက်ဒရေးရှင်းများရှိ မီဒီယာများ

23. Conclusion 208

အနှစ်ချုပ်သုံးသပ်ချက်

24. Authors 210

စာရေးသူများ

Forward – Understanding Federalism

The discussions on federalism have progressed considerably in the past years. Since 2012, the once banned word of "federalism" has emerged again in the political discussions in Myanmar. In 2015, during the signing of the National Ceasefire Agreement (NCA) it was mentioned for the first time in an official documentation. Moreover, the NCA stated that the way forward is a democratic and federal vision for Myanmar. Following the NCA process, federal principles for the country have been developed as a guide to federalise the country and have been summarised in the Union Accord. The coming years will show how those federal ideas and concepts can be integrated in a constitutional review process and manifested to initiate a possible new political system for Myanmar.

Over the past 7 years, the Hanns Seidel Foundation was privileged to support the discussions on federalism with all the stakeholder groups that are involved in this process. This work included workshops, conferences as well as study trips and various publications on the matter of federalism. While there is a need to always advance the discussion on federalism and Myanmar, there is also a need to inform and educate on the basics of the understanding of federalism. This includes the clarification of key terminologies and concepts as well as setting these concepts into country contexts and raising questions how applicable are those to Myanmar. This publication seeks to contribute to provide readers with an introduction to understand federalism. It aims to be used as a preparation and reference document for seminars and workshops on federalism in Myanmar.

The Authors, Dr Sören Keil and Professor Andreas Heinemann-Grüder, have been regular visiting experts to Myanmar. Both have worked extensively with the various and different stakeholder groups that discuss federalism in Myanmar. The book therefore is not only based on their academic know-how on federalism, but also their discussions and exchanges with participants and Myanmar experts. Our gratitude also goes to Aung Kyaw Phyo who translated the publication and Aung Soe Min who was the Myanmar language peer reviewer.

Achim Munz
Resident Representative
Hanns Seidel Foundation
July 2019

စကားဦး – ဖက်ဒရယ်စနစ်အား နားလည်သဘောပေါက်ခြင်း

လွန်ခဲ့သည့်နှစ်များအတွင်း ဖက်ဒရယ်စနစ်အကြောင်း အပြုသဘောဆွေးနွေးမှုများ သိသိသာသာ ပိုမို များပြားလာခဲ့ပါသည်။ ယခင်က အသုံးပြုခွင့် မရခဲ့သည့် ဖက်ဒရယ်စနစ် ဟူသော ဝေါဟာရမှာ ၂၀၁၂ ခုနှစ်မှစ၍ မြန်မာ့နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြန်လည် ပေါ်ထွက်လာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်နှင့် အတူ ယင်းဝေါဟာရသည် တရားဝင် စာရွက်စာတမ်းထဲတွင် ဖော်ပြခြင်းခံခဲ့ရပါသည်။ ထို့ပြင် ဖော်ပြပါစာချုပ်မှာပင် မြန်မာနိုင်ငံအား ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်အဖြစ် တည်ဆောက်သွားရန် ဖော်ပြခဲ့ပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အရ ဆက်လက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတွင်း နိုင်ငံတော်အား ဖက်ဒရယ်စနစ်သို့ အသွင်ကူးပြောင်းရေးအတွက် လိုအပ်သည့် ဖက်ဒရယ် အခြေခံမူများကို စတင် ပြုစုခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်ထဲတွင် ထည့်သွင်းလာခဲ့ပါသည်။ ယင်းဖက်ဒရယ်အယူအဆများနှင့် သဘောတရားများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်တွင် မည်သို့ထည့်သွင်းမည်ကို လာမည့်နှစ်များအတွင်း မြင်တွေ့ရဖွယ်ရှိပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သစ်အား အစပြုနိုင်ဖွယ်ရှိလာပါသည်။

လွန်ခဲ့သည့် ၇ နှစ်ကျော်ကစတင်၍ ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ပါဝင်နေသည့် အကျိုးသက်ဆိုင်သူ အစုအဖွဲ့အသီးသီး၏ ဖက်ဒရယ်စနစ်အကြောင်း ဆွေးနွေးမှုများအား အထောက်အကူပြုခွင့်ရခဲ့ပါသည်။ ယင်းအထောက်အကူပြုလုပ်ငန်းစဉ်များတွင် အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ လေ့လာရေးခရီးစဉ်များအား စီစဉ်ထောက်ကူပေးခြင်းနှင့် ဖက်ဒရယ်စနစ်အကြောင်း စာအုပ်စာတမ်းများ ထုတ်ဝေခြင်းတို့လည်း ပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးမှုများအား အမြဲတမ်း မြှင့်တင်ရန် လိုအပ်သည့်အားလျော်စွာ ဖက်ဒရယ်စနစ်အကြောင်း အခြေခံကျကျနားလည်နိုင်စေရန်အတွက် အသိပညာမျှဝေခြင်းများလည်း လိုအပ်ပါသည်။ ထိုသို့မျှဝေရာတွင် အခြေခံသဘောတရားများ၊ ဝေါဟာရများကို ရှင်းလင်းတင်ပြခြင်း၊ ယင်းသဘောတရားကို နိုင်ငံ၏ လက်ရှိအခြေအနေတွင် အံဝင်ခွင်ကျဖြစ်စေရန် ထည့်သွင်းခြင်း နှင့် မြန်မာနိုင်ငံအတွက် မည်သို့ အသုံးချမည်နည်း ဟူသော မေးခွန်းများလည်း ပါဝင်ပါသည်။ ယခုစာအုပ်သည် ဖတ်ရှုသူများအား ဖက်ဒရယ်စနစ်အကြောင်း မိတ်ဆက်ပေးရန် ရည်ရွယ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ပြုလုပ်သည့် ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများအတွက် အကြိုပြင်ဆင်မှုအဖြစ်ကိုးကားရန်သော်လည်းကောင်း၊ ရည်ညွှန်းစာအုပ်အဖြစ်သော်လည်းကောင်း အသုံးချနိုင်စေရန်လည်း ရည်ရွယ်ပါသည်။


ဤစာအုပ်ကိုရေးသားသူများဖြစ်ကြသည့် Dr Sören Keil နှင့် ပါမောက္ခ Andreas Heinemann-Grüder တို့သည် မြန်မာနိုင်ငံသို့ ကြိမ်ဖန်များစွာ လာရောက်ခဲ့ဖူးသည့် ကျွမ်းကျင်သူများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံအတွင်း ဖက်ဒရယ်အရေးဆွေးနွေးကြသည့် အမျိုးမျိုးသော အစုအဖွဲ့များနှင့် အတူအကွ အလုပ်လုပ်ဖူးသည့် အတွေ့အကြုံများလည်း ရှိကြပါသည်။ သို့ဖြစ်ရာ ဤစာအုပ်တွင် ၄င်းတို့၏ ပညာရပ်ဆိုင်ရာ အတွေးအမြင်၊ ဗဟုသုတများကို ဖော်ပြရုံသာမက မြန်မာပညာရှင်များ၊ ဆွေးနွေးဖက်များ၊ သင်တန်းသားများနှင့် ဆွေးနွေး၊ အမြင်ဖလှယ်ရာမှ တွေ့ရှိချက်များလည်း ပါဝင်ပါသည်။ ဤစာအုပ်အား မြန်မာဘာသာသို့ ပြန်ဆိုပေးသော အောင်ကျော်ဖြိုးနှင့် ပြန်လည်ဖတ်ရှုတည်းဖြတ်ပေးသည့် အောင်စိုးမင်း တို့အားလည်း ကျေးဇူးအထူးတင်ရှိပါသည်။

အာခင်းမွန့်
ဌာနေကိုယ်စားလှယ်
ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း
၂၀၁၉ ခုနှစ် ဇူလိုင်လ

Introduction

Federalism has been regularly offered as a way to cope with deep religious or ethnic divides in a society, as a strategy to overcome underdevelopment, or as a way to prevent a return to authoritarianism and violence.

In Myanmar, the introduction of a federal system of governance has been discussed since before the country's independence in 1948. High hopes, but also fears have been associated with federalism.




The debate started again in 2015, when eight ethnic-armed organisations (EAOs) and the government signed a nationwide cease-fire agreement (NCA). The NCA calls for a "union" to be established that guarantees democratic rights, national equality, the right to self-determination, and national sovereignty[1].

The All Burma Students' Democratic Front (ABSDF), Arakan Liberation Party, Chin National Front, Democratic Karen Benevolent Army, Karen National Liberation Army-Peace Council, Karen National Union, Pa-O National Liberation Organization and Shan State Army-South accepted to sign the pact. The text of the agreement: http://www.mmpeacemonitor.org/images/2015/oct/nca%20contract%20eng.pdf. In 2018, two further groups signed the agreement: The New Mon State Party (NMSP) and the Lahu Democratic Union (LDU).

နိဒါန်း

ဖက်ဒရယ်စနစ်အား လူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်နေသည့် ဘာသာရေး သို့မဟုတ် လူမျိုးရေး ခွဲခြားမှုများကို ဖြေရှင်းရန် နည်းလမ်းတစ်ခု၊ ဖွံ့ဖြိုးမှု နိမ့်ကျနေခြင်းကို ကျော်လွှားနိုင်မည့် ဗျူဟာတစ်ခု၊ အာဏာရှင်စနစ် နှင့် အကြမ်းဖက်ဝါဒတို့သို့ နောက်ကြောင်းပြန်ခြင်းကို ကာကွယ်ရန် နည်းလမ်းတစ်ခုအဖြစ် လက်ခံယူဆလေ့ရှိကြသည်။

မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးစနစ်အတွင်း ဖက်ဒရယ်စနစ် အား မိတ်ဆက် ထည့်သွင်းရေးကို နိုင်ငံလွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်မတိုင်မီကတည်းက ဆွေးနွေးလာခဲ့ကြသည်။ မျှော်လင့်ချက် မြင့်မားစွာ ထားရှိသော်လည်း ဖက်ဒရယ်စနစ် နှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ ရှိနေခဲ့ပါသည်။



ဆွေးနွေးငြင်းခုံမှုများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAO) ၈ ဖွဲ့ နှင့် အစိုးရတို့အကြားတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် ပြန်လည်စတင်လာခဲ့သည်။ NCA အရ ဒီမိုကရေစီ အခွင့်အရေးများ၊ အမျိုးသား တန်းတူညီမျှရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် နိုင်ငံတော်အချုပ်အခြာအာဏာတို့ကို အာမခံထားသည့် "ပြည်ထောင်စု" တစ်ခု တည်ထောင်ရန် သတ်မှတ်ထားသည်။[၁]

[၁] မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားအစည်းအရုံး /ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်–ဦမိုးချမ်းရေးကောင်စီ (KNU/KNLA – PC)၊ ပအိုးဝ်အမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့သည် စာချုပ်တွင် လက်မှတ်ထိုးရန် သဘောတူညီခဲ့ကြသည်။ စာချုပ်ပါ စာသားများကို http:/www.mmpeacemonitor.org/images/2015/oct/nca%20contract%20eng.pdf တွင် ဖတ်ရှုနိုင်သည်။ ၂၀၁၈ ခုနှစ်တွင် နောက်ထပ်အဖွဲ့ ၂ ဖွဲ့ – မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့မှ လက်မှတ်ရေးထိုးခဲ့ကြသည်။

The NCA seeks a compromise by mentioning self-determination while claiming at the same time that sovereignty, i.e. ultimate decision-making power, only rests with the union as a whole. Furthermore, the type of federation is not defined in the NCA. The appropriate design and implementation of a federal system have therefore been the main topics at the recent 21st century Panglong conferences. Ethnic armed groups expect self-determination and ownership of "their" part of the state, while the military wants to preserve the current centralized system with constitutionally protected veto powers for itself.

Self-determination

The meaning of "self-determination" is ambiguous and highly contested in constitutional and international law. The conflicting definitions and legal criteria for determining which groups may legitimately claim the right to self-determination makes the concept vague and highly disputed. Historically, self-determination was a reaction by subordinated or disenfranchised nationalities to imperialism and colonialism.

The UN Charter of 1945 states that its purpose is: "to develop friendly relations among nations based on respect for the principle of equal rights and self-determination of peoples", that "all peoples have the right of self-determination. By virtue of that right they freely determine their political status and freely pursue their economic, social and cultural development," and that everyone has the right to a nationality and that no one should be arbitrarily deprived of a nationality or denied the right to change nationality.

Sovereignty

In a legal sense sovereignty has 2 meanings. In international law it refers to the independence and equality of states and their ability to govern themselves. In constitutional law sovereignty refers to the ability of governing a society through the means of laws and other relevant decisions; in a democracy one assumes, that the sovereign is the people and that all decisions are based directly or indirectly on the will of the people.

NCA တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ပြထားစဉ် တစ်ချိန်တည်းတွင် အချုပ်အခြာအာဏာကိုလည်း ပြဋ္ဌာန်းထားခြင်းဖြင့် အလယ်အလတ်လမ်းစဉ်တစ်ခုကို ဖော်ဆောင်ရန် ရည်ရွယ်သည်။ ဆိုလိုသည်မှာ အဆုံးစွန်ဖြစ်သော ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ပိုင်ခွင့်အာဏာသည် ပြည်ထောင်စုတွင်သာရှိသည်။ ထို့ပြင် NCA တွင် ဖက်ဒရေးရှင်းအမျိုးအစားကိုလည်း သတ်မှတ်ဖော်ပြထားခြင်းမရှိပေ။ သို့ဖြစ်၍ ဖက်ဒရယ်စနစ်တစ်ခုကို သင့်လျော်စွာ ပုံစံရေးဆွဲအကောင်အထည် ဖော်ရေးသည် လတ်တလော ကျင်းပသည့် ၂၁ ရာစု ပင်လုံညီလာခံများ၏ အဓိက ခေါင်းစဉ်များ ဖြစ်နေခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် "ယင်းတို့၏" ပြည်နယ် အစိတ်အပိုင်း ပိုင်ဆိုင်ခွင့်ကို မျှော်မှန်းကြပြီး တပ်မတော်ကမူ ယင်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗီတိုအာဏာများ ကာကွယ်ပြဋ္ဌာန်းပေးထားသည့် လက်ရှိ ဗဟိုမှချုပ်ကိုင်သည့်စနစ်ကို ဆက်လက်ထားရှိလိုသည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

"ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ၏ ဆိုလိုရင်းကို အဓိပ္ပာယ်တစ်ခုထက်မက ဖွင့်ဆိုနိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် နိုင်ငံတကာဥပဒေများတွင် ၄င်း၏ အဓိပ္ပာယ်နှင့်ပတ်သက်၍ အငြင်းပွားမှုများစွာရှိကြသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့်အုပ်စုများက တရားဝင် တောင်းဆိုနိုင်ကြောင်း အဆုံးအဖြတ်ပေးသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်များ နှင့် ဥပဒေရေးရာ စံချိန်စံနှုန်းများသည် တစ်ခုနှင့်တစ်ခု ကွဲလွဲမှုများရှိနေသောကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အယူအဆသည် တိကျရေရာမှုမရှိဘဲ များစွာ အငြင်းပွားရလေ့ရှိသည်။ သမိုင်းကြောင်း အားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ပဒေသရာဇ်စနစ် နှင့် နယ်ချဲ့စနစ်တို့အပေါ် လက်အောက်ခံသို့မဟုတ် ဆန္ဒမဲပေးခွင့်မရှိသည့် လူမျိုးစုများ၏ တုန့်ပြန်မှုတစ်ရပ်ဖြစ်ခဲ့ပါသည်။

၁၉၄၅ ခုနှစ် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်တွင် ၄င်း၏ ရည်ရွယ်ချက်မှာ "ပြည်သူများ၏ တန်းတူအခွင့်အရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခြေခံသဘောတရားအား လေးစားလိုက်နာမှုအပေါ် အခြေခံကာ နိုင်ငံများ အကြား ရင်းနှီးသည့် ဆက်ဆံရေးများ ဖော်ဆောင်ရန်" ဖြစ်သည်ဟု ဖော်ပြထားပြီး "လူတိုင်းတွင် မိမိကြိမ်မာ မိမိဖန်တီးနိုင်ခွင့်ရှိသည်။ ထိုအခွင့်ရှိသည့် အလျောက် ၄င်းတို့သည် မိမိ၏ နိုင်ငံရေး ရပ်တည်ချက်ကို လွတ်လပ်စွာ ချမှတ်ထားနိုင်ပြီး ၄င်းတို့၏ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိသည်" ဟု ဖော်ပြထားကာ "လူတိုင်း နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားဖြစ်ပိုင် ခွင့်ရှိပြီး မည်သူ့ကိုမျှ ၄င်း၏ နိုင်ငံသားဖြစ်မှုမှ ကြောင်းကျိုးမဲ့ ပစ်ပယ်ခွင့်မရှိစေရ။ ထိုသူ၏ နိုင်ငံသားအဖြစ် ပြောင်းလဲခွင့်ကိုလည်း ငြင်းပယ်ခြင်းမရှိစေရ။" ဟု ဖော်ပြထားပါသည်။

အချုပ်အာဏာပိုင်ဆိုင်မှု

ဥပဒေရေးရာ ရှုထောင့်မှကြည့်ရှုလျှင် အချုပ်အခြာအာဏာပိုင်ဆိုင်မှုတွင် အဓိပ္ပာယ် ၂ မျိုးရှိပါသည်။ နိုင်ငံတကာဥပဒေတွင် အချုပ်အခြာအာဏာပိုင်ဆိုင်မှုဆိုသည်မှာ နိုင်ငံများ၏ သီးခြားလွတ်လပ်မှု၊ တန်းတူညီမျှမှု နှင့် ၄င်းတို့ကိုယ်၄င်းတို့ အုပ်ချုပ်နိုင်မှုကို ရည်ညွှန်းသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အချုပ်အခြာ အာဏာပိုင်ဆိုင်မှုသည် ဥပဒေ နှင့် အခြားဆီလျော်သည့် ဆုံးဖြတ်ချက်များမှတစ်ဆင့် ပြည်သူလူထုတစ်ရပ်အား အုပ်ချုပ်နိုင်မှုကို ဆိုလိုသည်။ ဒီမိုကရေစီနိုင်ငံများတွင် အချုပ်အခြာအာဏာသည် ပြည်သူလူထု၏ လက်ဝယ်တွင်ရှိပြီး ဆုံးဖြတ်ချက်အားလုံးတို့အား တိုက်ရိုက်ဖြစ်စေ တိုက်ရိုက်မဟုတ်ဘဲဖြစ်စေ ပြည်သူလူထု၏ ဆန္ဒအပေါ် အခြေခံ၍ ချမှတ်သည်။

Secession

Self-determination may embody nothing more than to have a right that their position is taken into account. In a maximalist reading "self-determination" implies a right of each nation to have a state of its own, including the right to secede. Secession in this context refers to the unilateral separation of one territory of a state in order to form a new state, often as a result of claims by ethnic groups to have their own nation states. Under international law unilateral secession is only allowed in exceptional circumstances such as in the case of genocide or substantial or long term human rights abuses.

The meaning of federalism remains contested, with uncertainty over terms, about its applicability to Myanmar, and the process of how to get to a federal democracy. Federalism is not just about constitutional wording, but about the actual operation of government. Some formal federations exist such as Malaysia, Pakistan, Russia, and Venezuela, where the government in the center exercises, at times, extensive autocratic powers. While some accuse these states of faking federalism, others fear that federalism opens the door for secession. For others, federalism is mainly an organizational principle, which allows territorial units to take charge of regional policies and to make decisions in areas that affect them directly. Some authors see federalism as the main tool of conflict resolution. They argue that one of the major sources of conflict in Myanmar has been the (non-)recognition and demand for self-determination of different ethnic groups. Federalism can therefore provide an opportunity to exercise self-determination, while at the same time preserving the union of Myanmar. But this raises a host of issues – for example, which collective "self" is entitled to self-determination and what does self-determination imply? What is the incentive for the Bamar population to support federalism and decentralization?


ခွဲထွက်ခြင်း

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုရာတွင် ၄င်းတို့၏ ရပ်တည်ချက်အား အသိအမှတ်ပြုခံရသည့် အခွင့်အရေးထက် မပိုဘဲ ရှိနိုင်သည်။ အစွန်းရောက် ဝါဒီတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုအရ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ဆိုသည်မှာ လူမျိုးစုတစ်စုချင်းစီတွင် ခွဲထွက်ခွင့်အပါအဝင် ၄င်းတို့၏ ကိုယ်ပိုင် နိုင်ငံတစ်နိုင်ငံပိုင်ဆိုင်ခွင့်ကို ဆိုလိုသည်။ ဤအချက်အရ ခွဲထွက်ခြင်းဆိုသည်မှာ အများအားဖြင့် ကိုယ်ပိုင် လူမျိုးစုနိုင်ငံများ ထူထောင်ရန် တိုင်းရင်းသားအုပ်စုများထံမှ အရေးဆိုမှုများကြောင့် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းမှ နယ်မြေဒေသတစ်ခုအား နိုင်ငံသစ်တစ်ခု ထူထောင်ရေးအတွက် တစ်ဖက်သတ် ခွဲထုတ်ခြင်းကို ရည်ညွှန်းသည်။ နိုင်ငံတကာ ဥပဒေများတွင် တစ်ဖက်သတ် ခွဲထွက်ခွင့်အား လူမျိုးတုန်းသတ်ဖြတ်ခြင်း သို့မဟုတ် လူ့အခွင့်အရေး အများအပြားချိုးဖောက်ခြင်း သို့မဟုတ် ကာလရှည်ကြာ လူ့အခွင့်အရေးချိုးဖောက်ခြင်း တို့ကဲ့သို့သော ခြွင်းချက်အခြေအနေများတွင်သာ ခွင့်ပြုသည်။

ဖက်ဒရယ်စနစ်၏ အဓိပ္ပာယ်အပေါ် အငြင်းပွားမှုများရှိနေပြီး ဝေါဟာရများ၊ ဖက်ဒရယ်စနစ်အား မြန်မာနိုင်ငံတွင် အသုံးချနိုင်မှု နှင့် ဖက်ဒရယ် ဒီမိုကရေစီစနစ်တစ်ခုကို မည်သို့ဖော်ဆောင်မည်ဟူသော လုပ်ငန်းစဉ်တို့ နှင့်စပ်လျဉ်း၍ မရေရာမှုများ ရှိနေပါသည်။ ဖက်ဒရယ်စနစ် ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စကားလုံး အသုံးအနှုန်းများ ရွေးချယ်ပြဋ္ဌာန်းခြင်းသာမကဘဲ အစိုးရ၏ အမှန်တကယ် လုပ်ငန်းလည်ပတ်မှုနှင့် သက်ဆိုင်ပါသည်။ မလေးရှား၊ ပါကစ္စတန်၊ ရုရှား နှင့် ဗင်နီဇွဲလား တို့ကဲ့သို့သော တရား၀င် ဖက်ဒရယ်ရေးရှင်းအချို့တွင် ဗဟိုအစိုးရ သည် တစ်ခါတစ်ရံတွင် ကျယ်ပြန့်သည့် အာဏာရှင်ဆန်သည့် လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးကြသည်။ အချို့က အဆိုပါနိုင်ငံများသည် ဖက်ဒရယ်စနစ်ကို အတုအယောင်ပြု ကျင့်သုံးနေသည်ဟု စွပ်စွဲကြပြီး အချို့ကမူ ဖက်ဒရယ်စနစ်သည် ခွဲထွက်ရေးအတွက် လမ်းစများ ပေါ်ပေါက်စေမည်ကို စိုးရွံ့ကြသည်။ အခြားသူများ အတွက်မူ ဖက်ဒရယ်စနစ်သည် အဓိကအားဖြင့် နယ်နိမိတ်ဒေသအလိုက် ယူနစ်များအား ဒေသဆိုင်ရာ မူဝါဒများကို တာဝန်ယူဆောင်ရွက်နိုင်စေပြီး ယင်းတို့အပေါ် တိုက်ရိုက်အကျိုး သက်ရောက်သည့် နယ်ပယ်များတွင် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေသည့် အဖွဲ့အစည်းဆိုင်ရာ အခြေခံသဘောတရားတစ်ရပ် ဖြစ်သည်။ အချို့သော စာရေးသူများက ဖက်ဒရယ်စနစ် အား ပဋိပက္ခဖြေရှင်းမှုအတွက် အဓိက ကိရိယာ အဖြစ် ရှုမြင်ကြသည်။ ယင်းတို့က မြန်မာနိုင်ငံရှိ ပဋိပက္ခများ၏ အဓိက အရင်းအမြစ်များအနက် တစ်ခုမှာ စုံလင်ကွဲပြားသော တိုင်းရင်းသားအုပ်စုများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် တောင်းဆိုခြင်းနှင့် ယင်းကို အသိအမှတ် (မပြုခြင်း) ဖြစ်သည်ဟု ဆိုကြသည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်သည် မြန်မာနိုင်ငံ၏ ပြည်ထောင်စုကို မပြိုကွဲစေရန် ထိန်းသိမ်းထားစဉ်တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးနိုင်မည့် အခွင့်အလမ်းတစ်ရပ် ဖော်ဆောင်ပေးနိုင်သည်။ သို့ရာတွင် ယင်းသို့ဆိုရာ၌ ပြဿနာများစွာ ပေါ်ပေါက်လာသည် – ဥပမာအားဖြင့် မည်သည့် အစုအဖွဲ့တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ မည်သည်ကို ဆိုလိုပါသနည်း။ ဗမာလူမျိုးများအနေဖြင့် ဖက်ဒရယ်စနစ် နှင့် ဗဟိုချုပ်ကိုင်မှု လျော့ချရေးတို့ကို ထောက်ခံအားပေးလာစေရန် မည်သို့ မက်လုံးပေး ဆွဲဆောင်မည်နည်း။

There are thus many debates about how Myanmar could become a federation. Some argue that the 2008 Constitution already provides for federal elements, and if implemented properly, might lay the foundation of a functional federation. The 2008 Constitution divides the exercise of state power between different branches of government and lists the Union, Regions, States and Self-Administered Areas sharing these powers.

Among the quasi-federal provisions of the 2008 Constitution are the following:



1. "Art. 11 (a) The three branches of sovereign power namely, legislative power, executive power and judicial power are separated, to the extent possible, and exert reciprocal control, check and balance among themselves. (b) The three branches of sovereign power, so separated are shared among the Union, Regions, States and Self-Administered Areas.

2. "Art. 12 (a) The legislative power of the Union is shared among the Pyidaungsu Hluttaw, Region Hluttaws and State Hluttaws. Legislative power stipulated by this Constitution shall be shared to the Self-Administered Areas."

3. "Art 17 (a) The executive power of the Union is shared among the Union, Regions and States; Self-Administrative power shall be shared between Self-Administered Areas as prescribed by this Constitution."

4. "Art 199. (a) The Executive Head of the Union is the President. (b) (i) The executive power of the Union is distributed among the Union, Regions and States. (ii) Self-Administered power is distributed among Self-Administered Areas as prescribed by the Constitution."

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဖက်ဒရေးရှင်းတစ်ခု မည်သို့ဖြစ်လာနိုင်ကြောင်း နှင့်စပ်လျဉ်း၍ ဆွေးနွေး ငြင်းခုံမှုများစွာ ရှိကြသည်။ အချို့က ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဖက်ဒရယ်စနစ်အတွက် အခြေခံအစိတ်အပိုင်းများကို ပြဋ္ဌာန်း ပေးပြီးဖြစ်ကာ ယင်းကို ကောင်းစွာ အကောင်အထည်ဖော်ပါက လက်တွေ့ လည်ပတ် နိုင်သည့် ဖက်ဒရေးရှင်းတစ်ခုအတွက် အခြေခံအုတ်မြစ်တစ်ခု ချမှတ်နိုင်မည်ဟူ၍ ဆိုကြသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာ များအား အစိုးရဌာန အမျိုးမျိုးအကြား ပိုင်းခြားပြဋ္ဌာန်းထားပြီး အဆိုပါ လုပ်ပိုင်ခွင့် အာဏာများ မျှဝေရရှိသည့် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များ နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုများကို စာရင်းပြုစုဖော်ပြထားသည်။


၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ တစ်စိတ်တစ်ပိုင်း ဖက်ဒရယ် ပြဋ္ဌာန်းချက်အချို့ အနက် အောက်ပါတို့ ပါဝင်ပါသည်။

၁။ "ပုဒ်မ ၁၁ (က) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာ နှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း နှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်း ခြင်းတို့ပြုသည်၊ (ခ) ထိုသို့ပိုင်းခြားထားသည့် အာဏာ သုံး ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ခွဲဝေအပ်နှင်းသည်။"

၂။ "ပုဒ်မ ၁၂ (က) နိုင်ငံတော်၏ ဥပဒေပြုရေး အာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး လွှတ် တော် နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ဤဖွဲ့စည်းပုံအခြေခံ ဥပ ဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်း သည်။"


၃။ "ပုဒ်မ ၁၇ (က) နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီး နှင့် ပြည်နယ် များအား ခွဲဝေ အပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ကိုယ်ပိုင် အုပ်ချုပ်ရေးအာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ် မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းသည်။"

၄။ "ပုဒ်မ ၁၉၉ (က) နိုင်ငံတော်အုပ်ချုပ်ရေး အကြီး အကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊ (ခ) (၁) နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု တိုင်းဒေသကြီး နှင့် ပြည်နယ်များအား ခွဲဝေ အပ်နှင်းသည်၊ (၂) ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်း သည်။"



While the 2008 Constitution contains these quasi-federal features, it was mainly written to ensure the continued role of the military in politics. Myanmar's 2008 Constitution limits the operation of a federal system in key areas:

STRUCTURE OF GOVERNANCE IN MYANMAR




1. the term of the State/Region assemblies coincides with that of the union parliament, whileseparate term regulations would stimulate a national voting behavior separate from the one in the units;

2. the term of the Chief Ministers is the same as that of the President, whom they are responsible to;

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဆိုပါ တစ်စိတ်တစ်ပိုင်း ဖက်ဒရယ်အသွင် လက္ခဏာများ ပါဝင်သော်လည်း အဓိကအားဖြင့် ယင်းကို ရေးဆွဲခဲ့ခြင်းမှာ မြန်မာ့ နိုင်ငံရေးတွင် တပ်မတော်၏ အခန်းကဏ္ဍ ဆက်လက်ပါဝင်နိုင်စေရန်အတွက် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အဓိက နယ်ပယ်များတွင် ဖက်ဒရယ်စနစ်တစ်ခု လည်ပတ်ဆောင်ရွက်ရေးအပေါ် အကန့်အသတ် ဖြစ်စေသည်။

STRUCTURE OF GOVERNANCE IN MYANMAR



၁။ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်တို့၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်း နှင့် တူညီနေပြီး ရွေးကောက်ပွဲများ/သက်တမ်းများကို သီးခြားစီ ပြဋ္ဌာန်းသတ်မှတ်ထားပါက ပြည်ထောင်စုလွှတ်တော် နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များအတွက် ကွဲပြားသည့် ဆန္ဒမဲပေးပုံများ နှင့် ပါတီစနစ်များ ဖွံ့ဖြိုးလာစေမည်ဖြစ်သည်။

၂။ ဝန်ကြီးချုပ်များ၏ သက်တမ်းသည် ယင်းတို့ကို တာဝန်ပေးအပ်သည့် နိုင်ငံတော်သမ္မတ၏ သက်တမ်းနှင့် အတူတူပင်ဖြစ်သည်။

3. the President has the power to dismiss Chief Ministers and to select candidates for the post of Chief Minister from among State/Region Assembly members;

4. there are no specific requirements for States/ Regions to approve constitutional amendments that affect them.;

5. institutions of government at the State/Region level are strictly set, preventing true autonomy and self-determination;

6. there is a clear lack of independent roles for the States and Regions. Most of their decision-making power is shared with the Union, and doesn't allow for self-rule that is essential for a federal system to work;

7. Myanmar language is set as the only official language.

Many federalists argue that in order for Myanmar to have a functioning federal system, major constitutional changes are required, which would allow States and Regions to self-govern, and take part in the decisions of the central government institutions in Nay Pyi Taw. There are people who suggest that so many changes to the 2008 Constitution are necessary that a new one must be written.

It is because of these differences of opinion that we have decided to write this publication on "Understanding Federalism". Our aim is to show examples of how other federations have been set up, the pros and cons of their models, and offer some ideas to Myanmar as the country moves to a more stable democratic federation.

In order to do this, we have looked at different aspects of federalism. Each section in this publication is structured in a similar way. It opens with some key questions for consideration, and it closes with a discussion on the relevance of the discussed issues for Myanmar.

၃။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်များအား တာဝန်မှ ရပ်စဲနိုင်ပြီး ဝန်ကြီးချုပ်ရာထူးအတွက် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များအနက်မှ ရွေးချယ်တင်မြှောက်နိုင်သည်။

၄။ ပြည်နယ်/တိုင်းဒေသကြီးများသည် ယင်းတို့အပေါ် သက်ရောက်မှုရှိသည့် အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များကို ခွင့်ပြုရန်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပေ။

၅။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ အစိုးရအင်စတီကျူးရှင်းများအား တင်းကျပ်စွာ ဖွဲ့စည်းထား သောကြောင့် စစ်မှန်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့မရှိပေ။

၆။ ပြည်နယ်များ နှင့် တိုင်းဒေသကြီးများအတွက် သီးခြားလွတ်လပ်သည့် အခန်းကဏ္ဍများ မရှိကြောင်း ရှင်းလင်းစွာပင် တွေ့မြင်နိုင်သည်။ ယင်းတို့၏ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ပိုင်ခွင့်အာဏာ အများစုကို ပြည်ထောင်စုနှင့် မျှဝေပေးအပ်ထားခြင်းဖြစ်ပြီး ဖက်ဒရယ်စနစ်တစ်ခု လည်ပတ်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးအပ်ထားခြင်းမရှိပေ။

၇။ မြန်မာဘာသာစကားသည်သာ တစ်ခုတည်းသော ရုံးသုံးဘာသာစကား ဖြစ်သည်။

ဖက်ဒရယ်ဝါဒီများစွာတို့က မြန်မာနိုင်ငံတွင် လက်တွေ့လည်ပတ်နိုင်သည့် ဖက်ဒရယ်စနစ်တစ်ခု ပေါ်ပေါက် လာစေရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများ အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိနိုင်စေပြီး နေပြည်တော်ရှိ ဗဟိုအစိုးရ အင်စတီကျူးရှင်းများ၏ ဆုံးဖြတ်ချက်များတွင် ပါဝင်နိုင်စေမည့် အရေးကြီးသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်သည်ဟု ဆိုကြသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြောင်းလဲရမည်များ အလွန်များပြား လွန်းသောကြောင့် အခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲရန် လိုအပ်သည်ဟု အဆိုပြုသူများ လည်း ရှိကြသည်။

ထိုသို့သော ကွဲပြားသည့် အမြင်များရှိနေခြင်းကြောင့် ကျွန်ုပ်တို့အနေဖြင့် ဤ "ဖက်ဒရယ်စနစ် အား နားလည်သဘောပေါက်ခြင်း" စာတမ်းကို ရေးသားပြုစုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ အခြားသော ဖက်ဒရေးရှင်း များအား မည်သို့ ဖွဲ့စည်းတည်ထောင်ထားကြောင်း၊ ယင်းတို့၏ ပုံစံများ၏ အားသာချက်များ နှင့် အားနည်းချက်များကို သာဓကများ ပြသရန် နှင့် မြန်မာနိုင်ငံ အနေဖြင့် ပိုမိုတည်ငြိမ်သည့် ဒီမိုကရက်တစ် ဖက်ဒရေးရှင်းတစ်ခုအဖြစ်သို့ ကူးပြောင်းလာစဉ်တွင် အကြဉာဏ်အချို့ ပေးအပ်ရန် ဖြစ်ပါသည်။

ယင်းသို့လုပ်ဆောင်ရန်အတွက် ကျွန်ုပ်တို့အနေဖြင့် ဖက်ဒရယ်စနစ်၏ မတူကွဲပြား သော ရူထောင့်များကို ကြည့်ရှုခဲ့ပါသည်။ ဤစာတမ်းအတွင်းရှိ အခန်းတစ်ခုချင်းစီအား တူညီသည့် ပုံစံတစ်မျိုးတည်းဖြင့် စီစဉ် ထားရှိပါသည်။ အခန်းများအား စဉ်းစားရမည့် အဓိကမေးခွန်းအချို့နှင့်စတင်ထားပြီး ဆွေးနွေးခဲ့သည့် ကိစ္စရပ်များ၏ မြန်မာနိုင်ငံ အတွက် ဆီလျော်မှုတို့ကို ဆွေးနွေးကာ နိဂုံးချုပ်ထားပါသည်။

In between, we have tried to bring together academic debates on federalism, support our discussion with relevant case studies, and demonstrate the complex – yet also flexible – nature that is inherent in any form of federal government. Our aim is not, and has never been, to promote federalism, or a specific type of federation for Myanmar. The Myanmar people need to find their own solutions for their country and their problems. What Myanmar needs is not German or Swiss style federalism, but Myanmar style federalism. What this looks like is up to the Myanmar people and their leaders. The following pages are designed to feed into the debate on this topic and provide some technical support. This publication will provide, so to say, some "food for thought".

Questions for Consideration

1. What is federalism and how is it different from other forms of territorial autonomy?
2. What is the difference between decentralisation and federalism?
3. What do all federations have in common and where do they differ?

Questions for Myanmar

1. Is Myanmar a federal country according to the 2008 Constitution?
2. Which elements of the 2008 Constitution are federal, which are not?
3. Does Myanmar need a new Constitution or can the 2008 Constitution be revised in order to implement "genuine federal Union"?

ကြားတွင်မူ ဖက်ဒရယ်စနစ် အပေါ် အယူအဆပိုင်းဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများကို စုစည်းထားကာ၊ ကျွန်ုပ်တို့၏ ဆွေးနွေးမှုအား သက်ဆိုင်ရာ ဖြစ်စဉ်လေ့လာချက်များဖြင့် ထောက်ပံ့ထားပြီး မည်သည့် ဖက်ဒရယ်အစိုးရ ပုံစံတွင်မဆို တွဲဆက်ပါရှိသည့် ရှုပ်ထွေးသော်လည်း ပြောင်းလွယ်ပြင်လွယ်ရှိသည့် သဘောတရားကို ဖော်ပြ ထားပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် မြန်မာနိုင်ငံအတွက် ဖက်ဒရယ်စနစ်သို့မဟုတ် သတ်မှတ် ထားသည့် ဖက်ဒရေးရှင်းပုံစံတစ်ခုကို အားပေးရန်မဟုတ်သလို မည်သည့်အခါမျှလည်း ထိုသို့မဟုတ်ခဲ့ပေ။ မြန်မာနိုင်ငံ၏ ပြည်သူများအနေဖြင့် ယင်းတို့၏ နိုင်ငံ နှင့် ယင်းတို့၏ ပြဿနာများအတွက် ယင်းတို့၏ ကိုယ်ပိုင်ဖြေရှင်းမှု နည်းလမ်းများ ရှာဖွေရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် လိုအပ်နေသည်မှာ ဂျာမနီ သို့မဟုတ် ဆွစ်ဇာလန် ဖက်ဒရယ် ပုံစံမဟုတ်ဘဲ မြန်မာ့ဖက်ဒရယ်ပုံစံဖြစ်သည်။ အဆိုပါ ပုံစံသည် မည်သို့ဖြစ်မည်ဆိုခြင်းမှာ မြန်မာနိုင်ငံ၏ ပြည်သူများ နှင့် ယင်းတို့၏ ခေါင်းဆောင်များပေါ်တွင် မူတည် ပါသည်။ အောက်ပါ စာမျက်နှာများအား ဤခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးငြင်းခုံမှုများအတွင်း ထည့်သွင်းရန် နှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့အချို့ ပေးအပ်ရန် ပုံစံရေးဆွဲထားပါသည်။ ဆိုရမည်ဆိုပါက ဤစာတမ်းမှ "တွေးစရာ" အချို့ ရရှိစေမည်ဖြစ်သည်။

စဉ်းစားရမည့် မေးခွန်းများ

၁။ ဖက်ဒရယ်စနစ် ဆိုသည်မှာ မည်သည်ဖြစ်ပြီး ယင်းသည် အခြားသော နယ်နိမိတ်ဒေသဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့် ပုံစံများနှင့် မည်သို့ ကွဲပြားသနည်း။

၂။ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး နှင့် ဖက်ဒရယ်စနစ်တို့အကြား၌ ခြားနားချက်မှာ မည်သည်ဖြစ်သနည်း။

၃။ ဖက်ဒရေးရှင်းအားလုံးတွင် မည်သည့်အရာသည် တူညီမှုရှိပြီး ယင်းတို့သည် မည်သို့ ကွဲပြားခြားနားကြသနည်း။

မြန်မာနိုင်ငံအတွက် မေးခွန်းများ

၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံသည် ဖက်ဒရယ်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသလား။

၂။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မည်သည့် အစိတ်အပိုင်းများသည် ဖက်ဒရယ်ဖြစ်ပြီး မည်သည်တို့သည် ဖက်ဒရယ်မဟုတ်သနည်း။


၃။ "စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စု"ကိုအကောင်အထည်ဖော်ရန် မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ခု ရေးဆွဲရန် လိုအပ်ပါသလား သို့မဟုတ် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပင် ပြန်လည်ပြင်ဆင်မွမ်းမံနိုင်ပါသလား။

Federalism and other Forms of Autonomy

Federalism and other forms of autonomy aim to accommodate ethnic, linguistic, religious, and socio-economic diversity.

In some circumstances, this is to address strong regional identities. This is the case in Germany, but also in the United States, in Australia and in Austria. In other cases, linguistic and religious diversity is accommodated through federalism, as is the case in Canada and Belgium.

In some countries, ethnic differences based on religion, language, culture, and self-identification are at the heart of diversity that needs to be accommodated. This is the case in countries such as Ethiopia, India, Iraq, Nepal – and Myanmar. In these countries, the dominance of one group over others has often resulted in violent conflict.




ဖက်ဒရယ်စနစ်နှင့် အခြားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပုံစံများ

ဖက်ဒရယ်စနစ် နှင့် အခြားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပုံစံများသည် လူမျိုးစု၊ ဘာသာစကား၊ ဘာသာရေး နှင့် လူမှုစီးပွားရေးဆိုင်ရာ စုံလင်ကွဲပြားမှုများကို လိုက်လျောညီထွေ ချိန်ညှိနိုင်စေရန် ရည်ရွယ်ပါသည်။

အချို့ အခြေအနေများတွင် ယင်းသည် ဒေသအစွဲပြင်းထန်မှုများကို ဖြေရှင်းနိုင်သည်။ ဂျာမဏီနိုင်ငံတွင်သာမက အမေရိကန်ပြည်ထောင်စု၊ ဩစတြီးယား နှင့် ဩစတေးလျတို့တွင်လည်း ယင်းသို့ဖြစ်သည်။ ကနေဒါ နှင့် ဘယ်လ်ဂျီယံတို့တွင်ကဲ့သို့ အခြားသော ဖြစ်စဉ် များတွင် ဘာသာစကား နှင့် ဘာသာရေးဆိုင်ရာ ကွဲပြားမှုများအား ဖက်ဒရယ်စနစ် မှတဆင့် လိုက်လျောညီထွေ ပြင်ဆင်ချိန်ညှိပါသည်။

အချို့နိုင်ငံများတွင် ဘာသာရေး၊ ယဉ်ကျေးမှု နှင့် ကိုယ်ပိုင်ခံယူချက် လက္ခဏာတို့ပေါ်တွင်အခြေခံသည့် လူမျိုးရေးကွဲပြားမှုများသည် လိုက်လျောညီထွေ ချိန်ညှိရန် လိုအပ်သည့် အဓိက ကွဲပြားမှုများ ဖြစ်သည်။ ယင်းဖြစ်စဉ်ကို အီသီယိုးပီးယား၊ အိန္ဒိယ၊ အီရတ်၊ နီပေါ နှင့် မြန်မာနိုင်ငံတို့တွင် တွေ့နိုင်သည်။ အဆိုပါနိုင်ငံများတွင် အုပ်စုတစ်စုမှ ကျန်အုပ်စုများအပေါ် လွှမ်းမိုးမှုကြောင့် အကြမ်းဖက်ပဋိပက္ခများ ပေါ်ပေါက်လေ့ရှိတတ်သည်။



Assimilation:

Assimilation refers to the forced integration of one group into the majority group. This may include forced religious conversion, enforced teaching of the majority language and making elements of the minority group's culture such as language, religion and cultural traditions illegal by law.

Ethnic Cleansing:

ethnic cleansing is considered a war crime under international law and means the forceful removal of a group from their historical homeland. Usually this implies large scale deportations and an obvious use of large-scale violence, either by a state or a certain group. The aim of this removal is the homogenization of territory and the removal of minorities from a state's territory. If ethnic cleansing is combined with large-scale killings of members of a certain group with the intent to exterminate a group, then it becomes a case of genocide.

Federalism can be part of a wider peace-building and integration process. It can strengthen the sense of unity but also protect against forced assimilation or subordination under the dominant ethnic group. In countries with a history of religious or ethnic violence, federalism has been repeatedly suggested in order to stop forced assimilation, ethnic cleansing or even genocide. Federalism has been introduced as a way to stay together after a long history of inter-group conflict. This is the case for countries such as Ethiopia, Iraq and Nepal. Myanmar has faced many decades of civil war too. There have been periods of assimilation and of attempts of ethnic cleansing.

Federalism is a way to preserve, rather than destroy diversity. However, ethnic majorities often portray federalism as a start to discussions about secession and the dissolution of the state. Yet for ethnic minorities federalism is often seen as a way of achieving recognition and self-rule. This conflict between majority and minority (or minorities) is also visible in Myanmar.



Figure 1 below introduces different forms of accommodation that have been applied all over the world. In a very basic distinction, principles of territorial and non-territorial autonomy are highlighted.

Federalism **values diversity** by accommodating, preserving and promoting distinct identities within a union.

ဖက်ဒရယ်စနစ်သည် ပိုမိုကျယ်ပြန့်သည့် ငြိမ်းချမ်းရေးတည်ဆောက်မှု နှင့် ပေါင်းစည်းရေး လုပ်ငန်းစဉ်တစ်ခုတွင် အစိတ် အပိုင်းတစ်ရပ်အဖြစ် ပါဝင်နိုင်သည်။ ဖက်ဒရယ်စနစ်သည် ညီညွတ်မှုသဘောကို ခိုင်မာအားကောင်းစေနိုင်ပြီး အတင်း အကျပ် သိမ်းသွင်းမှုမှလည်း အကာအကွယ်ပေးနိုင်သည်။ ဘာသာရေး သို့မဟုတ် လူမျိုးရေး အကြမ်းဖက်မှု သမိုင်းကြောင်းရှိခဲ့သော နိုင်ငံများတွင် အတင်းအကျပ် သိမ်း သွင်းမှု၊ လူမျိုးစုသန့်စင်ရှင်းလင်းမှု သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်မှုတို့ကို ရပ်တန့် နိုင်ရန် ဖက်ဒရယ်စနစ်အား အဖန်တလဲလဲ အဆိုပြုခဲ့ကြပါသည်။ ဖက်ဒရယ်စနစ် အား အုပ်စုများအကြား ပဋိပက္ခဖြစ်ပွားခဲ့သည့် ရှည်လျားသော သမိုင်းကြောင်း တစ်ခု နောက်တွင် အတူတကွ နေထိုင်ရန် နည်းလမ်းတစ်ရပ်အဖြစ် မိတ်ဆက်ခဲ့ကြသည်။ ယင်းသည် အီသီယိုးပီးယား၊ အီရတ် နှင့် နီပေါကဲ့သို့သော နိုင်ငံများရှိဖြစ်စဉ်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ဆယ်စု နှစ်များစွာ ပြည်တွင်းစစ်နှင့် ရင်ဆိုင်လာခဲ့ရသည်။ သိမ်းသွင်းခြင်း နှင့် လူမျိုးစု သန့်စင်ရှင်းလင်းမှု လုပ်ဆောင်ရန် ကြိုးပမ်းမှုများ ရှိခဲ့ သောကာလများ ရှိခဲ့ပါသည်။

ဖက်ဒရယ်စနစ်သည် စုံလင်ကွဲပြားမှုကို ဖျက်ဆီးမည်မဟုတ်ဘဲ ယင်းကို ထိန်းသိမ်း ပေးမည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ သို့ရာတွင် တိုင်းရင်းသား လူများစု များသည် ဖက်ဒရယ်စနစ် အား ခွဲထွက်ရေး နှင့် နိုင်ငံပြိုကွဲမှုတို့ စတင်ပေါ်ပေါက်လာစေသည့် ဆွေးနွေးမှုများအဖြစ် သရုပ်ဖော်ပြောဆိုခဲ့ကြသည်။ သို့တိုင် တိုင်းရင်းသား လူနည်း စုများမှာမူ ဖက်ဒရယ်စနစ် အား အသိအမှတ်ပြုမှု နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ ရရှိ စေမည့် နည်းလမ်းတစ်ရပ်အဖြစ် ရှုမြင်လေ့ရှိကြသည်။ လူများစု နှင့် လူနည်းစု (သို့မဟုတ် လူနည်းစုများ) အကြားရှိ ပဋိပက္ခကိုလည်း မြန်မာနိုင်ငံတွင် တွေ့မြင် နိုင် ပါသည်။



အောက်တွင်ဖော်ပြထားသည့် ပုံ ၁ တွင် ကမ္ဘာအနှံ့တွင် အသုံးချခဲ့ပြီးသည့် လိုက်လျော ညီထွေ ချိန်ညှိမှု ပုံစံအမျိုးမျိုးကို မိတ်ဆက်ဖော်ပြထားပါသည်။ အလွန်အခြေခံကျသည့် ခွဲခြားဖော်ပြမှုတစ်ခုအတွင်း နယ်နိမိတ် ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် နယ်နိမိတ်ဒေသနှင့်မဆိုင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို ထောက်ပြထားပါသည်။

ဖက်ဒရယ်စနစ် သည် ပြည်ထောင်စုတစ်ခုအတွင်းရှိ ကွဲပြားသည့် ကိုယ်ပိုင် လက္ခဏာများကို လိုက်လျောညီထွေချိန်ညှိခြင်း၊ ထိန်းသိမ်းခြင်း၊ နှင့် အားပေး မြှင့်တင်ခြင်းတို့ဖြင့် **စုံလင်ကွဲပြားမှုကို တန်ဖိုးထား**ပါသည်။

တစ်သားတည်းဖြစ်စေခြင်း

တစ်သားတည်းဖြစ်စေခြင်းဆိုသည်မှာ အုပ်စု တစ်စုအား လူများစုအုပ်စုအတွင်းသို့ အတင်း အကြပ်သွတ်သွင်းခြင်းကို ရည်ညွှန်းသည်။ ၄င်းတွင် အတင်းအကြပ်ဘာသာ ပြောင်းစေခြင်း၊ လူများစု ဘာသာစကားကို အတင်းအကြပ် သင်ကြားစေခြင်း နှင့် လူနည်းစု၏ ယဉ်ကျေးမှု ဆိုင်ရာ အစိတ်အပိုင်းများ (ဥပမာ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ နှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ)အား ဥပဒေပြဋ္ဌာန်း၍ တားမြစ် ပိတ်ပင်ခြင်းတို့ပါဝင်နိုင်သည်။

လူမျိုးစုအလိုက် ရှင်းလင်းခြင်း

လူမျိုးစုအလိုက် ရှင်းလင်းခြင်းကို နိုင်ငံတကာ ဥပဒေများတွင် စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်ပြီး အုပ်စုတစ်စုအား ၄င်းတို့၏ သမိုင်းနှင့်ဆိုင်သော မွေးရပ်ဌာနေမှ အတင်းအကြပ် ဖယ်ရှားခြင်းဟု အဓိပ္ပာယ်ရသည်။ အများအားဖြင့်လူမျိုးစုအလိုက် ရှင်းလင်းခြင်းဆိုသည်မှာ အစိုးရတစ်ရပ်မှဖြစ်စေ အုပ်စုတစ်စုမှ ဖြစ်စေ လူအမြောက်အမြားတို့အား ပြည်နှင်ဒဏ်ပေးခြင်းများ နှင့် အကြီးစား အ ကြမ်းဖက်မှုများ သိသိသာသာ အသုံးပြုခြင်းကို ဆိုလိုသည်။ ဤသို့ ဖယ်ရှားရသည့် ရည်ရွယ် ချက်မှာ နယ်မြေဒေသတစ်ခုအား တစ်သား တည်းဖြစ်စေရန် နှင့် အစိုးရ၏ နယ်မြေဒေသ တစ်ခုအတွင်းမှ လူနည်းစုအုပ်စုများကို ဖယ်ရှား ရန်ဖြစ်သည်။ အကယ်၍ လူမျိုးစုအလိုက် ရှင်းလင်းခြင်းအား သက်ဆိုင်ရာ အုပ်စုတစ်စုကို သုတ်သင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါ အုပ်စုဝင်အမြောက်အမြားတို့ကိုသတ်ဖြတ်ခြင်းနှင့် အတူတကွ ကျူးလွန်ပါက ၄င်းသည် လူမျိုး တုန်းသတ်ဖြတ်ခြင်းဖြစ်သည်။

Within territorial autonomy, a distinction is made between federalism and decentralisation or devolution. Federations always allow for self-rule **and** shared rule in their constitutions.

Territorial autonomy refers to forms of accommodation which require territorial self-governance. It is designed to accommodate the specific needs of different groups who live in a certain territory and claim this territory as their homeland. In theory, it should preserve the territorial integrity of the state.

Federalism means the promotion of self-rule for territorial units in a union and shared rule between these units and the union institutions. This system is used in order to promote local democracy, allow for decision-making closer to the citizens, and to enhance checks and balances in a democratic system of government.

Decentralised systems might look similar to federal ones, but power is not necessarily shared. Instead the union institutions have decided to give some power to territorial units. The union can take this power back and often has a right to interfere in the roles of the territorial units. This does not happen in federal systems.


နယ်နိမိတ်ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွင်း ဖက်ဒရယ်စနစ် နှင့် ဗဟို ချုပ်ကိုင်မှုလျော့ချရေး သို့မဟုတ် အာဏာခွဲဝေပေးခြင်းတို့အကြား ခွဲခြားထား ပါသည်။ ဖက်ဒရေးရှင်းများသည် ယင်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအတွင်း ကိုယ်ပိုင်အုပ်ချုပ်မှု **နှင့်** မျှဝေအုပ်ချုပ်မှုတို့ကို အစဉ်အမြဲ ပြဋ္ဌာန်းထားပါသည်။

နယ်နိမိတ်ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုသည်မှာ နယ်နိမိတ်ဒေသဆိုင်ရာ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့် လိုအပ်သည့် လိုက်လျောညီထွေ ချိန်ညှိမှု ပုံစံများကို ရည်ညွှန်းပါသည်။ ယင်းအား သက်ဆိုင်ရာ နယ်နိမိတ်ဒေသတစ်ခုအတွင်းနေထိုင်ပြီး အဆိုပါ နယ်နိမိတ်ဒေသအား မိမိတို့၏ ဓာတ်မြေအဖြစ် ခံယူသည့် မတူကွဲပြားသော အုပ်စုများ၏ သက်ဆိုင်ရာ လိုအပ်ချက်များ နှင့် လိုက်လျောညီထွေ ချိန်ညှိရန် ပုံစံ ရေးဆွဲထားပါသည်။ သဘောတရားအရ ယင်းသည် နိုင်ငံတော်၏ နယ်နိမိတ်ဒေသ ပေါင်းစည်းမှုကို မပြိုကွဲစေရန် ထိန်းသိမ်းပေးသင့်ပါသည်။

ဖက်ဒရယ်စနစ် ဆိုသည်မှာ ပြည်ထောင်စုတစ်ခုအတွင်းရှိ နယ်နိမိတ်ဒေသအလိုက် ယူနစ်များအတွက် ကိုယ်ပိုင်အုပ်ချုပ်မှု နှင့် အဆိုပါယူနစ်များ နှင့် ပြည်ထောင်စုအင်စတီကျူးရှင်းများ အကြား မျှဝေအုပ်ချုပ်မှုတို့ကို အားပေးမြှင့်တင်ခြင်းဟု အဓိပ္ပာယ် သက်ရောက်ပါသည်။ ဒေသန္တရဒီမိုကရေစီကို အားပေးမြှင့်တင်ရန်၊ နိုင်ငံသားများနှင့်ပိုမိုနီးစပ်သည့် ဆုံးဖြတ်ချက်ချမှတ်နိုင်စေရန် နှင့် ဒီမိုကရေစီ အစိုးရစနစ်တစ်ခုအတွင်း အပြန်အလှန် ထိန်းကျောင်းမှုများကို မြှင့်တင်ရန်အတွက် ဤစနစ်ကို အသုံးပြုပါသည်။

ဗဟိုချုပ်ကိုင်မှုလျော့ချထားသည့် စနစ်များသည် ဖက်ဒရယ်စနစ်များနှင့် ဆင်တူ ယိုးမှားဖြစ်ဖွယ် ရှိသော်လည်း လုပ်ပိုင်ခွင့်အာဏာများအား မျှဝေထားခြင်း ရှိချင်မှရှိပေမည်။ ထို့အစား ပြည်ထောင်စု အင်စတီကျူးရှင်းများသည် နယ်နိမိတ် ဒေသအလိုက် ယူနစ်များထံသို့ လုပ်ပိုင်ခွင့်အာဏာအချို့ပေးအပ်ရန် ဆုံးဖြတ်ထား ခြင်းဖြစ်သည်။ ပြည်ထောင်စုသည် အဆိုပါ လုပ်ပိုင်ခွင့်အာဏာများကို ပြန်လည် ရုတ်သိမ်းရယူနိုင်ပြီး နယ်နိမိတ်ဒေသအလိုက် ယူနစ်များ၏ အခန်းကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ပိုင်ခွင့်ရှိသည်။ ဖက်ဒရယ်စနစ်များတွင် ယင်းကဲ့သို့ မရှိပေ။


Figure 1: Forms of Accommodation



Source: Anderson, Paul: The Limits of Territorial Autonomy in Liberal Democracies, PhD Thesis, Canterbury Christ Church University

Federalism "is basically not a descriptive but a normative term and refers to the advocacy of multi-tiered government combining elements of shared -rule and regional self-rule. It is based on the presumed value and validity of combining unity and diversity and of accommodating, preserving and promoting distinct identities within a larger political union. The essence of federalism as a normative principle is the perpetuation of both union and non-centralization at the same time.

ပုံ ၁ – လိုက်လျောညီထွေ ချိန်ညှိမှုပုံစံများ



ရည်ညွှန်း – Anderson, Paul – လစ်ဘရယ်ဒီမိုကရေစီများရှိ နယ်နိမိတ်ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၏ အကန့်အသတ်များ၊ PhD စာတမ်း။ Canterbury Christ Church University

ဖက်ဒရယ်စနစ်သည် "အခြေခံအားဖြင့် သရုပ်သဏ္ဌာန်ဆိုင်ရာ ဝေါဟာရတစ်ခု မဟုတ်ဘဲ စံသတ်မှတ်ချက်ဆိုင်ရာ ဝေါဟာရတစ်ခုဖြစ်ပြီး မျှဝေအုပ်ချုပ်မှု နှင့် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အစိတ်အပိုင်းများ ပေါင်းစပ်ထားသည့် အဆင့်များစွာ ပါဝင်သော အစိုးရစနစ်ကို အားပေးထောက်ခံမှု အား ရည်ညွှန်းပါသည်။ ယင်းကို ညီညွတ်မှု နှင့် စုံလင်ကွဲပြားမှုတို့အား ပေါင်းစပ်မှု နှင့် ပိုမိုကြီးမားသည့် နိုင်ငံရေးဆိုင်ရာ ပြည်ထောင်စုတစ်ခုအတွင်းရှိ ကွဲပြားသည့် ကိုယ်ပိုင်လက္ခဏာများအား လိုက်လျောညီထွေချိန်ညှိခြင်း၊ ထိန်းသိမ်းခြင်း နှင့် အားပေးမြှင့်တင်ခြင်းတို့နှင့်သက်ဆိုင်သော မှတ်ယူထားသည့် စံတန်ဖိုး နှင့် ဆီလျော်မှု တို့တွင် အခြေခံထားသည်။ စံသတ်မှတ်ချက်ဆိုင်ရာ အခြေခံသဘောတရားတစ်ရပ်အဖြစ် ဖက်ဒရယ်စနစ်၏အနှစ်သာရသည် ပြည်ထောင်စုနှင့် ဗဟိုချုပ်ကိုင်မှုမရှိရေးတို့အား တစ်ပြိုင်နက် ထိန်းသိမ်းထားရေး ဖြစ်သည်။"

Federalism's two major components—self-rule and shared rule—make it different from decentralisation.

Self-rule refers to the autonomy of units (in the case of Myanmar these are States and Regions), while shared rule refers to the participation of these units in the decisions of the central government institutions (in Myanmar, these are the Union institutions).

This is usually done through parliamentary representation, participation in constitutional amendments and meetings of governors (Chief Ministers) with the central government. This ensures that the voices of the states/regions are heard and taken into account when union-level decisions are being made. Hence, federalism refers to the promotion of a political system, in which territorial units enjoy the right to make decisions in certain policy areas (such as education) and have control over their own finances. At the same time, there are certain roles reserved for the central government. In order to ensure that the units are involved in the decisions of the union, the units are represented in the second chamber of the union parliament and have to agree to important decisions of the union.

ဖက်ဒရယ်စနစ် ၏ အဓိက အစိတ်အပိုင်းနှစ်ရပ်ဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်မှု နှင့် မျှဝေအုပ်ချုပ်မှုတို့သည် ယင်းအား ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ကွဲပြားစေသည်။

ကိုယ်ပိုင်အုပ်ချုပ်မှုဆိုသည်မှာ ယူနစ်များ (မြန်မာ နိုင်ငံတွင် ပြည်နယ် နှင့် တိုင်းဒေသကြီးများ) ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရည်ညွှန်းပြီး ပြည်ထောင်စုတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအားလုံးရှိမနေခြင်းဟု အဓိပ္ပာယ်ရသည်။ ယင်းကို တစ်ခါတစ်ရံတွင် ဗဟိုချုပ်ကိုင်မှု မရှိရေး အခြေခံသဘောတရားဟုလည်း ခေါ်သည်။ မျှဝေအုပ်ချုပ်မှု ဆိုသည်မှာမူ ဗဟိုအစိုးရ အင်စတီကျူးရှင်းများ (မြန်မာနိုင်ငံတွင် ပြည်ထောင်စု အင်စတီကျူးရှင်းများ) ၏ ဆုံးဖြတ်ချက်များအတွင်း အဆိုပါ ယူနစ်များ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို ရည်ညွှန်းပါသည်။

ယင်းအား အများအားဖြင့် လွှတ်တော်တွင်း ကိုယ်စားပြုပါဝင်ခြင်း၊ အဆိုပါ ယူနစ်များ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရည်ညွှန်းပါသည်။အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုများ နှင့် ဗဟိုအစိုးရ နှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများ (ဝန်ကြီးချုပ်များ) ၏ အစည်းအဝေးများတွင် ပါဝင်ခြင်းတို့မှတစ်ဆင့် ဆောင်ရွက်လေ့ရှိပါသည်။ ယင်းသို့ လုပ်ဆောင်ခြင်းသည် ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်နယ်များ/တိုင်းဒေသကြီးများမှ ပြောကြားချက်များကို နားထောင်ပြီး ထည့်သွင်းစဉ်းစားကြောင်း သေချာစေပါသည်။ သို့ဖြင့် ဖက်ဒရယ်စနစ် ဆိုသည်မှာ နယ်နိမိတ်ဒေသအလိုက် ယူနစ်များအနေဖြင့် သက်ဆိုင်ရာ မူဝါဒနယ်ပယ်များ (ဥပမာ ပညာရေး) အတွင်း ဆုံးဖြတ်ချက်များချမှတ်ပိုင်ခွင့် နှင့် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာ ငွေများအပေါ် ထိန်းချုပ်ပိုင်ခွင့်တို့ ရရှိသည့် နိုင်ငံရေးစနစ်တစ်ခုကို အားပေး မြှင့်တင်ခြင်းကို ရည်ညွှန်းပါသည်။ တစ်ချိန်တည်းတွင် ဗဟိုအစိုးရ အတွက်လည်း အခန်းကဏ္ဍအချို့ကို ချန်လှပ်ထားရှိပါသည်။ ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက် များအတွင်း ယူနစ်များ ပါဝင်ကြောင်း သေချာစေရေးအတွက် ယူနစ်များအား ပြည်ထောင်စု လွှတ်တော်၏ အထက်လွှတ်တော်တွင် ကိုယ်စားပြု ပါဝင်စေပြီး ပြည်ထောင်စု၏ အရေးကြီးသော ဆုံးဖြတ်ချက်များတွင် ယင်းတို့၏ သဘောတူညီချက် ရယူပါသည်။

If federalism is applied and protected in a country's constitution, then a federation exists. This is defined as follows:

A federation is a state where autonomous units with their own governing powers are part of a larger union. A union constitution ensures the states' autonomy and their ability to legislate, govern and tax their citizens. Federations are characterized by a constitutional division of competences between the units and the union. In federations, the citizens elect their leaders at the unit and the union level.

A federation is a country, in which the units have constitutionally guaranteed decision-making powers, can implement certain decisions independently from the union and have their own access to financial resources. Moreover, in a federation, both the union government and the unit governments are democratically elected and are accountable to the citizens. In this system, states can be controlled by a party different from the party in control of the union government.

နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုအတွင်း ဖက်ဒရယ်စနစ်အား အသုံးပြုပြီး ထိန်းသိမ်းကာကွယ်ထားပါက ၄င်းသည် ဖက်ဒရေးရှင်းတစ်ခုဖြစ်ပါသည်။ ယင်းကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည် –

ဖက်ဒရေးရှင်းတစ်ခုဆိုသည်မှာ ပိုမိုကြီးမားသည့် ပြည်ထောင်စုတစ်ခု၏ အစိတ်အပိုင်းအဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာများဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရယူနစ်များ ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပြည်ထောင်စုတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် ဥပဒေပြဋ္ဌာန်းခွင့်၊ အုပ်ချုပ်ခွင့် နှင့် နိုင်ငံသားများအပေါ် အခွန်ကောက်ခံခွင့်တို့ကို သေချာစေသည်။ ဖက်ဒရေးရှင်းများတွင် ယူနစ်များ နှင့် ပြည်ထောင်စုတို့အကြားရှိ လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိုင်းခြားသတ်မှတ်ထားသည့် သွင်ပြင်လက္ခဏာများရှိပါသည်။ ဖက်ဒရေးရှင်းများတွင် နိုင်ငံသားများသည် ယူနစ် နှင့် ပြည်ထောင်စုအဆင့်တို့အတွက် ယင်းတို့၏ ခေါင်းဆောင်များကို ရွေးချယ်တင်မြှောက်ပါသည်။

ဖက်ဒရေးရှင်းတစ်ခုဆိုသည်မှာ ယူနစ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံထားသည့် ဆုံးဖြတ်ချက် ချမှတ်နိုင်သော အာဏာများရှိပြီး အချို့သော ဆုံးဖြတ် ချက်များအား ဗဟိုအပေါ်အမှီမပြုဘဲ သီးခြားလွတ်လပ်စွာ အကောင်အထည် ဖော်နိုင်ကာ ဘဏ္ဍာရေးအရင်းအမြစ်များကို ယင်းတို့ကိုယ်ပိုင်အသုံးချနိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ထို့ပြင် ဖက်ဒရေးရှင်းတစ်ခုတွင် ပြည်ထောင်စုအစိုးရ နှင့် ယူနစ် အစိုးရများအား ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ပြီး ယင်းတို့သည် နိုင်ငံသားများအတွက် တာဝန်ခံရပါသည်။ ဤစနစ်တွင် ပြည်ထောင်စုအစိုးရအား ထိန်းချုပ်သည့် ပါတီမဟုတ်သည့် အခြားပါတီတစ်ခုသည် ပြည်နယ်များအား ထိန်းချုပ်နိုင်ပါသည်။

Case Study

Nepal



Nepal, like Myanmar, has had a long history of conflict. The Preamble of the 2015 Constitution demonstrates why federalism was introduced and how it links to democracy and the country's history:

It starts with a reference to the people as the source of all power:

We, the people of Nepal, in exercise of the sovereign powers inherent in us, Embracing the sovereign right of the people and the right to autonomy and self-rule, by maintaining Nepal's independence, sovereignty, geographical integrity, national unity, freedom and dignity,

ဖြစ်စဉ်လေ့လာချက်

နီပေါ



နီပေါနိုင်ငံသည်လည်း မြန်မာနိုင်ငံကဲ့သို့ပင် ရှည်လျားသည့် ပဋိပက္ခသမိုင်းကြောင်းတစ်ခု ရှိခဲ့ပါသည်။ ၂၀၁၅ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်းတွင် အဘယ့်ကြောင့် ဖက်ဒရယ်စနစ်အား မိတ်ဆက်ထည့်သွင်းခဲ့ကြောင်း နှင့် ယင်းသည် ဒီမိုကရေစီ နှင့် နိုင်ငံ၏ သမိုင်းကြောင်းတို့အား မည်သို့ချိတ်ဆက်ပေးကြောင်း ဖော်ပြထားပါသည် –

ယင်းတွင် ပြည်သူများအား လုပ်ပိုင်ခွင့်အာဏာအားလုံး၏ အရင်းအမြစ်အဖြစ် ရည်ညွှန်းဖော်ပြထားခြင်းနှင့် စတင်ထားပါသည် –

နီပေါပြည်သူများဖြစ်ကြသော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပင်ကိုယ် အချုပ်အခြာအာဏာများကို အသုံးချ ရာတွင်၊ ပြည်သူများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု အခွင့်အရေး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် ကိုယ်ပိုင်အုပ်ချုပ်မှုတို့အတွက် အခွင့်အရေးများကို လက်ခံကာ နီပေါ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု၊ နယ်နိမိတ်မပြိုကွဲရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ လွတ်လပ်မှု နှင့် ဂုဏ်သိက္ခာတို့ကို ထိန်းသိမ်းခြင်းဖြင့်

And continues with a reference to the country's history:

Remembering the glorious history of historical peoples' movements and armed struggles time and again and the sacrifice made by people for national interest, democracy, progressive change, and recognizing the martyrs, the disappeared citizens and the victims, Ending all forms of discriminations and oppression created by the feudal, autocratic, centralized and unitary system,

It continues with an appraisal of multi-ethnic society and solidarity:

Embracing multi-caste, multi-lingual, multi-cultural and diverse geographical specificities, by ending discriminations relating to class, caste, region, language, religion and gender discrimination including all forms of racial untouchability, in order to protect and promote unity in diversity, social and cultural solidarity, tolerance and harmonious attitudes, we also express our determination to create an egalitarian society on the basis of the principles of proportional inclusion and participation, to ensure equitable economy, prosperity and social justice,

It then explains why this constitution was written:

Expressing commitment to create the bases of socialism by adopting democratic norms and values, including peoples' competitive multi-party democratic governance system, civil liberty, fundamental rights, human rights, adult franchise, periodic elections, complete press freedom and an independent, impartial and competent judiciary, and the concept of rule of law,

It concludes with a vision for the future state:

NOW THEREFORE, in order to fulfill the aspirations for perpetual peace, good governance, development and prosperity through the medium of federal democratic republican system of governance, hereby promulgate this Constitution through the Constituent Assembly.

ထို့နောက်တွင် နိုင်ငံ၏ သမိုင်းကြောင်းကို ဆက်လက်ဖော်ပြသည် –

အကြိမ်ကြိမ်ဖြစ်ပွားပေါ်ပေါက်ခဲ့သော ပြည်သူများ၏ သမိုင်းဝင် လှုပ်ရှားမှုများ နှင့် လက်နက်ကိုင် ပဋိပက္ခများ၏ ခမ်းနားသည့် သမိုင်းကြောင်း၊ နှင့် အမျိုးသားအကျိုးစီးပွား၊ ဒီမိုကရေစီ၊ တိုးတက်ပြောင်းလဲရေးတို့အတွက် ပြည်သူများ၏ စွန့်လွှတ်အနစ်နာခံခဲ့မှုများကို အောက်မေ့သတိရကာ အာဇာနည် ပုဂ္ဂိုလ်များ၊ ပျောက်ကွယ်သွားခဲ့သည့် နိုင်ငံသားများ နှင့် ဓားစာခံများကို အသိအမှတ်ပြု၍ ပဒေသရာဇ်၊ သက်ဦးဆံပိုင်၊ ဗဟိုမှချုပ်ကိုင်သော တစ်ပြည်ထောင်စနစ်ကြောင့် ပေါ်ပေါက်ခဲ့သည့် ခွဲခြားဆက်ဆံမှုများ နှင့် ဖိနှိပ်မှု ပုံစံများအားလုံးကို အဆုံးသတ်ခြင်း

ဆက်လက်၍ လူမျိုးစုများစွာ ပါဝင်သော လူမှုအဖွဲ့အစည်းနှင့် စည်းလုံးညီညွတ်မှုတို့ကို အကဲဖြတ်ဖော်ပြထားသည် –

စုံလင်ကွဲပြားမှု၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ စည်းလုံးညီညွတ်မှု၊ သည်းခံနားလည်မှု နှင့် သဟဇာတ ဖြစ်သော ရပ်တည်မှုတို့တွင် ပေါင်းစည်းညီညွတ်မှုကို အကာအကွယ်ပေးရန် နှင့် အားပေးမြှင့်တင်ရန် အဆင့်အတန်း၊ ဇာတ်အနိမ့်အမြင့်၊ ဒေသ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု နှင့် ကျား/မ ခွဲခြားဆက်ဆံမှုတို့နှင့်ဆက်စပ်နေသော ခွဲခြားဆက်ဆံမှုအားလုံးကို အဆုံးသတ်ခြင်းဖြင့်၊ ဇာတ်အနိမ့်အမြင့်မျိုးစုံ၊ ဘာသာစကားမျိုးစုံ၊ ယဉ်ကျေးမှုမျိုးစုံ နှင့် ကွဲပြားသော ပထဝီအနေအထားအလိုက် ထူးခြားမှုများကို လက်ခံကာ တန်းတူညီမျှသော စီးပွားရေး၊ ကြွယ်ဝမှု နှင့် လူမှုရေးဆိုင်ရာ မျှတမှုတို့ကို သေချာစေရန် အချိုးညီမျှစွာ အားလုံးပါဝင်ရေး နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အခြေခံသဘောတရားများကို အခြေခံကာ သာတူညီမျှ ရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖန်တီးတည်ဆောက်လိုသော ကျွန်ုပ်တို့၏ စိတ်ပိုင်းဖြတ်မှုကိုလည်း ထုတ်ဖော်တင်ပြပါသည်။

ထို့နောက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးသားရသည့် အကြောင်းအရင်းကို ဖော်ပြထားသည် –

ပြည်သူများ၏ ယှဉ်ပြိုင်နိုင်သော ပါတီစုံဒီမိုကရေစီအုပ်ချုပ်မှုစနစ်၊ ပြည်သူများ၏ လွတ်လပ်မှု၊ အခြေခံအခွင့်အရေးများ၊ လူ့အခွင့်အရေးများ၊ အရွယ်ရောက်ပြီးသူများအတွက် ခွင့်ပြုချက်များ၊ ကာလအပိုင်းအခြားအလိုက် ပုံမှန်ကျင်းပနေကျ ရွေးကောက်ပွဲများ၊ စာနယ်ဇင်းမီဒီယာများအတွက် အပြည့်အဝ လွတ်လပ်ခွင့် နှင့် လွတ်လပ်ပြီး ဘက်မလိုက်သော အရည်အသွေးပြည့်ဝသော တရားစီရင်ရေး နှင့် တရားဥပဒေစိုးမိုးရေး အယူအဆတို့ အပါအဝင် ဒီမိုကရေစီ စံနှုန်းများ နှင့် တန်ဖိုးများကို ကျင့်သုံးခြင်းဖြင့် ဆိုရှယ်လစ်စနစ်၏ အခြေခံများကို ဖန်တီးတည်ဆောင်ရန် ကတိကဝတ်ကို ဖော်ပြခြင်း

ယင်းအား အနာဂတ်နိုင်ငံတော်အတွက် မျှော်မှန်းချက်တစ်ခုကို ဖော်ပြကာ နိဂုံးချုပ်ထားပါသည် –

သို့ဖြစ်၍ ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတအုပ်ချုပ်ရေးစနစ်မှတစ်ဆင့် အစဉ်တည်တံ့သော ငြိမ်းချမ်းရေး၊ ကောင်းမွန်သော အုပ်ချုပ်မှု၊ ဖွံ့ဖြိုးရေး နှင့် ကြွယ်ဝမှုတို့အတွက် မျှော်မှန်းချက်များ ပြည့်ဝလာစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းရေးအဖွဲ့မှတစ်ဆင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ထုတ်ပြန်ကြေညာလိုက်သည်။

What distinguishes a federation from a decentralised or a devolved union are two key features: constitutional protections and shared rule.



Decentralization

- Some autonomy for units, but often limited
- No shared-rule elements, i.e. no representation of the Units in the 2nd Chamber at Union level
- Decentralization, including the British version of Devolution is usually not constitutionally protected in the same way federalism is, which means that the autonomy of the units can be abolished without their agreement.

In most decentralised unions, certain units also enjoy a degree of autonomy, which may or may not be protected by the constitution. In contrast, in a federal system the distribution of powers and the commitment to federalism as a principle is clearly outlined and protected in the constitution. Decentralization can have many meanings: In some instances it refers to administrative decentralization which means that units in a state have some freedom in the implementation of laws but they have no right to take autonomous decisions. This form of decentralization can be found in most countries in the world. Political decentralization on the other side refers to states which give their units decision making and taxing autonomy, without necessarily protecting this constitutionally or ensuring shared-rule. A specific case of political decentralization can be found in the United Kingdom and is referred to devolution, which gives some autonomy to Scotland, Wales and Northern Ireland. They have their own parliaments and governments that can make decisions in certain areas, but it does not allow Scotland, Wales or Northern Ireland to be represented as territorial units in the second chamber of the UK Parliament.

ဖက်ဒရေးရှင်းတစ်ခုအား ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော (သို့) အာဏာ ခွဲဝေပေးထားသော ပြည်ထောင်စုတစ်ခုနှင့် ကွဲပြားစေသည့်အရာမှာ – ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အကာအကွယ်များ နှင့် မျှဝေအုပ်ချုပ်မှု တို့ဟူသော အဓိကကျသည့် လက္ခဏာနှစ်ရပ်ဖြစ်သည်။

ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ပြည်ထောင်စု အများစုတွင် သက်ဆိုင်ရာ ယူနစ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတိုင်း အတာတစ်ခုအထိ ရရှိကြပြီး ယင်းအခွင့်အရေးများအား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးထားခြင်း ရှိနိုင်ပြီး အကာအကွယ် မပေးထားသည်လည်း ရှိနိုင်သည်။ အခြားတစ်ဖက်တွင် ဖက်ဒရယ်စနစ်တစ်ခုတွင် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေခြင်း နှင့် ဖက်ဒရယ်စနစ်အား အခြေခံမူတစ်ခုအဖြစ် ရည်သန်ဆောင်ရွက်ခြင်းတို့အား ဖွဲ့စည်းပုံ အခြေခံဥပဒေ အတွင်း ရှင်းလင်းစွာ ဖော်ပြထားပြီး အကာအကွယ်ပေးထားသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးတွင် အဓိပ္ပာယ်များစွာ ရှိနိုင်ပါသည် – အချို့သောဖြစ်စဉ်များတွင် ယင်းသည် အုပ်ချုပ်ရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးကို ရည်ညွှန်းပြီး နိုင်ငံတစ်နိုင်ငံအတွင်းရှိ ယူနစ်များအနေဖြင့် ဥပဒေများ အကောင်အထည်ဖော်ရာတွင် လွတ်လပ်မှုအချို့ရှိသော်လည်း ကိုယ်ပိုင်အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့် အခွင့်အရေး မရှိဟုဆိုလိုသည်။ ဤဗဟိုချုပ်ကိုင်မှုလျှော့ချရေးပုံစံကို ကမ္ဘာ့နိုင်ငံအများစုတွင် တွေ့နိုင် သည်။ အခြားတစ်ဖက်တွင် နိုင်ငံရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးသည် ယူနစ်များအား ဆုံးဖြတ်ချက် ချမှတ်ခြင်း နှင့် အခွန်ကောက်ခံခြင်းဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်ပေးထားပြီး ယင်းကို အခြေခံဥပဒေအရ အကာအကွယ်ပေးထားခြင်း သို့မဟုတ် မျှဝေအုပ်ချုပ်မှုကို သေချာစေခြင်းရှိရုန် မရေရာသည့် နိုင်ငံများကို ရည်ညွှန်းသည်။ နိုင်ငံရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ဖြစ်စဉ်တစ်ခုကို ယူနိုက်တက်ကင်းဒမ်းတွင် တွေ့နိုင်ပြီး ယင်းကို အာဏာခွဲဝေပေးခြင်းအဖြစ် ရည်ညွှန်းဖော်ပြကြပြီး စကော့တလန်၊ ဝေလ နှင့် အိုင်ယာလန် မြောက်ပိုင်းတို့ထံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အချို့ ပေးအပ်ခဲ့သည်။ ယင်းနိုင်ငံများတွင် အချို့သော နယ်ပယ် များ၌ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့် ကိုယ်ပိုင်ပါလီမန်များ နှင့် အစိုးရများ ရှိကြသော်လည်း စကော့တလန်၊ ဝေလ နှင့် အိုင်ယာလန်မြောက်ပိုင်းတို့သည် ယူကေအထက်လွှတ်တော်တွင် နယ်နိမိတ်ဒေသအလိုက် ယူနစ်များအဖြစ် ကိုယ်စားပြုခွင့် မရှိပေ။



ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း

- ယူနစ်များအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အချို့ ပေးသော်လည်း အကန့်အသတ်နှင့်သာ ပေးအပ်ထားလေ့ရှိသည်။
- မျှဝေအုပ်ချုပ်သည့် အစိတ်အပိုင်း တစ်စုံတစ်ရာ ပါဝင်လေ့ မရှိပေ။ ဆိုလိုသည်မှာ – ပြည်ထောင်စု အဆင့် ရှိ အထက်လွှတ်တော်တွင် ယူနစ်များ ကိုယ်စားပြုပါဝင်ခြင်းမရှိပေ။
- ဗြိတိသျှပုံစံအာဏာခွဲဝေပေးမှု အပါအဝင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းအား ဖက်ဒရယ်စနစ်ကဲ့သို့ အခြေခံဥပဒေဖြင့် အကာအကွယ်ပေးထားခြင်းမရှိသဖြင့် ယူနစ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ၎င်းတို့၏ သဘောတူညီချက်မပါဝင်ဘဲ ပယ်ဖျက်နိုင်သည်ဟု အဓိပ္ပာယ်သက်ရောက်သည်။

However, they are represented in the first chamber, called the House of Commons, which is elected based on population. In federations, however, units are represented at the union level. This is usually done by electing representatives from each state to the union level parliament. In Germany, for example, the governments of the units (called Länder) send representatives to the second chamber and they have to vote in the interests of the Länder. In the United States, representatives are directly elected to both houses of parliament (called Congress in the US). In the upper house, or Senate, each state gets the same number of seats--2. In some federations, such as Bosnia and Herzegovina, the representatives of the union parliament are elected by the units' parliaments. The second chambers of union parliaments play an important role in federalism. They can influence the policies of the union government and bring the voice of their constituents to the national level. This is particularly important when some states represent ethnic, religious or linguistic minorities.

Federalism and decentralisation are two forms to ensure that certain groups enjoy autonomy in the territory where they live, or territorial autonomy. They have autonomy for the territory, which includes a unit-level parliament, government, and in some cases also a unit-level court system. However, only federalism ensures that units are also represented in the central institutions of a union, that the units have their own constitutions, basic laws, charters or statutes, and that the units cannot be reshaped or dissolved without the consent of the affected people.

သို့ရာတွင် လူဦးရေပေါ်မူတည်၍ ရွေးကောက်တင်မြှောက်သည့် House of Commons ဟုခေါ်သော အောက်လွှတ်တော်တွင်မူ ကိုယ်စားပြုပါဝင်ပါသည်။ ဖက်ဒရေးရှင်းများတွင်မူ ယူနစ်များသည် ပြည်ထောင်စုအဆင့်တွင် ကိုယ်စားပြုပါဝင်ပါသည်။ ယင်းအား ပြည်နယ်တစ်ခုချင်းစီမှ ကိုယ်စားလှယ်များကို ပြည်ထောင်စုအဆင့် လွှတ်တော်သို့ရွေးကောက်တင်မြှောက်ခြင်းဖြင့် လုပ်ဆောင်ပါသည်။ ဥပမာအားဖြင့် ဂျာမနီတွင် (Länder ဟုခေါ်သည့်) ယူနစ်များ၏ အစိုးရများသည် အထက်လွှတ်တော်သို့ ကိုယ်စားလှယ်များ ပေးပို့ကာ ယင်းကိုယ်စားလှယ်များသည် Länder ၏ အကျိုးစီးပွားများအတွက် မဲပေးရသည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုယ်စားလှယ်များအား (US တွင် ကွန်ဂရက်လွှတ်တော်ဟုခေါ်သည့်) ပါလီမန် နှစ်ရပ်စလုံးသို့ တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ အထက်လွှတ်တော်သို့မဟုတ် ဆီးနိတ်လွှတ်တော်တွင် ပြည်နယ်တစ်ခုချင်းစီသည် အမတ်နေရာများကို အရေအတွက် တူညီစွာ ၂ နေရာစီ ရရှိကြသည်။ ဘော့စနီးယား နှင့် ဟာဇီဂိုဗီနားကဲ့သို့သော အချို့ဖက်ဒရေးရှင်းများတွင် ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ်များအား ယူနစ်များ၏ လွှတ်တော်များမှ ရွေးကောက်တင်မြှောက်သည်။ ပြည်ထောင်စုလွှတ်တော်များ၏ အထက်လွှတ်တော်များသည် ဖက်ဒရယ်စနစ်တွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြသည်။ ယင်းတို့သည် ပြည်ထောင်စုအစိုးရ၏ မူဝါဒများအပေါ် သြဇာလွှမ်းမိုးနိုင်ပြီး ယင်းတို့၏ မဲဆန္ဒနယ်များမှ ပြောကြားလိုသည်များကို နိုင်ငံတော်အဆင့်သို့ တင်ပြကြသည်။ အချို့သော ပြည်နယ်များသည် လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဘာသာစကားဆိုင်ရာ လူနည်းစုများကို ကိုယ်စားပြုလျှင် ယင်းသည် အထူးအရေးကြီးပါသည်။

ဖက်ဒရယ်စနစ် နှင့် ဗဟိုချုပ်ကိုင်မှုလျော့ချရေးတို့သည် သက်ဆိုင်ရာ အုပ်စုများအနေဖြင့် ယင်းတို့နေထိုင်ကြသည့် နယ်မြေဒေသများအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိနိုင်စေရန် သေချာစေသည့် နည်းလမ်းနှစ်ရပ် ဖြစ်ကြပြီး ၄င်းကို နယ်နိမိတ်ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဟု ခေါ်ပါသည်။ ယင်းတို့တွင် ယူနစ်အဆင့် လွှတ်တော်တစ်ရပ်၊ အစိုးရတစ်ရပ် နှင့် အချို့ဖြစ်စဉ်များတွင် ယူနစ်အဆင့် တရားစီရင်ရေးစနစ်တစ်ရပ်တို့ ပါဝင်သည့် နယ်မြေဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသည်။ သို့ရာတွင် ဖက်ဒရယ်စနစ်သည်သာလျှင် ပြည်ထောင်စုတစ်ခု၏ ဗဟိုအင်စတီကျူးရှင်းများတွင် ယူနစ်များကိုလည်း ကိုယ်စားပြုကြောင်း၊ ယူနစ်များတွင် ယင်းတို့၏ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ အခြေခံ ဥပဒေများ၊ ပဋိညာဉ်များ သို့မဟုတ် ဥပဒေများရှိကြောင်း နှင့် အကျိုးသက်ရောက်ခံရမည့် ပြည်သူများ၏ ဆန္ဒမပါဝင်ဘဲ ယူနစ်များအား ပြန်လည် ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း မပြုနိုင်ကြောင်း သေချာစေပါသည်။

	Federalism	Decentralisation	Myanmar Union system
Provision of autonomy / self-government for units (states/regions)	YES	YES	YES but very limited
Participation of unit in union government	YES, through second chambers	NO	Only indirectly through second chamber which can be overruled
Constitutional Protection	YES	NO	YES
Union government can overrule unit government	NO, except when unit government does not conform with Constitution	YES on specific matters	YES
Autonomy can be limited / taken away	Not without consultation and agreement from units	YES, without agreement from units	YES
Constitutional Courts / Supreme Courts protect the autonomy of units	YES	NO	NO
Fiscal autonomy for units (either to raise their own taxes or through union government grants)	YES	Possible but not always	Very limited (see Schedule 5 of 2008 Constitution)
Units are consulted / can influence constitutional changes	YES	NO	NO

	ဖက်ဒရယ်စနစ်	ဗဟိုချုပ်ကိုင်မှုလျှော့ချရေး	မြန်မာနိုင်ငံ၏ ပြည်ထောင်စု စနစ်
ယူနစ်များ (ပြည်နယ်များ/ တိုင်းဒေသကြီးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်/ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပေးအပ် ပြဋ္ဌာန်းထားခြင်း	ပြဋ္ဌာန်းထားပါသည်	ပြဋ္ဌာန်းထားပါသည်	ပြဋ္ဌာန်းထားပါသည် သို့ရာတွင် အနည်းငယ်မျှသာ ရှိပါသည်။
ပြည်ထောင်စုအစိုးရတွင် ယူနစ်များ၏ ပါဝင်မှု	အထက်လွှတ်တော်များ မှတစ်ဆင့်ပါဝင်နိုင်ပါသည်။	မပါဝင်ပါ	အမျိုးသားလွှတ်တော် မှတစ်ဆင့်သာ သွယ်ဝိုက်၍ ပါဝင်နိုင်ပြီး ယင်းကို ပယ်ဖျက်နိုင်ပါသည်။
ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးခြင်း	အကာအကွယ်ပေးထား ပါသည်။	အကာအကွယ်ပေးထားခြင်း မရှိပါ။	အကာအကွယ် ပေးထားပါသည်။
ယူနစ်အစိုးရများအား ပြည်ထောင်စုအစိုးရမှ ပယ်ဖျက်နိုင်မှု	ယူနစ်အစိုးရမှ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လိုက်နာ ကျင့်သုံးခြင်းမရှိစဉ်မှလွဲလျှင် ပယ်ဖျက်နိုင်မှုမရှိပါ။	သတ်မှတ်ထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပယ်ဖျက်နိုင်ပါသည်။	ပယ်ဖျက်နိုင်ပါသည်။
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကန့်သတ်/ဖယ်ရှားခြင်း	ယူနစ်များနှင့် ဆွေးနွေး တိုင်ပင်၍ သဘောတူညီမှု မရှိဘဲ ကန့်သတ်/ဖယ်ရှား ခြင်းမပြုနိုင်ပါ။	ယူနစ်များထံမှ သဘော တူညီချက် မရှိဘဲ ကန့်သတ်/ ဖယ်ရှားနိုင်သည်။	ကန့်သတ်/ဖယ်ရှား နိုင်ပါသည်။
ယူနစ်များ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်အား ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများ/ နိုင်ငံတော် တရားရုံးချုပ်မှ အကာ အကွယ်ပေးခြင်း	ရှိပါသည်။	မရှိပါ။	မရှိပါ။
(ကိုယ်ပိုင်အခွန်များ ကောက်ခံရန်ဖြစ်စေ ပြည်ထောင်စုအစိုးရ ထောက်ပံ့ငွေများမှတဆင့် ဖြစ်စေ) ယူနစ်များအတွက် ငွေကြေးဆိုင်ရာ ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်	ရှိပါသည်။	ဖြစ်နိုင်ပါသည်၊ သို့သော် အမြဲမဟုတ်ပါ။	အနည်းငယ်မျှသာ ရှိပါသည် (၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ ဇယား ၅ ကို ကြည့်ရှုပါ)။
ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ပြောင်းလဲပြင်ဆင် ချက်များအတွက် ယူနစ် များအား တိုင်ပင်ခြင်း/ ယူနစ်များ၏ သြဇာ သက်ရောက်မှုရှိခြင်း	ရှိပါသည်	မရှိပါ	မရှိပါ

Non-territorial autonomy

Non-territorial autonomy refers to the provision of certain rights for groups who do not live concentrated in one territory, when certain groups are either too small to have their "own" territorial unit in a federal system, when groups live dispersed across a country, or when members of a group, which has its own territorial unit, also live outside of this unit in another part of the country. Non-territorial autonomy usually refers to the provision of cultural rights to groups independently of where they live. This can be the right to use their own language, religious freedom and the right to enjoy their own culture and identity (for example by allowing them to celebrate their own national/cultural holidays).

Personal autonomy (or non-territorial autonomy) in practice means associations and assemblies of ethnic groups, independent of a distinct territory. The assemblies are given financial powers of their own, i.e., each ethnic group would be entitled to raise taxes on its members, or the state would allocate a proportion of its overall budget to each of them. The ethnic associations are subject to the general legislation, but in their own areas of responsibility, for example cultural affairs, they exercise some autonomy. Legislation on "personal autonomy" for ethnic minorities currently exists in Estonia, Hungary, Latvia, Lithuania, Russia, and Ukraine.

နယ်နိမိတ်ဒေသနှင့်မဆိုင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်

နယ်နိမိတ်ဒေသနှင့်မဆိုင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုသည်မှာ သက်ဆိုင်ရာ အုပ်စုများသည် ဖက်ဒရယ် စနစ်တစ်ခုအတွင်း ယင်းတို့၏ "ကိုယ်ပိုင်" နယ်မြေဒေသဆိုင်ရာ ယူနစ်တစ်ခုရှိရန် အလွန်သေးငယ်လွန်းသည့်အခါ၊ နိုင်ငံတစ်ဝှမ်းတွင် ပျံ့နှံ့နေထိုင်သည့်အခါ၊ သို့မဟုတ် ကိုယ်ပိုင်နယ်မြေဒေသဆိုင်ရာ ယူနစ် တစ်ခုရှိသည့် အုပ်စုတစ်စု၏ အဖွဲ့ဝင်များသည် အဆိုပါ ယူနစ်ပြင်ပရှိ နိုင်ငံ၏ အခြား အစိတ်အပိုင်းများတွင်လည်း နေထိုင်သည့်အခါ နယ်မြေဒေသတစ်ခုအတွင်း စုစည်းနေထိုင်ခြင်းမရှိသည့် အုပ်စုများအတွက် အချို့သော အခွင့်အရေးများ ပေးအပ်ခြင်းကို ဆိုလိုသည်။ နယ်နိမိတ်ဒေသနှင့်မဆိုင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဆိုသည်မှာ အများအားဖြင့် နေထိုင်သည့်နေရာပေါ်တွင် မူတည်ခြင်းမရှိဘဲ အုပ်စုများထံသို့ ယဉ်ကျေးမှုအစဉ်အလာဆိုင်ရာ အခွင့်အရေးများ ပေးအပ်ခြင်းကို ရည်ညွှန်းပါသည်။ ယင်းသည် ကိုယ်ပိုင်ဘာသာစကား အသုံးပြုခွင့်၊ ဘာသာရေးအရ လွတ်လပ်စွာ ကိုးကွယ်ခွင့် နှင့် မိမိတို့၏ ယဉ်ကျေးမှု နှင့် ကိုယ်ပိုင်လက္ခဏာတို့ကို ကျင့်သုံးခွင့် (ဥပမာအားဖြင့် ယင်းတို့၏ ကိုယ်ပိုင် အမျိုးသား/ယဉ်ကျေးမှုဆိုင်ရာ အားလပ်ရက်များ ကျင်းပခွင့်ပြုခြင်း) တို့ဖြစ်နိုင်ပါသည်။

ပုဂ္ဂလဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (သို့မဟုတ် နယ်နိမိတ်ဒေသနှင့်မဆိုင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်) သည် လက်တွေ့အားဖြင့် သီးခြားနယ်မြေဒေသတစ်ခုအပေါ် မူတည်ခြင်းမရှိဘဲ တိုင်းရင်းသားအုပ်စုများ၏ ဆက်နွယ်မှုများ နှင့် အုပ်စုများကို ဆိုလိုသည်။ အုပ်စုများအား ယင်းတို့၏ ကိုယ်ပိုင်ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာများ ပေးအပ်သည်၊ ဆိုလိုသည်မှာ သက်ဆိုင်ရာ တိုင်းရင်းသားအုပ်စု တစ်စုချင်းစီသည် ယင်း၏ အဖွဲ့ဝင်များအပေါ် အခွန်များ ကောက်ခံခွင့် ရရှိမည် သို့မဟုတ် နိုင်ငံတော်သည် ယင်း၏ စုစုပေါင်း ဘက်ဂျက်၏ အစိတ်အပိုင်းတစ်ခုကို အဆိုပါ အုပ်စုတစ်စုချင်းစီအတွက် သတ်မှတ်ပေးအပ်မည်ဖြစ်သည်။ တိုင်းရင်းသား အုပ်စုများသည် အထွေထွေ ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာရသော်လည်း ယင်းတို့ တာဝန်ယူသည့် ကိုယ်ပိုင်နယ်ပယ်များ ဥပမာ ယဉ်ကျေးမှုရေးရာတွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့် ကျင့်သုံးကြသည်။ တိုင်းရင်းသား လူနည်းစုများအတွက် "ပုဂ္ဂလဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်" အပေါ် ဥပဒေပြဋ္ဌာန်းချက်များသည် လက်ရှိတွင် အက်စတိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယား၊ လစ်သူယေးနီးယား၊ ရုရှား နှင့် ယူကရိန်းတို့တွင် ရှိကြပါသည်။

Non-territorial autonomy is important, because people move around and disperse. In Myanmar, groups like the Shan people live in large numbers outside of Shan state, while other groups such as the Wa, the Pa-O, and the Palaung live in Shan state. Non-territorial autonomy could be a means to ensure that the Shan living outside of Shan state and the non-Shan groups in Shan state can protect and celebrate their identity and cultural traditions. This could be done by allowing Shan language to be an official language in those areas outside of Shan state, which are heavily populated by Shan, and by ensuring that the Wa, the Pa-O, the Palaung and other groups in Shan state can also use their language, practice their religion and celebrate their culture.



ပြည်သူများသည် ရွေ့ပြောင်းသွားလာကာ ပျံ့နှံ့နေထိုင်ကြသောကြောင့် နယ်နိမိတ်ဒေသနှင့်မဆိုင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် ရှမ်းတိုင်းရင်းသားများကဲ့သို့သော အုပ်စုများသည် ရှမ်းပြည် နယ်၏ ပြင်ပတွင် အရေအတွက်များပြားစွာ နေထိုင်ကြပြီး ဝ၊ ပအို့ဝ် နှင့် ပလောင်တို့သည် ရှမ်းပြည်နယ်တွင် နေထိုင်ကြသည်။ နယ်နိမိတ်ဒေသနှင့်မဆိုင်သော ကိုယ်ပိုင် အုပ်ချုပ်ခွင့်သည် ရှမ်းပြည်နယ်ပြင်ပတွင် နေထိုင်ကြသော ရှမ်းတိုင်းရင်းသားများ နှင့် ရှမ်းပြည်နယ်အတွင်းနေထိုင်ကြသော ရှမ်းမဟုတ်သည့် အုပ်စုများအနေဖြင့် ယင်းတို့၏ ကိုယ်ပိုင်လက္ခဏာများ နှင့် ဓလေ့ထုံးထမ်းအစဉ်အလာများကို ထိန်းသိမ်း ကျင်းပ နိုင်ကြောင်း သေချာစေနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်နိုင်သည်။ ယင်းအား ရှမ်းပြည်နယ်ပြင်ပရှိ ရှမ်းတိုင်းရင်းသားများစွာနေထိုင်ကြသည့် နယ်မြေများတွင် ရှမ်းဘာသာစကားအား ရုံးသုံးဘာသာစကားအဖြစ် ခွင့်ပြုခြင်း နှင့် ရှမ်းပြည်နယ်အတွင်းရှိ ဝ၊ ပအို့ဝ်၊ ပလောင် နှင့် အခြားအုပ်စုများကိုလည်း ယင်းတို့၏ ဘာသာစကားအသုံးပြုခွင့်၊ ဘာသာရေးကို ကျင့်သုံးခွင့် နှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို ကျင်းပနိုင်ကြောင်း သေချာစေခြင်းဖြင့် လုပ်ဆောင်နိုင်သည်။



Main Points

1. Federalism refers to the principles of self-rule (autonomy) and shared rule (participation of units in union government).

2. A federation is one form of territorial autonomy, in which self-rule for the units and shared rule is constitutionally protected.

3. In addition to federations, other forms of territorial autonomy include decentralisation and devolution, which often gives self-rule to units but not shared rule and no constitutional rights.



RELEVANCE FOR MYANMAR

According to the 2008 Constitution, Myanmar has some federal elements, such as the sharing of legislative and executive powers between the institutions of the Union and State and Region institutions. However, as outlined in Table 1, Myanmar does not fulfil crucial criteria of a federal system. The Union is too dominant and can overrule the States and Regions. The States and Regions do not enjoy self-rule, because their decision-making roles are very limited (see Schedule 2 of the Constitution). The Union also has the exclusive role for the collection of revenue from the most important income sources in Myanmar (natural resources and sales tax). What is more, the presence of Tatmadaw personnel in the institutions of the Union and the States and Regions also conflicts with the ideas of self-rule and shared rule.

အဓိကအချက်များ

၁။ ဖက်ဒရယ်စနစ် ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်မှု (ကိုယ်ပိုင်အုပ်ချုပ်ခွင့်) နှင့် မျှဝေအုပ်ချုပ်မှု (ပြည်ထောင်စု အစိုးရတွင် ယူနစ်များ ပါဝင်ခွင့်) တို့ဆိုင်ရာ အခြေခံသဘောတရားများကို ရည်ညွှန်းပါသည်။

၂။ ဖက်ဒရေးရှင်းတစ်ခုဆိုသည်မှာ နယ်နိမိတ်ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်မှုပုံစံတစ်မျိုးဖြစ်ပြီး ယင်း တွင် ယူနစ်များ၏ ကိုယ်ပိုင်အုပ်ချုပ်မှု နှင့် မျှဝေအုပ်ချုပ်မှုတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အကာအကွယ်ပေးထားပါသည်။

၃။ ဖက်ဒရေးရှင်းများအပြင် နယ်နိမိတ်ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၏ အခြားပုံစံများတွင် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း နှင့် အာဏာခွဲဝေပေးခြင်းတို့ပါဝင်ပြီး ယူနစ်များထံသို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးအပ်သော်လည်း မျှဝေအုပ်ချုပ်မှု နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများ မရှိပေ။

မြန်မာနိုင်ငံအတွက် ဆီလျော်မှု



၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံသည် ပြည်ထောင်စု အင်စတီကျူးရှင်းများ နှင့် ပြည်နယ် နှင့် တိုင်းဒေသကြီး အင်စတီကျူးရှင်းများအကြား ဥပဒေပြုရေး နှင့် အုပ်ချုပ်ရေးအာဏာများ မျှဝေခြင်းကဲ့သို့သော ဖက်ဒရယ်အစိတ်အပိုင်းအချို့ရှိပါသည်။ သို့ရာတွင် ဇယား ၁ တွင် ဖော်ပြခဲ့သည့်အတိုင်းပင် မြန်မာနိုင်ငံသည် ဖက်ဒရယ်စနစ်တစ်ခု၏ အရေးပါသည့် စံချိန်စံနှုန်းများ ပြည့်မီမှုမရှိပေ။ ပြည်ထောင်စုသည် အလွန် သြဇာလွှမ်းမိုးနေပြီး ပြည်နယ် နှင့် တိုင်းဒေသကြီးများ၏ အထက်တွင် လုပ်ပိုင်ခွင့်အာဏာရှိနေ သည်။ ပြည်နယ် နှင့် တိုင်းဒေသကြီးများ၏ ဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍသည် အလွန်နည်းပါးသောကြောင့် ယင်းတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရရှိခံစားနိုင်မှု မရှိပေ (ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား ၂ ကို ကြည့်ရှုပါ)။ ပြည်ထောင်စုသည် မြန်မာနိုင်ငံ၏ အရေးအကြီးဆုံး ဝင်ငွေအရင်းအမြစ်များ (သဘာဝသယံဇာတများ နှင့် အရောင်းခွန်များ) ဖြစ်သည့် ဘဏ္ဍာငွေများ ကောက်ခံမှုအတွက် သီးသန့် အခန်းကဏ္ဍရရှိပါသည်။ ထို့ပြင် ပြည်ထောင်စု နှင့် ပြည်နယ်များ နှင့် တိုင်းဒေသကြီးများ၏ အင်စတီကျူးရှင်းများအတွင်း တပ်မတော်သားများ ရှိနေခြင်းသည် ကိုယ်ပိုင်အုပ်ချုပ်မှု နှင့် မျှဝေအုပ်ချုပ်မှု တို့ဆိုင်ရာ အယူအဆများနှင့် ပဋိပက္ခဖြစ်နေပါသည်။

Questions for Consideration

1. What are the main values and principles linked to federalism?
2. Which forms may self-determination take?
3. Which competences usually belong to "self-rule" and which to "shared rule"?

Questions for Myanmar

1. What are the federal values promoted by the 2008 Constitution?
2. Which federal principles are missing from the 2008 Constitution?
3. How important are federal values and principles in the federal debate in Myanmar?

စဉ်းစားရမည့် မေးခွန်းများ

၁။ ဖက်ဒရယ်စနစ် နှင့် ဆက်စပ်နေသည့် အဓိက တန်ဖိုးများနှင့် အခြေခံသဘောတရားများသည် မည်သည်တို့ ဖြစ်သနည်း။

၂။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွင် မည်သည့် ပုံစံများရှိသနည်း။

၃။ "ကိုယ်ပိုင်အုပ်ချုပ်မှု" အတွင်း မည်သည့်လုပ်ပိုင်ခွင့်များ ပါဝင်ပြီး "မျှဝေအုပ်ချုပ်မှု" အတွင်း မည်သည့်လုပ်ပိုင်ခွင့်များ ပါဝင်သနည်း။

မြန်မာနိုင်ငံအတွက် မေးခွန်းများ

၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက အားပေးမြှင့်တင်သည့် ဖက်ဒရယ် စံတန်ဖိုးများသည် မည်သည်တို့ ဖြစ်သနည်း။

၂။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သည့် ဖက်ဒရယ် အခြေခံ သဘောတရားများ လိုအပ်နေသနည်း။

၃။ မြန်မာနိုင်ငံရှိ ဖက်ရယ်ဆိုင်ရာ ဆွေးနွေးငြင်းခုံမှုတွင် ဖက်ဒရယ် စံတန်ဖိုးများ နှင့် အခြေခံသဘောတရားများသည် မည်မျှ အရေးပါသနည်း။

Federal Values and Principles

Michael Burgess, a British academic, argued that in order to understand why some federations work and operate efficiently and others do not, we have to look at the application of values and principles in each system of government. He concludes that the reason why federalism operates better in the US than in Iraq is because the values and principles of federalism are respected and enshrined in the US, while in Iraq, political elites and ordinary people do not necessarily share these values. Table 2 demonstrates some of the values and principles of federalism that Burgess has identified and adds further values and principles.

Table 2: Federal Values and Principles

Federal Values	Federal Principles
Equality	Autonomy
Respect	Experimentation
Recognition	Subsidiarity
Competition	Partnership
Flexibility	

ဖက်ဒရယ် စံတန်ဖိုးများနှင့် အခြေခံသဘောတရားများ

ဗြိတိသျှ ပညာရှင်တစ်ဦးဖြစ်သူ Michael Burgess က အချို့သော ဖက်ဒရေးရှင်းများသည် ထိရောက်စွာ လည်ပတ်နိုင်ပြီး အခြား ဖက်ဒရေးရှင်းများသည် အဘယ့်ကြောင့် ထိုသို့မလည်ပတ်နိုင်ရသနည်းဟူသည်ကို နားလည်သဘောပေါက်ရန်အတွက် အစိုးရစနစ်တစ်ခုချင်းစီအတွင်း စံတန်ဖိုးများ နှင့် အခြေခံသဘောတရားများ အသုံးချမှုကို ကြည့်ရှုရန် လိုအပ်ပါသည်ဟု တင်ပြခဲ့ပါသည်။ ၄င်းက ဖက်ဒရယ်စနစ်သည် အီရတ်တွင်ထက် အမေရိကန်ပြည်ထောင်စုတွင် ပိုမိုကောင်းမွန်စွာ လည်ပတ်နိုင်ရခြင်းမှာ အမေရိကန်ပြည်ထောင်စုတွင် ဖက်ဒရယ်စနစ်၏ စံတန်ဖိုးများ နှင့် အခြေခံသဘောတရားများကို လေးစားလိုက်နာကာ အထွဋ်အမြတ် ထိန်းသိမ်းထားပြီး အီရတ်တွင်မူ နိုင်ငံရေးဆိုင်ရာ ထိပ်သီးလူနည်းစုများ နှင့် သာမန်ပြည်သူများသည် အဆိုပါ စံတန်ဖိုးများကို မျှဝေချင်မှ မျှဝေမည် ဖြစ်သော ကြောင့်ဖြစ်သည်။ ဇယား ၂ တွင် Burgress မှ ခွဲခြားသတ်မှတ်ခဲ့သော ဖက်ဒရယ်စနစ်၏ စံတန်ဖိုးများ နှင့် အခြေခံသဘောတရားအချို့ကို ဖော်ပြထားပြီး စံတန်ဖိုးများ နှင့် အခြေခံသဘောတရားများ ထပ်မံထည့်သွင်းဖော်ပြထားသည်။

ဇယား ၂ – ဖက်ဒရယ်စံတန်ဖိုးများ နှင့် အခြေခံသဘောတရားများ

ဖက်ဒရယ်စံတန်ဖိုးများ	ဖက်ဒရယ်အခြေခံသဘောတရားများ
တန်းတူညီမျှရှိမှု	ကိုယ်ပိုင်အုပ်ချုပ်ခွင့်
လေးစားမှု	စမ်းသပ်ခြင်း
အသိအမှတ်ပြုမှု	ကိစ္စရပ်များအား တတ်နိုင်သမျှ ဒေသန္တရအဆင့်မှ ကိုင်တွယ်ဆောင်ရွက်စေခြင်း
ယှဉ်ပြိုင်မှု	ပူးပေါင်းဆောင်ရွက်မှု
ပြောင်းလွယ်ပြင်လွယ်ရှိမှု	

Some authors link federalism to liberal political traditions in Western Europe and America. Others stress security concerns and economies of scale as the main drivers of federalism. In the liberal tradition, each individual is born free and endowed with a set of political rights that cannot be taken from them. The United States is the oldest federation in the world. Federalism was introduced in 1787 in order to ensure that the new government would protect the freedom and dignity of citizens in each of the territories. The government was limited in what it could do, and government decisions were to be made as close to the people as possible. In the past 200 plus years, America has continued to debate power sharing between the states and central government. Federalism values equality of the constituent units and people, regardless of size, the recognition of the composite, multi-cultural nature of a state, and the need for tailor-made solutions.

Federalism is strongly linked with democracy and democratic decision-making. It is only when the units and the central government are based on democratic elections, when the rule of law is respected, when fundamental human rights are secured and implemented, and when a strong civil society supports and controls democratic leaders, that a federal system is possible and sustainable.



Equality

Federalism treats people equally (non-discrimination provision), ensures justice (fairness provision), and emphasizes the basic freedom of each person. In multi-ethnic federal systems, the protection of certain groups often becomes important, i.e., the recognition and respect for diversity. Liberal and collective rights may clash, and they often do, yet, federalism tries to balance majority rights and the protection of smaller groups or units.

အချို့စာရေးသူများက ဖက်ဒရယ်စနစ် အား အနောက်ဥရောပ နှင့် အမေရိကတို့ရှိ လစ်ဘရယ် နိုင်ငံရေး အစဉ်အလာများနှင့် ချိတ်ဆက်ဖော်ပြပါသည်။ အခြားသူများကမူ ဖက်ဒရယ်စနစ်ကို အဓိကမောင်းနှင်သည့် အရာများသည် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ နှင့် စီးပွားရေးတွက်ခြေကိုက်မှုအရ ဖြစ်သည်ဟု ဖော်ပြကြသည်။ လစ်ဘရယ်အစဉ်အလာတွင် ပုဂ္ဂိုလ်တစ်ဦးချင်းသည် လွတ်လပ်စွာ မွေးဖွားလာပြီး ယင်းတို့ထံမှ ဖယ်ရှားခြင်းမပြုနိုင်သည့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ ရရှိကြသည်။ အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာ့ပေါ်တွင် သက်တမ်းအကြာမြင့်ဆုံး ဖက်ဒရေးရှင်းဖြစ်ပါသည်။ အစိုးရသစ်သည် သက်ဆိုင်ရာ နယ်နိမိတ်ဒေသ တစ်ခုချင်းစီရှိ ပြည်သူများ၏ လွတ်လပ်မှု နှင့် ဂုဏ်သိက္ခာတို့ကို အကာအကွယ်ပေးကြောင်း သေချာစေရန် ၁၇၈၇ ခုနှစ်တွင် ဖက်ဒရယ်စနစ်အား စတင်မိတ်ဆက်ခဲ့ပါသည်။ အစိုးရမှ လုပ်ဆောင်နိုင်သည်များတွင် အလွန်အကန့်အသတ်ရှိပြီး အစိုးရ၏ ဆုံးဖြတ်ချက်များအား ပြည်သူများနှင့် တတ်နိုင်သမျှ ပိုမိုနီးကပ်မှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ကျော်အတွင်း အမေရိကတွင် ပြည်နယ်များနှင့် ဗဟိုအစိုးရတို့အကြား အာဏာမျှဝေခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးငြင်းခုံမှုများ ရှိနေဆဲဖြစ်သည်။ ဖက်ဒရယ်စနစ်သည် အရွယ်အစားမခွဲခြားဘဲ မဲဆန္ဒနယ်များ နှင့် ပြည်သူများ၏ တန်းတူညီမျှမှု၊ နိုင်ငံတစ်နိုင်ငံ၏ စုပေါင်းပါဝင်သည့် ယဉ်ကျေးမှုပေါင်းစုံပါဝင်သော သဘောသဘာဝ နှင့် သီးသန့်ရေးဆွဲထားသည့် ဖြေရှင်းမှုနည်းလမ်းများ လိုအပ်ချက်တို့ကို တန်ဖိုးထားပါသည်။

ဖက်ဒရယ်စနစ်သည် ဒီမိုကရေစီနှင့် ဒီမိုကရေစီနည်းကျဆုံးဖြတ်ချက်ချမှတ်ခြင်းတို့နှင့် ခိုင်မာစွာ ဆက်စပ်နေပါသည်။ ယူနစ်များ နှင့် ဗဟိုအစိုးရတို့အား ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကို အခြေခံ၍ ရွေးချယ်တင်မြှောက်ထားသည့်အခါတွင်သာ၊ တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာသည့်အခါတွင်သာ၊ အခြေခံကျသော လူ့အခွင့်အရေးများ ခိုင်မာစွာရရှိ အကောင်အထည်ဖော်သည့် အခါတွင်သာ၊ ဒီမိုကရေစီနည်းကျ ခေါင်းဆောင်များအား အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ခိုင်မာအားကောင်းစွာ ထောက်ပံ့ ထိန်းချုပ်သည့်အခါတွင်သာ ဖက်ဒရယ်စနစ်တစ်ခု ဖြစ်နိုင်ခြေရှိပြီး ရေရှည်ထိန်းသိမ်းထားနိုင်သည်။

တန်းတူညီမျှမှု



ဖက်ဒရယ်စနစ် တွင် ပြည်သူအားလုံးကို တန်းတူဆက်ဆံပြီး (ခွဲခြားဆက်ဆံမှုမရှိရေး ပြဋ္ဌာန်းချက်)၊ တရားမျှတမှု (မျှတမှုဆိုင်ရာ ပြဋ္ဌာန်းချက်) ရှိကြောင်းသေချာစေကာ လူတစ်ဦးချင်းစီ၏ အခြေခံကျသော လွတ်လပ်ခွင့်တွင် အာရုံစူးစိုက်သည်။ လူမျိုးစုများစွာပါဝင်သည့် ဖက်ဒရယ်စနစ်များတွင် အချို့သော အုပ်စု များအား အကာအကွယ်ပေးရေးသည် အရေးကြီးလေ့ရှိသည် – ဆိုလိုသည်မှာ မတူကွဲပြားမှုများကို အသိအမှတ်ပြုခြင်း နှင့် လေးစားမှု။ လစ်ဘရယ် အခွင့်အရေးများ နှင့် အစုအဝေးအလိုက် အခွင့်အရေးများ သည် ပဋိပက္ခဖြစ်ပေါ်ကောင်း ဖြစ်ပေါ်နိုင်ပြီး ဖြစ်ပေါ်လေ့ရှိသည်။ သို့တိုင် ဖက်ဒရယ်စနစ် သည် လူများစု အခွင့်အရေးများ နှင့် အုပ်စုငယ်များ သို့မဟုတ် ယူနစ်များအား အကာအကွယ်ပေးရေးတို့ကို ဟန်ချက်ညီမျှစေရန် ကြိုးပမ်းပါသည်။

In Germany, equality is protected by the constitution through a provision which highlights the obligation to ensure equitable living conditions in all parts of Germany. In South Africa, mutual solidarity is addressed through a list of obligations that the central government has for all its citizens. Included in this is the protection of individual rights and providing certain social goods such as housing. In Belgium, a highly decentralized federal system has been implemented since 1993, however the central government remains responsible for social welfare in order to ensure that all people in the country are treated equally.

Respect

Federalism is the opposite of uniformity. A federal system is designed to respect and protect different groups, their language, culture, history, and identity. This means that while federal systems are designed to hold unions together, they are also meant to reflect the diversity in politics of history, in public commemorations, museums, schoolbooks, and in the selection of public personnel.



ဂျာမနီတွင် နိုင်ငံ၏ အစိတ်အပိုင်းအားလုံးတွင် သာတူညီမျှရှိသော လူနေမှုအခြေအနေများ ရှိကြောင်း သေချာစေရန် တာဝန်ကို ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ခုမှ တစ်ဆင့် တန်းတူညီမျှရှိမှုအား ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် အကာအကွယ်ပေးထားပါသည်။ တောင်အာဖရိကတွင် အချင်းချင်း စည်းလုံးညီညွတ်မှု ရှိစေရေးအတွက် နိုင်ငံသားများအပေါ် ဗဟိုအစိုးရ၏ တာဝန်များအားလုံးကို စာရင်းပြုစုခြင်းမှတစ်ဆင့် ဆောင်ရွက်သည်။ ယင်းတွင် လူတစ်ဦးချင်းစီ၏ အခွင့် အရေးများကို အကာအကွယ်ပေးရေး နှင့် အိမ်ရာကဲ့သို့သော လူမှုရေးဆိုင်ရာ ကုန်ပစ္စည်းအချို့ ပေးအပ်ခြင်းတို့ပါဝင်သည်။ ၁၉၉၃ ခုနှစ်ကတည်းမှ အကောင် အထည်ဖော်ခဲ့သည့် ဗဟိုချုပ်ကိုင်မှုများစွာ လျော့ချထားသော ဖက်ဒရယ်စနစ်တစ်ခုဖြစ်သည့် ဘယ်လ်ဂျီယံနိုင်ငံတွင်မူ နိုင်ငံတွင်းရှိ ပြည်သူများအားလုံးအပေါ် တန်းတူညီမျှ ဆက်ဆံကြောင်း သေချာစေရန်အတွက် ဗဟိုအစိုးရသည် လူမှုဖူလုံရေးကို တာဝန်ယူဆောင်ရွက်ပါသည်။

လေးစားမှု

ဖက်ဒရယ်စနစ်သည် တစ်သမတ်တည်းဖြစ်နေမှု၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ဖက်ဒရယ်စနစ်တစ်ခုအား ပုံစံ ရေးဆွဲရာတွင် မတူကွဲပြားသောအုပ်စုများ၊ ယင်းတို့၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်း နှင့် ကိုယ်ပိုင်လက္ခဏာတို့ကို လေးစားပြီး အကာအကွယ်ပေးရန် ပုံစံရေးဆွဲပါသည်။ ဆိုလိုသည်မှာ ဖက်ဒရယ်စနစ်များသည် ပြည်ထောင်စုများအား မပြိုကွဲစေရေးအတွက် ပုံစံရေးဆွဲထားစဉ်တွင် သမိုင်းကြောင်း ဆိုင်ရာ နိုင်ငံရေး၊ အများပြည်သူဆိုင်ရာ အထိမ်းအမှတ်များ၊ ပြတိုက်များ၊ ကျောင်းစာအုပ်များ နှင့် ပြည်သူ့ဝန်ထမ်း များ ရွေးချယ်ခြင်းတို့တွင် စုံလင်ကွဲပြားမှုကို ထင်ဟပ်စေရန်လည်း ရည်ရွယ်ပါသည်။



Recognition

While diversity is respected, there is also a recognition of commonality. The coexistence of group rights and individual rights might lead to conflicts, for example, when certain cultural practices or religious beliefs undermine the constitutionally protected equality of men and women. Group rights for certain people might limit the individual rights of others, as is often the case when minority languages become the only official language in a union's territory.

Official Languages in India



At the central level, India has two official languages: Hindi and English. These languages are used in official business of government, the judiciary and communications between the central and unit levels. However, Indian states are able to specify their own official languages according to the national constitution. Since independence, India has added many regional languages to the official languages and there are now 22 official languages in India.

Autonomy

Autonomy, or self-rule, is essential to federalism in order to protect, promote and enjoy what makes the specific unit special, like language, culture, and religion. Some units might have distinct languages that they decide to make official. In Myanmar, the ethnic states might thus introduce their own official languages, for example as languages of instruction in education. In Myanmar, this would mean that different States and Regions have different official languages. Certain provisions at the State and Regional level would ensure that their culture and identity is protected.

အသိအမှတ်ပြုခြင်း

စုံလင်ကွဲပြားမှုကို လေးစားသည့်အခါ တူညီမှုကိုလည်း အသိအမှတ်ပြုပါသည်။ အုပ်စုအခွင့်အရေးများ နှင့် လူတစ်ဦးချင်းအတွက် အခွင့်အရေးများ အတူတကွ ထားရှိခြင်းက ပဋိပက္ခများကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ ဥပမာအားဖြင့် အချို့သော ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများ သို့မဟုတ် ဘာသာရေးယုံကြည်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးထားသည့် အမျိုးသား နှင့် အမျိုးသမီး များ၏ တန်းတူညီမျှမှုကို ထိခိုက်စေသည့်အခါမျိုးတွင် ဖြစ်နိုင်ပါသည်။ အချို့ပြည်သူ များအတွက် အုပ်စုအခွင့်အရေးများသည် အခြားသူများ၏ တစ်ဦးချင်း အခွင့်အရေး များအပေါ် အကန့်အသတ်များ ဖြစ်စေနိုင်ပြီး ယင်းကို ပြည်ထောင်စုတစ်ခု၏ နယ်နိမိတ်အတွင်း လူနည်းစုဘာသာစကားများကိုသာ ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်သည့် ဖြစ်စဉ်မျိုးတွင် တွေ့မြင်နိုင်သည်။

အိန္ဒိယနိုင်ငံရှိ ရုံးသုံးဘာသာစကားများ

ဗဟိုအဆင့်တွင် အိန္ဒိယနိုင်ငံ၌ ဟင်ဒီ နှင့် အင်္ဂလိပ်ဘာသာ စကား ဟူ၍ ရုံးသုံးဘာသာစကားနှစ်မျိုးရှိပါသည်။ အဆိုပါ ဘာသာ စကားများအား အစိုးရ၏ တရားဝင်လုပ်ငန်းများ၊ တရား စီရင်ရေး နှင့် ဗဟို နှင့် ယူနစ်များအကြား ဆက်သွယ် ပြောဆိုမှုများတွင် အသုံးပြုပါသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၏ ပြည်နယ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယင်းတို့၏ ကိုယ်ပိုင်ရုံးသုံး ဘာသာစကားများ သတ်မှတ်ပြဋ္ဌာန်းနိုင်ကြပါသည်။ လွတ်လပ် ရေးရရှိခဲ့ချိန်မှစ၍ အိန္ဒိယနိုင်ငံသည် ဒေသသုံးဘာသာစကား များစွာတို့ကို ရုံးသုံးဘာသာစကားများအဖြစ် ထည့်သွင်းပြဋ္ဌာန်း လာခဲ့ရာ ယခုအခါ အိန္ဒိယတွင် ရုံးသုံးဘာသာ စကား ၂၂ မျိုး ရှိပါသည်။



ကိုယ်ပိုင်အုပ်ချုပ်ခွင့်

ဖက်ဒရယ်စနစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်မှုသည် ဘာသာစကား၊ ယဉ်ကျေးမှု နှင့် ဘာသာရေးတို့ကဲ့သို့သော သက်ဆိုင်ရာယူနစ်များ အား ထူးခြားစေသည့်အရာများကို အကာအကွယ်ပေးရန်၊ မြှင့်တင်ရန် နှင့် ယင်းမှ အကျိုးရရှိစေနိုင်ရန်တို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ အချို့သော ယူနစ်များတွင် ထူးခြားကွဲပြားသည့် ဘာသာစကားများရှိနိုင်ကာ ယင်းတို့အား ရုံးသုံးဘာသာအဖြစ် ထားရှိရန် ဆုံးဖြတ်နိုင်ပါသည်။ ယင်းသို့ဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ နေထိုင်သော ပြည်နယ်များသည် ယင်းတို့၏ ကိုယ်ပိုင်ရုံးသုံးဘာသာစကားများ မိတ်ဆက်ထည့်သွင်းနိုင်ပါသည်၊ ဥပမာအားဖြင့် ပညာရေးသင်ရိုးများအတွက် ဘာသာ စကားများအဖြစ် ထည့်သွင်းနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ယင်းသို့ လုပ်ဆောင်ပါက ပြည်နယ် နှင့် တိုင်းဒေသကြီး အသီးသီးတွင် မတူကွဲပြားသော ရုံးသုံးဘာသာစကား များရှိမည်ဖြစ်သည်။ ပြည်နယ် နှင့် တိုင်းဒေသကြီးအဆင့်တွင် အချို့သောပြဋ္ဌာန်း ချက်များထားရှိခြင်းဖြင့် ယင်းတို့၏ ယဉ်ကျေးမှု နှင့် ကိုယ်ပိုင်လက္ခဏာတို့အား အကာအကွယ်ပေးနိုင်ပါသည်။

Competition and Experimentation

Competition is linked to the idea of federalism as a marketplace of ideas and best policies as a horizontal political and economic search for solutions (between the States/Regions and the union). Flexibility means that policies and services may vary according the needs and circumstances.

A federal system also helps encourage experimentation at the local level. What one unit tries and succeeds at can serve as a model for other states. United States Supreme Court Justice Louis Brandeis described states as "laboratories of democracy" because states can try different social and economic experiments without risk to the rest of the country. Using the language example in Myanmar, one state may select one official language where another might have more than one. The outcomes of those policies can be assessed and adapted by other states.

Subsidiarity:

Subsidiarity means that decisions should be made by the most efficient and capable government level that is closest to the people. Whenever possible, decisions should be made by the local government level, otherwise by the unit level, and only if uniform solutions are required and no alternative is possible, then the central level shall make the decision. This principle is important when distributing responsibilities in federal systems.

Subsidiarity

No level of government should be able to impose its will on the other. In order to ensure this, federal systems subscribe, at least in theory, to the principle of subsidiarity, which means that decisions should be taken at the closest level to the citizens whenever possible. A number of responsibilities can best be implemented by the local level (such as local infrastructure, housing, waste management), and the unit level (such as tourism, education, regional economic development, policing) while a number of duties require country-wide uniform regulations (such as foreign policy and currency policy).

ယှဉ်ပြိုင်ခြင်း နှင့် စမ်းသပ်ခြင်း

ယှဉ်ပြိုင်ခြင်းသည် (ပြည်နယ်များ/တိုင်းဒေသကြီးများ နှင့် ပြည်ထောင်စုတို့အကြားတွင်) နိုင်ငံရေး နှင့် စီးပွားရေးဆိုင်ရာ ဖြေရှင်းမှုနည်းလမ်းများ ရှာဖွေမှုတစ်ရပ်အဖြစ် အကြံဉာဏ်များ နှင့် အကောင်းဆုံးမူဝါဒများ၏ ဈေးကွက်တစ်ခုအဖြစ် ဖက်ဒရယ်စနစ်အား ရှုမြင်သည့် အယူအဆနှင့် ဆက်စပ်နေပါသည်။ ပြောင်းလွယ်ပြင်လွယ်ရှိမှုဆိုသည်မှာ လိုအပ်ချက်များ နှင့် အခြေအနေများပေါ်လိုက်၍ မူဝါဒများ နှင့် ဝန်ဆောင်မှုများ ပြောင်းလဲနိုင်ခြင်းကို ဆိုလိုပါသည်။

ဖက်ဒရယ်စနစ်တစ်ခုသည် ဒေသန္တရအဆင့်တွင် စမ်းသပ်မှုလုပ်ဆောင်ရန်အတွက် အားပေးရန်လည်း အထောက်အကူပြုပါသည်။ ယူနစ်တစ်ခုတွင် စမ်းသပ်၍ အောင်မြင်သည့်အရာအား အခြားပြည်နယ်များ အတွက် စံပြပုံစံတစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။ အမေရိကန်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး Louis Brandeis က ပြည်နယ်များသည် နိုင်ငံ၏ အခြားသောအစိတ်အပိုင်းများအပေါ် အဆိုး ကြုံနိုင်ခြေ မရှိဘဲ ကွဲပြားသည့် လူမှုရေး နှင့် စီးပွားရေးဆိုင်ရာ စမ်းသပ်မှုများကို လုပ်ဆောင်နိုင်သောကြောင့် ပြည်နယ်များအား "ဒီမိုကရေစီ ဓာတ်ခွဲခန်းများ" အဖြစ် ပြောဆိုပါသည်။ မြန်မာနိုင်ငံတွင် ဘာသာစကားကို ဥပမာအဖြစ်အသုံးပြုကာ ပြည်နယ်တစ်ခုတွင် ရုံးသုံးဘာသာစကားတစ်ခုကို ရွေးချယ်ထားရှိပြီး အခြားပြည်နယ်များတွင် တစ်ခုထက်ပိုသော ဘာသာစကားများကို ထားရှိကောင်းထားရှိနိုင်သည်။ အဆိုပါ မူဝါဒများ၏ ရလဒ်ကို အကဲဖြတ်သုံးသပ်ကာ အခြားသော ပြည်နယ်များအတွက် ပြင်ဆင်ပြဋ္ဌာန်းနိုင်သည်။

ကိစ္စရပ်များအား တတ်နိုင်သမျှ ဒေသန္တရအဆင့်မှ ကိုင်တွယ်ဆောင်ရွက်စေခြင်း

မည်သည့်အစိုးရအဆင့်ကမျှ အခြားအစိုးရအဆင့်တစ်ရပ်အပေါ် ယင်း၏ ရည်ရွယ်ချက်များကို အတင်းအကျပ် ဖော်ဆောင်စေနိုင်ခြင်း မရှိသင့်ပါ။ ယင်းကို သေချာစေရန် အတွက် ဖက်ဒရယ်စနစ်များတွင် အနိမ့်ဆုံးအားဖြင့် သီအိုရသဘောအရ ကိစ္စရပ်များအား တတ်နိုင်သမျှ ဒေသန္တရအဆင့်မှ ကိုင်တွယ်ဆောင်ရွက်စေခြင်း အခြေခံသဘောတရားကို ကျင့်သုံးသည်။ အဆိုပါ အခြေခံသဘောတရားသည် ဆုံးဖြတ်ချက်များအား နိုင်ငံသားများနှင့် အနီးစပ်ဆုံးအဆင့်တွင် တတ်နိုင်သမျှ ချမှတ်သင့်သည်ဟု အဓိပ္ပာယ်ရသည်။ လုပ်ငန်းတာဝန်အချို့အား ဒေသန္တရအဆင့် (ဥပမာ– ဒေသန္တရ အခြေခံအဆောက်အဦ၊ အိမ်ရာများ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု) နှင့် ယူနစ်အဆင့် (ဥပမာ – ခရီးသွားလုပ်ငန်း၊ ပညာရေး၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးရေး၊ နယ်မြေ လုံခြုံရေး) တို့တွင် အကောင်းဆုံး အကောင်အထည်ဖော်နိုင်ပြီး တာဝန်အချို့ (ဥပမာ – နိုင်ငံခြားရေးမူဝါဒ နှင့် ငွေကြေးမူဝါဒ)ကိုမူ နိုင်ငံတစ်ဝှမ်း တစ်သမတ်တည်းရှိသည့် စည်းမျဉ်းစည်းကမ်းများဖြင့် အကောင်အထည်ဖော်ရန် လိုအပ်သည်။

စွမ်းဆောင်နိုင်သည့် အောက်ခြေနှင့်အနီးစပ်ဆုံးအဆင့်သို့ အာဏာပေးလုပ်ဆောင်ခြင်း

စွမ်းဆောင်နိုင်သည့်အောက်ခြေနှင့်အနီးဆုံးအဆင့်သို့ အာဏာပေးလုပ်ဆောင်ခြင်း ဆိုသည်မှာ ဆုံးဖြတ်ချက်များအား ပြည်သူလူထုနှင့် အနီးစပ်ဆုံး၊ အထိရောက်ဆုံး၊ စွမ်းဆောင်ရည်အမြင့်ဆုံး အဆိုးရအဆင့်မှ ချမှတ်သင့်သည်ဟုဆိုလိုသည်။ ဖြစ်နိုင်သည့် အခါတိုင်းတွင် ဆုံးဖြတ်ချက်များအား ဒေသန္တရအဆိုးရအဆင့်မှ ချမှတ်စေကာ အကယ်၍ မဖြစ်နိုင်ပါက ယူနစ်အဆင့်တွင် ချမှတ်စေသင့်သည်။ တသမတ်တည်း ဖြစ်သည့် ဖြေရှင်းချက်များ လိုအပ်ပြီး အခြားရွေးချယ်စရာ မရှိတော့သည့်အခါမှသာ ဆုံးဖြတ်ချက်များအား ဗဟိုအဆင့်မှ ချမှတ်သင့်သည်။ ဤအခြေခံသဘောတရားသည် ဖက်ဒရယ် စနစ်များအတွင်း လုပ်ပိုင်ခွင့်များ ခွဲဝေရာတွင် အရေးကြီးပါသည်။

Partnership

The principle of partnership means that the units and union level respect each other's autonomy and work together on things where cooperation is required and beneficial. Partnership also means that problems and disputes are solved peacefully and that units and the central level abstain from the use of violence. Finally, partnership also means that laws and the constitution are respected and that a constitutional court is the final referee in case of disagreement. While the units may have guaranteed autonomy, it is also important that they maintain loyalty to the union and respect and follow the laws of the central government. The central level and the units must respect each other's authority. This does not mean that there will be no disagreements, but that when there are disagreements, these will be solved through political and judicial means, through bargaining and compromises.



မိတ်ဖက်ဆောင်ရွက်မှု

မိတ်ဖက်ဆောင်ရွက်မှုဆိုင်ရာ အခြေခံသဘောတရားသည် ယူနစ်များ နှင့် ပြည်ထောင်စုအဆင့်တို့သည် ယင်းတို့ အချင်းချင်း၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို လေးစား၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး ထိုသို့ပူးပေါင်းခြင်းဖြင့် အကျိုးဖြစ်ထွန်း စေနိုင်မည့်ကိစ္စရပ်များတွင် အတူတကွဆောင်ရွက်ခြင်းကို ဆိုလိုသည်။ မိတ်ဖက် ဆောင်ရွက်မှုဆိုသည်မှာ ပြဿနာများ နှင့် အငြင်းပွားမှုများအား ငြိမ်းချမ်းစွာ ဖြေရှင်း ခြင်း နှင့် ယူနစ်များ နှင့် ဗဟိုအဆင့်တို့တွင် အကြမ်းဖက်မှုကို ရှောင်ရှားခြင်း ကိုလည်း ဆိုလိုသည်။ နောက်ဆုံးအနေဖြင့် မိတ်ဖက်ဆောင်ရွက်မှုဆိုသည်မှာ ဥပဒေများ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာခြင်း ကိုလည်းဆိုလိုပြီး သဘောထား ကွဲလွဲမှု တစ်စုံတစ်ရာရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် အပြီးသတ် ဆုံးဖြတ်သူဖြစ်သည်။ ယူနစ်များတွင် အာမခံချက်ပေးထားသည့် ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရှိကြသော်လည်း ယင်းတို့အနေဖြင့် ပြည်ထောင်စုအပေါ် ဆက်လက် သစ္စာ စောင့်သိကာ ဗဟိုအစိုးရ၏ ဥပဒေများ ကိုလေးစားလိုက်နာရန် အရေးကြီးပါသည်။ ယင်းသို့ဆိုခြင်းသည် သဘောထားကွဲလွဲမှု ရှိမည်မဟုတ်ဟု ဆိုလိုခြင်း မဟုတ်ဘဲ သဘောထားကွဲလွဲမှု တစ်စုံတစ်ရာရှိပါက ညှိနှိုင်းခြင်း နှင့် အလယ်အလတ် လမ်းစဉ် တို့မှတစ်ဆင့် နိုင်ငံရေး နှင့် တရားစီရင်ရေးဆိုင်ရာ နည်းလမ်းများဖြင့် ဖြေရှင်းမည်ဟု ဆိုလိုပါသည်။



Conflict resolution

These values and principles are abstract and sometimes hard to follow. However, they are essential in order to ensure that a federation is stable and working properly. When there is a dispute over these values, federal systems have numerous conflict resolution mechanisms. Conflict among different units (horizontal) and between different units and the central government (vertical) can be resolved through the use of commissions, committees, joint sessions of the two chambers of parliament, courts, arbitration and mediation as well as executive meetings and cooperation amongst civil servants. In many federations conflicts between levels of government are solved through meeting of chief ministers of the States and Regions. Federal courts, in which judges from both levels of government are represented, are an effective conflict resolution device as well. Federal countries such as Canada, Germany, Switzerland and others have become experts in non-violent conflict resolution.

More on the judicial system's role in dispute resolution will be discussed below.



ပဋိပက္ခဖြေရှင်းခြင်း

ဤစံတန်ဖိုးများ နှင့် အခြေခံသဘောတရားများသည် အယူအဆသက်သက်သာဖြစ်ပြီး တစ်ခါတစ်ရံတွင် လိုက်နာရန် ခဲယဉ်းပါသည်။ သို့ရာတွင် ဖက်ဒရေးရှင်း၏ တည်ငြိမ်မှု နှင့် သင့်လျော်စွာ လည်ပတ်နိုင်မှုကို သေချာစေရေးအတွက် ယင်းတို့ကို မဖြစ်မနေလိုအပ်ပါသည်။ အဆိုပါ စံတန်ဖိုးများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်ခု ဖြစ်ပွားပါက ဖက်ဒရယ်စနစ်များတွင် ပဋိပက္ခဖြေရှင်းသည့် ယန္တရားများစွာရှိပါသည်။ ကွဲပြားသော ယူနစ်များအကြား (အဆင့်တူ) နှင့် ဗဟိုအစိုးရတို့အကြား (အထက်အောက်) ပဋိပက္ခများအား ကော်မရှင်များ၊ ကော်မတီများ၊ လွှတ်တော်နှစ်ရပ်ပူးတွဲအစည်းအဝေးများ၊ တရားရုံးများ၊ ခုံဖွဲ့စီရင် ဆုံးဖြတ်ခြင်း နှင့် ကြားဝင်ဖျန်ဖြေခြင်းနှင့်တကွ ပြည်သူ့ဝန်ထမ်းများအကြား အမှုဆောင် အစည်းအဝေးများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် ဖြေရှင်းနိုင်သည်။ ဖက်ဒရေးရှင်းများစွာတို့တွင် အစိုးရအဆင့်များ အကြားရှိ ပဋိပက္ခများအား ပြည်နယ်များ နှင့် တိုင်းဒေသကြီးများ၏ ဝန်ကြီးချုပ်များ အစည်းအဝေး ခေါ်ယူခြင်းမှတစ်ဆင့် ဖြေရှင်းပါသည်။ အစိုးရအဆင့်နှစ်ရပ်စလုံးမှ ကိုယ်စားပြုပါဝင်သည့် ဖက်ဒရယ် တရားရုံးများသည်လည်း ထိရောက်သည့် ပဋိပက္ခဖြေရှင်းရေး ကိရိယာများဖြစ်ကြသည်။ ကနေဒါ၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ အိန္ဒိယ နှင့် အခြားနိုင်ငံများကဲ့သို့သော ဖက်ဒရယ်နိုင်ငံများသည် အကြမ်းဖက်မှုမပါဝင်ဘဲ ပဋိပက္ခ ဖြေရှင်းရာတွင် ကျွမ်းကျင်သူများဖြစ်လာကြသည်။

ပဋိပက္ခဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ တရားစီရင်ရေးစနစ်၏ အခန်းကဏ္ဍများအကြောင်းကို နောက်ပိုင်းတွင် ပိုမို ဆွေးနွေးဖော်ပြသွားမည်ဖြစ်သည်။



Main Points

1. Federalism is connected to a number of important values and principles such as Equality, Recognition, Respect, Competition and Flexibility (Values) – and Autonomy, Experimentation, Subsidiarity, and Partnership (Principles).

2. These values link to the ideas of self-rule and shared rule and underline decision-making and inter-ethnic cooperation in federal systems.

3. Many of these values grow over time and develop and change. Federations need to adapt and change accordingly.



RELEVANCE FOR MYANMAR

As federalism is being discussed as part of the 21st century Panglong Conference, it is important that the parties involved are willing to find a mutually accepted agreement on a federal union. At the heart of the debate in Myanmar is finding a compromise between those pushing for far-reaching autonomy on the one side, and those seeking to preserve as much uniformity as possible on the other. The focus of Myanmar's debate has been on institutional design, the distribution of responsibilities and financial relations, but the rights of ethnic groups not yet entitled to autonomy, the different socio-economic capabilities of the States and Regions and thus the issue of capacity-building for federalism, and the politics of the past need to be considered.

အဓိကအချက်များ

၁။ ဖက်ဒရယ်စနစ်သည် တန်းတူညီမျှရှိမှု၊ အသိအမှတ်ပြုမှု၊ လေးစားမှု၊ ယှဉ်ပြိုင်မှု နှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှု (စံတန်ဖိုးများ) နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ စမ်းသပ်ဆောင်ရွက်မှု၊ ကိစ္စရပ်များအား တတ်နိုင်သမျှ ဒေသန္တရအဆင့်တွင် ဖြေရှင်းခြင်း နှင့် မိတ်ဖက်ဆောင်ရွက်မှုများ (အခြေခံသဘောတရားများ) ကဲ့သို့သော အရေးကြီးသည့် စံတန်ဖိုးများ၊ အခြေခံသဘောတရားများနှင့် ဆက်စပ်နေပါသည်။

၂။ အဆိုပါ စံတန်ဖိုးများသည် ကိုယ်ပိုင်အုပ်ချုပ်မှု နှင့် မျှဝေအုပ်ချုပ်မှု ဆိုင်ရာ အယူအဆများနှင့် ဆက်စပ်နေပြီး ဖက်ဒရယ်စနစ်များရှိ ဆုံးဖြတ်ချက် ချမှတ်ခြင်း နှင့် လူမျိုးစုများအကြား ပူးပေါင်းဆောင်ရွက်ခြင်းတို့အား အလေးထားပါသည်။

၃။ အဆိုပါစံတန်ဖိုးများသည် အချိန်နှင့်အမျှ ကြီးထွားဖွံ့ဖြိုးလာကာ ပြောင်းလဲလာကြသည်။ ဖက်ဒရေးရှင်းများအနေဖြင့် သင့်လျော်စွာ လိုက်လျောညီထွေ ချိန်ညှိကာ ပြင်ဆင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံအတွက် ဆီလျော်မှု



ဖက်ဒရယ်စနစ် အား ၂၁ ရာစုပင်လုံညီလာခံတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆွေးနွေးလျက်ရှိသည်နှင့်အညီ ပါဝင်ပတ်သက်သည့် အုပ်စုများအနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုတစ်ခုနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် လက်ခံသည့် သဘောတူညီချက်တစ်ခု ဖော်ဆောင်ရန် ဆန္ဒရှိနေခြင်းသည် အရေးကြီးပါသည်။ မြန်မာနိုင်ငံရှိ ဆွေးနွေးငြင်းခုံမှုများ၏ အဓိကအချက်မှာ တစ်ဖက်တွင် ကျယ်ပြန့်စွာပါဝင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တွန်းအားပေးသူများ နှင့် အခြားတစ်ဖက်တွင် တသမတ်တည်းဖြစ်မှုကို တတ်နိုင်သမျှ ထိန်းသိမ်းရန် ကြိုးပမ်းကြသူများအကြား အလယ်အလတ်လမ်းစဉ်တစ်ခု ရှာဖွေဖော်ထုတ်ရေးဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆွေးနွေး ငြင်းခုံမှုများ၏ အဓိကအာရုံစူးစိုက်မှုမှာ အင်စတီကျူးရှင်းဆိုင်ရာပုံစံ၊ လုပ်ငန်းတာဝန်များ ခွဲဝေခြင်း နှင့် ဘဏ္ဍာရေးဆိုင်ရာ ဆက်ဆံရေးများပေါ်တွင်ဖြစ်ခဲ့သည်။ သို့ရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် မရရှိသေးသည့် တိုင်းရင်းသားအုပ်စုများ၏ အခွင့်အရေးများ၊ ပြည်နယ် နှင့် တိုင်းဒေသကြီးများ၏ ကွဲပြားခြားနားသည့် လူမှု စီးပွားရေး စွမ်းဆောင်ရည်များ နှင့် ဖက်ဒရယ်စနစ်အတွက် စွမ်းရည်တည်ဆောက်ရေးပြဿနာ နှင့် အတိတ်နိုင်ငံရေးဖြစ်စဉ်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

Questions for Consideration

1. What is self-determination?
2. How does federalism address the issue of self-determination?
3. How do federations deal with the demand for more autonomy and secession?

Questions for Myanmar

1. What does self-determination mean in the Myanmar context?
2. Do you think that self-determination should be part of Myanmar's federal Constitution?
3. Who are the groups that should enjoy the right to self-determination in Myanmar?

စဉ်းစားရမည့် မေးခွန်းများ

၁။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ အဘယ်နည်း။

၂။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာကိစ္စရပ်ကို ဖက်ဒရယ်စနစ်တွင် မည်သို့ ဖြေရှင်းဆောင်ရွက်သနည်း။

၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုပေးအပ်ရန် နှင့် ခွဲထွက်ခွင့် တောင်းဆိုမှုများအား ဖက်ဒရေးရှင်းများအနေဖြင့် မည်သို့ ဖြေရှင်းဆောင်ရွက်သနည်း။

မြန်မာနိုင်ငံအတွက် မေးခွန်းများ

၁။ မြန်မာနိုင်ငံ၏ အခြေအနေတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။

၂။ သင့်အနေဖြင့် မြန်မာနိုင်ငံ၏ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အစိတ် အပိုင်းအဖြစ် ထည့်သွင်းသင့်သည်ဟု ထင်ပါသလား။

၃။ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိသင့်သည့် အုပ်စုများသည် မည်သည့်အုပ်စုများ ဖြစ်သနည်း။

Multi-Ethnic Federalism

Multi-ethnic states are often faced with the problem of how to integrate ethnically or religiously diverse groups, which compete for access to political power, for control over administrations, public posts and economic resources. Ethnic groups, both dominant and non-dominant ones, want to control the government as a whole or in parts of a given country. Multi-ethnic states with groups that live closely together in the same area are a challenge for integration. This is because compact and separate settlements of ethnic groups enable easy communication, a sharing of resources, and help foster a specific identity. Unlike the USA, Germany, and Austria, in which federalism is mainly about historically grown states and regions within a joint national framework (including a common culture, language, religion etc.), multi-ethnic federations have several specific constitutional and political features:



1. recognition of different peoples in the constitution;
2. the moral equality of ethnicities;
3. conflict resolution;
4. the promotion of different state languages;
5. flexibility in the application of national policies, and;
6. socio-economic development of remote areas.

လူမျိုးစုများစွာပါဝင်သော ဖက်ဒရယ် စနစ်

လူမျိုးစုများစွာပါဝင်သော နိုင်ငံများသည် နိုင်ငံရေးအာဏာရရှိရေး၊ အုပ်ချုပ်ရေး ဌာနများ၊ အများပြည်သူ ဆိုင်ရာ ရာထူးများ နှင့် စီးပွားရေးအရင်းအမြစ်များ ထိန်းချုပ် နိုင်ရေးတို့အတွက် ပြိုင်ဆိုင်ကြသည့် လူမျိုးရေး သို့မဟုတ် ဘာသာရေးအရ စုံလင် ကွဲပြားသော အုပ်စုများအား မည်သို့ပေါင်းစည်းရမည်ဟူသည့် ပြဿနာ နှင့် ရင်ဆိုင်ရ လေ့ရှိသည်။ ဩဇာလွှမ်းမိုးသည့် တိုင်းရင်းသားအုပ်စုများနှင့်တကွ ဩဇာလွှမ်းမိုးမှု မရှိသည့် တိုင်းရင်းသားအုပ်စုများသည် သက်ဆိုင်ရာ နိုင်ငံတစ်နိုင်ငံလုံး သို့မဟုတ် အစိတ်အပိုင်းများရှိ အစိုးရအပေါ် ထိန်းချုပ်လိုကြသည်။ နယ်မြေတစ်ခုတည်းတွင် နီးကပ်စွာ နေထိုင်ကြသည့် တိုင်းရင်းသား အုပ်စုများစွာ ပါဝင်သည့် နိုင်ငံများတွင် ပေါင်းစည်းရေးအတွက် စိန်ခေါ်မှုတစ်ခုကို တွေ့ကြုံရသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ တိုင်းရင်းသားအုပ်စုများ ကျစ်လျစ်စွာ သီးခြားစီ အခြေချနေထိုင်ခြင်းဖြင့် လွယ်ကူ သော ပြောဆိုဆက်ဆံမှု၊ အရင်းအမြစ်များ မျှဝေခြင်းတို့ကို ရရှိစေနိုင်ပြီး သက်ဆိုင်ရာ ကိုယ်ပိုင်လက္ခဏာတစ်ခုကို အားပေးမြှင့်တင်ရန် အကူအညီဖြစ်စေခြင်းကြောင့် ဖြစ်သည်။ ပူးတွဲ အမျိုးသားမူဘောင် တစ်ခု အတွင်း (တူညီသော ယဉ်ကျေးမှု၊ ဘာသာ စကား၊ ကိုးကွယ်ယုံကြည်မှု၊ အစရှိသည် တို့အပါအဝင်)သမိုင်းအရ ပေါ်ပေါက်လာခဲ့ သည့် ပြည်နယ်များ၊ ဒေသများနှင့်သာ အဓိက သက်ဆိုင်သော အမေရိကန်၊ ဂျာမနီ နှင့် ဩစတြီးယားတို့တွင်ကဲ့သို့ မဟုတ်ဘဲ လူမျိုးစုများစွာ ပါဝင်သော ဖက်ဒရေးရှင်းများ တွင် ထူးခြားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် နိုင်ငံရေးဆိုင်ရာ သွင်ပြင် လက္ခဏာအချို့ ရှိပါသည် –



၁။ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း
စုံလင်ကွဲပြားသည့် ပြည်သူများအား အသိအမှတ်ပြုခြင်း

၂။ လူမျိုးစုများ၏ တန်းတူရည်တူရှိမှု

၃။ ပဋိပက္ခဖြေရှင်းခြင်း

၄။ ကွဲပြားခြားနားသော ပြည်နယ်အလိုက် ဘာသာစကားများကို အားပေး မြှင့်တင်ခြင်း

၅။ အမျိုးသားမူဝါဒများအား အသုံးချရာတွင် ပြောင်းလွယ်ပြင်လွယ်ရှိမှု

၆။ ဝေးလံခေါင်ဖျားသော ဒေသများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု

Federalism is a frequently offered recipe for the management, regulation or resolution of ethnic conflicts. But federalism can also be seen as capacity-building for independence, which is one of the reasons the term was so feared in Myanmar. Perhaps federalism could bring about secession instead of preventing it. There are cases where federations have failed such as the former Soviet Union, Yugoslavia, Malaysia and Indonesia. In hindsight, these failures seem to show that federalism in ethnically divided societies can be a starting point for secession. However, none of these countries applied genuine federal democracy, and it often was the absence of proper federal structure and the push of the majority group to dominate that was the main reason for conflict in these countries.

Self-determination has many different faces, in its broadest sense it means that people have the right to determine their political, economic, social and cultural affairs, including the choice of their political regime. The notion of self-determination was originally confined to minorities in an empire or to the right to be liberated from colonial domination, but it extended over time to the right to autonomy, to minority rights, to internal self-determination, to the right to dissolve an existing state or to create a new one by means of secession. Whether self-determination actually implies a right to secede is disputed; only a few constitutions extend the right of self-determination to include secession.

ဖက်ဒရယ်စနစ်အား လူမျိုးရေးပဋိပက္ခများ စီမံခန့်ခွဲရေး၊ ထိန်းချုပ်ရေး သို့မဟုတ် ဖြေရှင်းရေးအတွက် မကြာခဏ ညွှန်းဆိုခံရလေ့ရှိပါသည်။ သို့သော် ဖက်ဒရယ်စနစ်အား သီးခြားလွတ်လပ်ရေးအတွက် စွမ်းရည်တည်ဆောက်မှုအဖြစ် ရှုမြင်နိုင်သောကြောင့် မြန်မာနိုင်ငံတွင် အဆိုပါ ဝေါဟာရအား လွန်စွာ ကြောက်ရွံ့ကြခြင်း ဖြစ်သည်။ ဖက်ဒရယ်စနစ်သည် ခွဲထွက်ရေးကို အကာအကွယ်မပေးဘဲ ခွဲထွက်မှု ဖြစ်ပေါ်လာစေနိုင်သည့် အခွင့်အလမ်း ရှိပါသည်။ ယခင် ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုဆလားဗီးယား၊ မလေးရှား နှင့် အင်ဒိုနီးရှားတို့ကဲ့သို့သော မအောင်မြင်သည့် ဖက်ဒရေးရှင်းများ၏ဖြစ်စဉ်များရှိပါသည်။ ဖြစ်ပွားပြီးသည့် အခြေအနေများအရ အဆိုပါ မအောင်မြင်မှုများသည် လူမျိုးစုအားဖြင့် ကွဲပြားနေသည့် လူ့အဖွဲ့အစည်းများအတွင်းတွင် ဖက်ဒရယ်စနစ်သည် ခွဲထွက်ရေးကို အစပြုစေသည့် အချက်တစ်ချက် ဖြစ်ကြောင်းကို တွေ့မြင်ရသည်။ မည်သို့ပင်ဆိုစေကာမူ အဆိုပါ နိုင်ငံများအနက် စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည့် နိုင်ငံ မရှိဘဲ ယင်းသည် သင့်လျော်ကောင်းမွန်သည့် ဖက်ဒရယ်ဖွဲ့စည်းပုံ မရှိခြင်း နှင့် အဆိုပါ နိုင်ငံများအတွင်း ပဋိပက္ခများ ဖြစ်ပွားခြင်း၏ အဓိကအကြောင်းအရင်း ဖြစ်သော လူများစုအုပ်စုမှ လွှမ်းမိုးရန် ကြိုးပမ်းမှုများကြောင့်သာ ဖြစ်လေ့ရှိသည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွင် ကွဲပြားခြားနားသော ရှုထောင့်များစွာရှိပြီး ခြုံငုံ၍ဆိုရသော် ယင်းသည် ပြည်သူများတွင် ၄င်းတို့၏ နိုင်ငံရေးစနစ်ကို ရွေးချယ်ခွင့်အပါအဝင် ၄င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုရေးရာကိစ္စများအပေါ် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ဆိုလိုသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အယူအဆသည် မူလက နိုင်ငံတစ်ခုအတွင်းရှိ လူနည်းစုများအတွက်သာ သတ်မှတ်ထားခြင်း သို့မဟုတ် ကိုလိုနီ ဩဇာလွှမ်းမိုးမှုမှ လွတ်လပ်ခွင့်တို့သာ ဖြစ်သော်လည်း အချိန်ကာလရွှေ့လျားလာသည်နှင့်အမျှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လူနည်းစုအခွင့်အရေးများ၊ မိမိနယ်မြေကို လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်၊ ရှိပြီးသားနိုင်ငံ တစ်ခုကို ဖျက်သိမ်းကာ ခွဲထွက်ခြင်းဖြင့် နိုင်ငံသစ်တစ်ခု ဖန်တီးခွင့်တို့အထိ တိုးချဲ့ပါဝင်လာခဲ့သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ခွင့် ပါဝင်ခြင်းမရှိ/မရှိအပေါ် အငြင်းပွားမှုများရှိနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအချို့တွင်သာ ခွဲထွက်ခွင့်ကို ဖော်ပြထားသည်အထိ တိုးချဲ့ဖော်ပြထားသည်။

Secessionism, however, occurs both in federations as well as in non-federations. Since most of the current secessionist movements try to break away from non-federations, or unitary states, one could argue that unitary states are no guarantee against quests for secession either. Take, for example, Scotland in the United Kingdom, which is a devolved country with ongoing debates about Scottish independence. The same can be said about Myanmar. The more centralized Burma/Myanmar became after independence, the more secessionist movements evolved in the border hill areas.

Federalism most often only works if it is combined with democratic governance. The failure of the Soviet Union and Yugoslavia, as well as the stalled federalization in Malaysia and Indonesia can be explained by a lack of democratic governance which created grievances amongst minority groups.

Whether federalism is well-suited to holding heterogeneous states together seems to depend on context, the problems at hand, and the institutional details of federalism. Some multi-ethnic federations were more successful than others, among them are Switzerland, India, or Nigeria. Constitutionalism, democracy, asymmetry, limiting central power, a multi-layered party system, and the willingness to carve out new ethnic units mark the difference. There is no single answer to the question of whether federalism promotes secession or integrates multi-ethnicity. A functioning democracy, which provides all relevant ethnic groups with access channels to the political system, could work without federal arrangements. However, this trust in democracy does not seem sufficient to integrate marginalized groups.

ခွဲထွက်ရေးဝါဒသည် ဖက်ဒရေးရှင်းများတွင်သာမက ဖက်ဒရေးရှင်းမဟုတ်သည့် နိုင်ငံများတွင်လည်း တွေ့ရသည်။ လက်ရှိခွဲထွက်ရေး လှုပ်ရှားမှုအများစုတို့သည် ဖက်ဒရေးရှင်းမဟုတ်သည့် နိုင်ငံများ သို့မဟုတ် တစ်ပြည်ထောင်နိုင်ငံများမှ ခွဲထွက်ရန် ကြိုးပမ်းမှုများဖြစ်ကြသောကြောင့် တစ်ပြည်ထောင်နိုင်ငံများသည် ခွဲထွက်ခြင်းကြိုးပမ်းမှုများမှ ကင်းလွတ်မည်ဟု အာမခံချက်မရှိပေ။ ဥပမာအားဖြင့် ယူကေရှိ စကော့တလန်သည် စကော့တလန်လွတ်လပ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးငြင်းခုံမှုများရှိနေသည့် အာဏာခွဲဝေပေးထားသောနိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံကိုလည်း ထိုသို့ပင် ဆိုနိုင်သည်။ လွတ်လပ်ရေးရရှိပြီးနောက် မြန်မာနိုင်ငံအနေဖြင့် ပိုမို၍ ဗဟိုမှ ချုပ်ကိုင်ထားလေ နယ်စပ်တောင်တန်းဒေသများတွင် ခွဲထွက်ရေး လှုပ်ရှားမှုများ ပေါ်ပေါက်လာလေဖြစ်သည်။

ဖက်ဒရယ်စနစ်သည် ဒီမိုကရေစီအုပ်ချုပ်မှုနှင့် ပေါင်းစပ်သည့်အခါမှသာ အလုပ်ဖြစ်လေ့ရှိပါသည်။ ဆိုဗီယက်ပြည်ထောင်စု နှင့် ယူဂိုဆလားဗီးယားနိုင်ငံတို့၏ မအောင်မြင်မှုနှင့်တကွ မလေးရှား နှင့် အင်ဒိုနီးရှားနိုင်ငံတို့ရှိ ဖက်ဒရယ်အသွင်ကူးပြောင်းမှု ကြန့်ကြာနေရခြင်းတို့သည် လူနည်းစုအုပ်စုများအကြား အဆင်မပြေမှုများ ပေါ်ပေါက်စေခဲ့သည့် ဒီမိုကရေစီအုပ်ချုပ်မှုမရှိခြင်းကြောင့်ဖြစ်သည်။

ဖက်ဒရယ်စနစ်သည် သောင်းပြောင်းရောနှောနေသည့် ပြည်နယ်များအား အတူတကွစုစည်းနိုင်ရန် သင့်လျော်မှုရှိမရှိသည် အခြေအနေ၊ လက်ရှိပြဿနာများ နှင့် ဖက်ဒရယ်စနစ်၏ အင်စတီကျူးရှင်းဆိုင်ရာ အသေးစိတ်အချက်များပေါ်မူတည်သည်။ အချို့သော လူမျိုးစုများစွာ ပါဝင်သော ဖက်ဒရေးရှင်းများသည် အခြားသော ဖက်ဒရေးရှင်းများထက် အောင်မြင်ကြပြီး ယင်းတို့အနက် ဆွစ်ဇာလန်၊ အိန္ဒိယ သို့မဟုတ် နိုင်ဂျီးရီးယားတို့ပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဝါဒ၊ ဒီမိုကရေစီ၊ အချိုးမညီမှု၊ ဗဟိုလုပ်ပိုင်ခွင့် အာဏာများအား ကန့်သတ်ခြင်း၊ အဆင့်များစွာပါဝင်သောပါတီစနစ်တစ်ခု နှင့် တိုင်းရင်းသားယူနစ်သစ်များ တည်ထောင်ရန် ဆန္ဒတို့သည် ကွဲပြားခြားနားမှု၏ ပုံစံဖြစ်သည်။ ဖက်ဒရယ်စနစ်သည် ခွဲထွက်ရေးကို အားပေးကြောင်း သို့မဟုတ် လူမျိုးများစွာကို ပေါင်းစည်းစေကြောင်းနှင့်စပ်လျဉ်း၍ တစ်ခုတည်းသော အဖြေမရှိပေ။ လက်တွေ့လည်ပတ်နိုင်သည့် ဒီမိုကရေစီစနစ်တစ်ခုသည် သက်ဆိုင်ရာ လူမျိုးစုအုပ်စုများ အားလုံးကို နိုင်ငံရေးစနစ်အတွက် လမ်းကြောင်းများပေးအပ်ပါက ဖက်ဒရယ်အစီအမံများမပါဝင်ဘဲ အလုပ်ဖြစ်နိုင်သည်။ သို့ရာတွင် ဤသို့ ဒီမိုကရေစီတွင် ယုံကြည်မှုသည် ဖယ်ကျဉ်ခံထားရသည့် အုပ်စုများကို ပေါင်းစပ်ထည့်သွင်းရေးအတွက် လုံလောက်မှုမရှိပေ။

In order to accommodate ethnic or minority demands, and to avoid secession, states may decentralize, devolve decision-making powers, create autonomous areas or federalize. Often the political regimes in ethnic federations vary in the regions or states in order to accommodate regional interests. For example, the size of regional parliaments, electoral systems, quotas for representation, electoral laws or protection of indigenous land rights may be different in the various units.

The reasoning behind allowing territorial autonomy in a multi-ethnic systems is simple: it will enable groups to protect their identities and cultures, while also ensuring that this group can participate in the union's institutions through shared rule. This form of autonomy and political participation is designed to lower the risks of secession and violence.

လူမျိုးစု သို့မဟုတ် လူနည်းစု၏ တောင်းဆိုချက်များနှင့် လိုက်လျောညီဖြစ်ရေး နှင့် ခွဲထွက်မှုကို ရှောင်ရှားရေးအတွက် နိုင်ငံများသည် ဗဟိုချုပ်ကိုင်မှုလျော့ချကာ ဆုံးဖြတ်ချက် ချမှတ်ခွင့်အာဏာများ ခွဲဝေပေးအပ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ ဖန်တီးရန် သို့မဟုတ် ဖက်ဒရယ်ဖော်ဆောင်ရန် လုပ် ဆောင်နိုင်သည်။ လူမျိုးစု ဖက်ဒရေးရှင်းများရှိ နိုင်ငံရေးစနစ် များသည် ဒေသတွင်း အကျိုးစီးပွားများနှင့် လိုက်လျောညီထွေ ပြင်ဆင်ရန် ပုံစံအမျိုးမျိုးကွဲပြားနိုင်ပါသည်။ ဥပမာအားဖြင့် ဒေသအဆင့် ပါလီမန်များ၏ အရွယ်အစား၊ ကိုယ်စားပြုမှု အတွက် ခွဲတမ်း၊ ရွေးကောက်ပွဲဥပဒေများ သို့မဟုတ် ဌာနေ ဘြဲယာအခွင့်အရေးများအား အကာအကွယ်ပေးရေးတို့သည် အမျိုးမျိုးသော ယူနစ်များအတွင်း ကွဲပြားခြားနားနိုင် သည်။

နယ်နိမိတ်ဒေသဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ခွင့်ပြုရသည့် အကြောင်းအရင်းသည် ရိုးရှင်းပါသည် – ယင်းသည် အုပ်စုများအနေဖြင့် ယင်းတို့၏ ကိုယ်ပိုင်လက္ခဏာများ နှင့် ယဉ်ကျေးမှုများကို အကာအကွယ်ပေးနိုင်စေပြီး အဆိုပါ အုပ်စုအနေဖြင့် မျှဝေ အုပ်ချုပ်မှုမှတစ်ဆင့် ပြည်ထောင်စုအင်စတီကျူးရှင်းတွင်ပါဝင်ခွင့်ကို သေချာစေခြင်း ဖြစ်သည်။ ဤကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် နိုင်ငံရေးဆိုင်ရာ ပူးပေါင်း ပါဝင်ဆောင်ရွက်မှု ပုံစံသည် ခွဲထွက်ခြင်း နှင့် အကြမ်းဖက်အန္တရာယ်များ၏ ပေါ်ပေါက်နိုင်ခြေကို လျော့ချ ရန် ပုံစံရေးဆွဲထားသည်။

Ethnic federalism diffuses pressure in the political system, but often promotes nepotism and persistent patron-client-relations, chauvinism and vitriolic anti-immigrant rhetoric, too, because ethnic groups often claim exclusive ownership of their segment of the state. In ethnic federations one frequently finds conflicts over the supremacy of national or unit law as well as claims or declarations to be sovereign. Ethnically defined federal units tend to expand their understanding of self-determination up to sovereignty, they see themselves as nation-states in waiting. This was the case in the late Soviet Union, ex-Yugoslavia, and in post-Soviet Russia. Statutes or constitutions of ethnic states or regions may contradict the national Constitution, for example by declaring that a given nationality is the sovereign. Furthermore, competing ownership claims over natural resources may clash; the national government may employ excessive emergency powers while ethnic regions or states may limit the universal exercise of citizenship rights. At the same time, India for example has proven that the creation of ethnic states constrains national majorities and protects the survival and reproduction of minorities.

Case Study on Self-Determination:

In Malaysia, the States of Sabah and Sarawak are detached from the mainland and have a common land border with Indonesia. According to the Malaysian Constitution, both states enjoy additional rights (Article 95B) and constitutional protections. For example, the Malaysian government and parliament cannot interfere in the institutional set-up of these two states (Article 161E).

လူမျိုးစု ဖက်ဒရယ်စနစ်သည် နိုင်ငံရေးစနစ်အတွင်းရှိ ဖိအားများကို ပျံ့နှံ့စေကာ ဆွေမျိုးကောင်းစားရေး ဘက်လိုက်ဝါဒကို အားပေးပြီး ရေရှည်အုပ်ချုပ်သူ–အုပ်စိုးခံ ဆက်ဆံရေးများ၊ မျက်ကန်းမျိုးချစ်ဝါဒ နှင့် ရွှေ့ပြောင်းအခြေချမှုဆန့်ကျင်ရေး မှိုင်းတိုက်လှုံ့ဆော်မှုများကို တိုးပွားလာစေသည်။ အဘယ့်ကြောင့်ဆိုသော် တိုင်းရင်းသားအုပ်စုများသည် ယင်းတို့ပြည်နယ်၏ အစိတ်အပိုင်းများအပေါ် သီးသန့်ပိုင်ဆိုင်မှုတောင်းဆိုလေ့ရှိသောကြောင့်ဖြစ်သည်။ လူမျိုးစုဖက်ဒရေးရှင်းများတွင် အမျိုးသားဥပဒေ သို့မဟုတ် ယူနစ် ဥပဒေ၏ လွှမ်းမိုးမှု သို့မဟုတ် အချုပ်အခြာအာဏာပိုင်ဆိုင်မှုတောင်းဆိုမှုများ သို့မဟုတ် ကြေညာချက်များနှင့်စပ်လျဉ်း၍ ပဋိပက္ခများ တွေ့ရလေ့ရှိသည်။ လူမျိုးစုအားဖြင့် သတ်မှတ်ထားသည့် ဖက်ဒရယ်ယူနစ်များသည် ယင်းတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် နားလည်သဘောပေါက်မှုအား အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုအထိ တိုးချဲ့လိုကြပြီး ယင်းတို့ကိုယ်ယင်းတို့ လူမျိုးစုနိုင်ငံများဖြစ်လာကြရန် ရှုမြင်ကြသည်။ ယင်းသည် ယခင် ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုဆလားဗီးယား နှင့် ဆိုဗီယက်အလွန် ရုရှားတို့၏ဖြစ်စဉ် ဖြစ်သည်။ ဥပမာအားဖြင့် သက်ဆိုင်ရာ လူမျိုးစုတစ်စုသည် အချုပ်အခြာအာဏာပိုင်ဆိုင်သည်ဟု ကြေညာခြင်းအားဖြင့် ပြည်နယ်များ သို့မဟုတ် တိုင်းဒေသကြီးများ၏ ဥပဒေများ သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုရှိနိုင်သည်။ ထို့ပြင် သဘာဝသယံဇာတများအပေါ် ပိုင်ဆိုင်မှု အခိုင်အမာ ပြောဆိုချက်များမှလည်း ပဋိပက္ခများ ဖြစ်စေနိုင်ပြီး နိုင်ငံတော် အစိုးရသည် အရေးပေါ် လုပ်ပိုင်ခွင့်အာဏာများကို အလွန်အကျူးအသုံးချကာ လူမျိုးစု ပြည်နယ်များ သို့မဟုတ် တိုင်းဒေသကြီးများသည် နိုင်ငံသားအခွင့်အရေးများ အသုံးပြုခွင့်ကို ကန့်သတ်နိုင်သည်။ တစ်ချိန်တည်းတွင် ဥပမာအားဖြင့် အိန္ဒိယနိုင်ငံသည် လူမျိုးစုပြည်နယ်များ ဖန်တီးခြင်းဖြင့် လူများစု အုပ်စုများအပေါ် အဟန့်အတားများဖြစ်စေပြီး လူနည်းစုများ၏ ရှင်သန်ရပ်တည်မှုနှင့် ပေါက်ပွားမှုတို့ကို အကာအကွယ်ပေးကြောင်း သက်သေပြခဲ့သည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်စပ်လျဉ်း၍ ဖြစ်စဉ်လေ့လာချက်

မလေးရှားနိုင်ငံတွင် Sabah နှင့် Sarawak ပြည်နယ်တို့သည် ပင်မကုန်း မြေ မှ ကွဲထွက်နေပြီး အင်ဒိုနီးရှား နိုင်ငံနှင့် နယ်နိမိတ်ခြင်း ထိစပ်နေပါသည်။ မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်နှစ်ခုစလုံးသည် ထပ်ဆောင်း အခွင့်အရေးများ (ပုဒ်မ ၉၅(ခ)) ရှိကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးထားခြင်းခံရပါသည်။ ဥပမာအားဖြင့် မလေးရှားနိုင်ငံအစိုးရ နှင့် လွတ်တော်တို့သည် အဆိုပါ ပြည်နယ်နှစ်အခုအတွင်းရှိ အင်စတီကျူးရှင်းများ တည်ထောင်ထားရှိမှုတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ပေ (ပုဒ်မ ၁၆၁(၄))။

The additional rights for Sabah and Sarawak (in addition to all other rights given to ALL states in Malaysia) include:

1. Native Law and Custom;

2. Registration of Adoptions under Native Law or Custom;

3. The Determination of Matters of Native Law or Custom;

4. The Constitution, Organization and Procedure of Native Courts and;

5. Powers of Native Courts which deal with customary law (adat), native customary land disputes and applications from non-native to be identified with the native communities



(မလေးရှားနိုင်ငံရှိ ပြည်နယ်အားလုံးထံပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အာဏာများ အပြင်) Sabah နှင့် Sarawak တို့အတွက် ထပ်မံပေးအပ်ထားသည့် အခွင့်အရေးများရှိပါသည် –

၁။ ဌာနေဥပဒေ နှင့် ဓလေ့ထုံးတမ်း

၂။ ဌာနေဥပဒေ နှင့် ဓလေ့ထုံးတမ်းအရ ကျင့်သုံးမှုများအား မှတ်တမ်းတင်ခြင်း

၃။ ဌာနေဥပဒေ နှင့် ဓလေ့ထုံးတမ်းအရ ကိစ္စရပ်များကို ဆုံးဖြတ်ခြင်း

၄။ ဌာနေတရားရုံးများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖွဲ့စည်းခြင်း နှင့် လုပ်ထုံးလုပ်နည်းများ၊ နှင့်

၅။ ဓလေ့ထုံးတမ်းဥပဒေ (adat)၊ ဌာနေဓလေ့ထုံးတမ်းစဉ်လာဆိုင်ရာ မြေယာအငြင်းပွားမှုများ နှင့် ဌာနေ အသိုင်းအဝိုင်းများဖြင့် ဌာနေတိုင်းရင်းသားမဟုတ်သူကို ခွဲခြားသတ်မှတ်သည့် သတ်မှတ်ချက်များကို ကိုင်တွယ်ဆောင်ရွက်သည့် ဌာနေတရားရုံးများ၏ လုပ်ပိုင်ခွင့်အာဏာများ



Conflict Regulation in Multi-ethnic Federations

A potential remedy for the avoidance of secessionism seems to be a greater recognition of multiculturalism and respect for diversity. In this sense, conflict regulation in federal systems refers to preventing centralization and protecting the groups within the federal union. Even if it is symbolic rather than legal, it can counterbalance nationalist rhetoric. Being aware of the power of narratives of past victimization is essential for understanding and building a solid union in the future. In Myanmar, the Karen, Kayah, Kachin, Shan, and Rohingya all have a distrust of the Union based on their histories; it is important for the Union to convey to them a sense of belonging and co-ownership of the Union as a whole. [2]

Taking into account the long tradition of exclusion and violence between different ethnic and religious groups in Myanmar, it is easy to understand why recognition through politics of history, memorials, in museums and school books is so important for many of the ethnic minorities and the ethnic armed organizations. The mentioning of all constituent groups in the Constitution may provide a normative frame against domination by the “core nation”.

[2] In the case of the Rohingya the legitimacy of belonging to Myanmar is highly disputed. The word Rohingya itself already emerged from the colonial and pre-colonial terms Rooinga and Rwangya. The Rohingya refer to themselves as Ruáingga /ruájnga/. The term "Rohingya" may come from Rakhanga or Roshanga, the words for the state of Arakan. The word Rohingya would then mean "inhabitant of Rohang". A right to "self-determination" extends to the right to determine one's own name. Politics of extermination often begin with the denial of a group's name. Upon request of the State Counsellor of Myanmar even the Advisory Commission on Rakhine State used neither the term “Bengali” nor “Rohingya”, who are referred to as “Muslims” or “the Muslim community in Rakhine”. However, part of the recognition of diverse identities is respect for a group's chosen name.

လူမျိုးစုပေါင်းစုံပါဝင်သည့် ဖက်ဒရေးရှင်းများအတွင်း ပဋိပက္ခများအား ထိန်းချုပ်ခြင်း

ခွဲထွက်ရေးဝါဒကို ရှောင်ရှားနိုင်ရေးအတွက် အစွမ်းအထက်ဆုံး နည်းလမ်းမှာ ယဉ်ကျေးမှုပေါင်းစုံပါဝင်သည့် စနစ်ကို ပိုမိုအသိအမှတ်ပြုရေး နှင့် စုံလင်ကွဲပြားမှုကို လေးစားမှုရှိခြင်းတို့ဖြစ်သည်။ ယင်းအတွက် ဖက်ဒရယ် စနစ်များအတွင်း ပဋိပက္ခများ ထိန်းချုပ်ရေးဆိုသည်မှာ ဗဟိုချုပ်ကိုင်မှုကို ကြိုတင်ကာကွယ်ခြင်း နှင့် ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ အုပ်စုများအား အကာအကွယ်ပေးခြင်းတို့ကို ရည်ညွှန်းသည်။ အကယ်၍ ယင်းသည် တရားဝင်သဘောထက် အထိမ်းအမှတ် သဘောသာဖြစ်သော်ငြား အမျိုးသားရေးဝါဒီများ၏ ပြောဆိုမှုများကို ပြန်လည် ထိန်းကျောင်းနိုင်သည်။ အတိတ်က အမြတ်ထုတ်ခံခဲ့ရသည့် ဇာတ်ကြောင်းများကို သိရှိခြင်းဖြင့် အနာဂတ်တွင် ခိုင်မာသည့် ပြည်ထောင်စုတစ်ခုအကြောင်း နားလည် သဘောပေါက်ရန် နှင့် တည်ဆောက်ရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် ကရင်၊ ကယား၊ ကချင်၊ ရှမ်း နှင့် ရှိဟင်ဂျာများ အားလုံးသည် ယင်းတို့၏ သမိုင်းကြောင်းများကို အခြေခံကာ ပြည်ထောင်စုအား ယုံကြည်မှု မရှိကြပေ။ ပြည်ထောင်စုအနေဖြင့် ယင်းတို့အား ပြည်ထောင်စုတွင် ပါဝင်မှု သဘောတရားတစ်ရပ်ကို ပေးပို့ကာ ပြည်ထောင်စုတစ်ခုလုံးကို ပူးတွဲပိုင်ဆိုင်မှုအား အသိပေးရန် အရေးကြီးသည်။[၂]

မြန်မာနိုင်ငံတွင် လူမျိုးစုအမျိုးမျိုးနှင့် ဘာသာရေးဆိုင်ရာ အုပ်စုများအကြား ကာလကြာမြင့်စွာ ဖယ်ထုတ်ထားခြင်း နှင့် အကြမ်းဖက်မှုများကို ထည့်သွင်း စဉ်းစားပါက တိုင်းရင်းသားလူနည်းစုများစွာ နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအတွက် သမိုင်းကြောင်း၊ အထိမ်းအမှတ်များ၊ ပြတိုက်များ နှင့် ကျောင်းစာအုပ်များမှတစ်ဆင့် အသိအမှတ်ပြုရေးသည် အဘယ့်ကြောင့် အရေးပါ သည်ကို အလွယ်တကူ နားလည်နိုင်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအတွင်း ပါဝင် သည့် အုပ်စုများအားလုံးကို ထည့်သွင်းဖော်ပြခြင်းသည် "ဗဟို လူမျိုးစုမှ" လွှမ်းမိုးမှု အား ဆန့်ကျင်သည့် စံသတ်မှတ်ချက်တစ်ခု ပေးအပ်သည်။

[၂] ရှိဟင်ဂျာကိစ္စရပ်တွင် မြန်မာနိုင်ငံတွင်း ပါဝင်မှုအတွက် တရားဝင်မှုဆိုင်ရာအကြောင်းကို များစွာ ဆွေးနွေးငြင်းခုံကြ ပါသည်။ ရှိဟင်ဂျာဟူသည့် စကားလုံးကိုယ်တိုင်သည် ကိုလိုနီခေတ် နှင့် ကိုလိုနီခေတ်မတိုင်မီ အခေါ်အဝေါ်များ ဖြစ်သော Rooinga နှင့် Rwangya တို့မှ ပေါ်ပေါက်လာသည်။ ရှိဟင်ဂျာများသည် ယင်းတို့ကိုယ်ယင်းတို့ Ruáingga /uájnga/ အဖြစ် ဖော်ပြကြသည်။ "ရှိဟင်ဂျာ" ဟူသော ဝေါဟာရသည် ရခိုင်ပြည်နယ်ကို ရည်ညွှန်းသော စကားလုံးများဖြစ်သည့် Rakhanga သို့မဟုတ် Roshanga မှဆင်းသက်လာသည်။ ထိုအခါ ရှိဟင်ဂျာဟူသော စကားလုံးသည် "ရခိုင်ပြည်တွင်းနေထိုင်သူ" ဟု အဓိပ္ပာယ်ရမည်ဖြစ်သည်။ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" တွင် မိမိအမည်ကို ကိုယ်တိုင်ဆုံးဖြတ်ခွင့်ပါဝင်သည်။ နိုင်ငံရေးအရ မျိုးဖြုတ်သုတ်သင်ခြင်းသည် အုပ်စုတစ်ခု၏ အမည်ကို လက်မခံခြင်းမှ စတင်လေ့ရှိသည်။ မြန်မာနိုင်ငံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တောင်းဆိုမှုအရ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်သည် ယင်းတို့အား "ဘင်္ဂလီ" ဖြစ်စေ "ရှိဟင်ဂျာ" ဖြစ်စေ သုံးနှုန်းခြင်းမရှိဘဲ "မူဆလင်များ" သို့မဟုတ် "ရခိုင်ပြည်နယ်ရှိ မူဆလင်အသိုင်းအဝိုင်း" ဟု ညွှန်းဆိုကြသည်။ သို့ရာတွင် မတူကွဲပြားသည့် ကိုယ်ပိုင်လက္ခဏာများအား အသိအမှတ် ပြုခြင်းသည် အုပ်စု၏ သက်ဆိုင်ရာအမည်ကို လေးစားလိုက်နာခြင်းဖြစ်သည်။



Ethnic federalism provides territorially concentrated, but also dispersed, groups with a sense of security. A sense of assured survival as a group is essential for intra-group pluralism – people are no longer forced to express all their collective concerns just in ethnic terms. Politics of recognition allows for intra-group differentiation. People from one ethnic background may, for example, vote for diverse political parties and not just their own ethnic party because they feel their ethnic rights are already secure. India, Nigeria and Russia, in part, evidence this. In these diverse countries, different ethnicities vote for non-ethnic, national parties because their main focus is not protection from the majority. Multi-ethnic federalism may stimulate the emergence of new identities, particularly regional identities, which are not primarily based on ethnicity. Over time a regional identity may supersede ethnic group boundaries. The greater the benefits for all groups living in a given territory, regardless of ethnic affiliations, the more likely people will identify with territorial self-governance rather than an exclusive ethnic identity. In Myanmar, many ethnic groups co-exist for example in the Chin, Shan or Kachin states and may come together regionally instead of based on their ethnicities.

For conflict regulation it is important that all ethnic groups, not just the dominant group in that territory, benefit equally. Democratic norms and procedures and the rule of law are necessary to sustain minority rights. Authoritarian regimes based on the hegemony of one ethnic group generate distrust and resistance among the excluded groups. Ethnocratic regimes, in which one group exclusively controls regional or central institutions, are destabilizing as well, because political opponents and those not belonging to the dominant regional ethnic group are excluded and their voices are not heard. This is why a democratically legitimized government with preventative measures against the "terror of the majority" are important for conflict regulation.



လူမျိုးစု ဖက်ဒရယ်စနစ်သည် နယ်နိမိတ်အားဖြင့် စုစည်းနေသည့် သို့မဟုတ် ပြန့်ကျဲနေသည့် အုပ်စုများအား လုံခြုံမှု ခံစားချက်တစ်ခု ရရှိစေပါသည်။ အုပ်စု တစ်စုအနေဖြင့် ရပ်တည်နိုင်မှု အာမခံချက်ရှိသည်ဟူသော ခံစားချက်သည် အုပ်စုများအကြား ဗဟုဝါဒအတွက် အရေးကြီးသည်။ ပြည်သူများအနေဖြင့် ယင်းတို့၏ တူညီသော စိုးရိမ်ပူပန်မှုများအား ထုတ်ဖော်ရာတွင် လူမျိုးစုအရေးအရ မဖြစ်မနေဖော်ပြရန် မလိုအပ်တော့ပေ။ လူမျိုးစုနောက်ခံသမိုင်းတစ်ခုရှိသည့် ပြည်သူများသည် ဥပမာ အားဖြင့် ယင်းတို့၏ လူမျိုးစုအခွင့်အရေးများ သေချာစွာရရှိပြီးဟု ခံစားရ သောကြောင့် ယင်းတို့၏ကိုယ်ပိုင်လူမျိုးစုပါတီသာမကဘဲ မတူကွဲပြားသည့် နိုင်ငံရေး ပါတီများကို ဆန္ဒမဲပေးနိုင်သည်။ အိန္ဒိယ၊ နိုင်ဂျီးရီး ယား နှင့် ရုရှားတို့တွင် ယင်းကို တစ်စိတ်တစ်ပိုင်းတွေ့မြင်နိုင်သည်။ ထိုသို့သော ကွဲပြားစုံလင်သည့် နိုင်ငံများအတွင်း လူမျိုးစုအမျိုးမျိုးတို့သည် လူမျိုးစုပါတီများအစား အမျိုးသားပါတီများကို ဆန္ဒမဲ ပေးကြသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ လူများစုထံမှ အကာအကွယ် ပေးခြင်းခံရရေးသည် အာရုံစူးစိုက်မှု မဟုတ်သောကြောင့်ဖြစ်သည်။ လူမျိုးစုများစွာ ပါဝင်သည့် ဖက်ဒရယ် စနစ်သည် ကိုယ်ပိုင်လက္ခဏာသစ်များ၊ အထူးသဖြင့် ဒေသဆိုင်ရာ ကိုယ်ပိုင်လက္ခဏာ များကို ပေါ်ပေါက်လာစေသည်။ ယင်းတို့သည် လူမျိုးစုပေါ်တွင် အဓိက အခြေခံ ထားခြင်းမဟုတ်ပေ။ အချိန်ကြာလာသည်နှင့်အမျှ ဒေသဆိုင်ရာ ကိုယ်ပိုင် လက္ခဏာ သည် တိုင်းရင်းသားအုပ်စုဆိုင်ရာ ကန့်သတ်ချက်များနေရာတွင် အစားထိုး သွားမည် ဖြစ်သည်။ သက်ဆိုင်ရာ နယ်မြေဒေသတစ်ခုအတွင်း နေထိုင်ခြင်းဖြင့် အကျိုးကျေးဇူး များ ပိုမိုရရှိပါက မည်သည့်တိုင်းရင်းသားဖြစ်စေ ပြည်သူများအနေဖြင့် မိမိတို့ကိုယ်မိမိ တိုင်းရင်းသားထက် သက်ဆိုင်ရာ ဒေသကိုယ်ပိုင်လက္ခဏာကိုပိုမိုခံယူမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဥပမာအားဖြင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ် သို့မဟုတ် ကချင် ပြည်နယ်တို့တွင် တိုင်းရင်းသားအုပ်စုများစွာ ပူးတွဲနေထိုင်ကြပြီး ယင်းတို့သည် လူမျိုးထက် ဒေသပေါ်တွင် အခြေခံကာ ပူးပေါင်းနိုင်ပါသည်။

ပဋိပက္ခဖြေရှင်းရေးအတွက် ဒေသတစ်ခုအတွင်းရှိ လွှမ်းမိုးသည့် အုပ်စုသာမကဘဲ တိုင်းရင်းသားအုပ်စု အားလုံးအတွက် တန်းတူအကျိုးကျေးဇူးရရှိရန် အရေးကြီးသည်။ လူနည်းစုအခွင့်အရေးများကို ရေရှည် ထိန်းသိမ်းနိုင်ရေးအတွက် ဒီမိုကရေစီ စံနှုန်းများ နှင့် လုပ်ထုံးလုပ်နည်းများ နှင့် တရားဥပဒေများသည် အရေးပါသည်။ တိုင်းရင်းသား အုပ်စုတစ်စု၏ လွှမ်းမိုးမှုတွင် အခြေခံသည့် အာဏာရှင်အုပ်ချုပ်မှုစနစ်များသည် ဖယ်ကျဉ်ခံထားရသည့် အုပ်စုများအကြား ယုံကြည်မှုမရှိခြင်း နှင့် သဘောမတူခြင်းများ ပေါ်ပေါက် စေနိုင်သည်။ လူမျိုးစုတစ်စုမှ ဒေသ သို့မဟုတ် ဗဟိုအင်စတီကျူးရှင်းများကို သီးသန့်ထိန်းချုပ်သော အုပ်ချုပ်သည့်စနစ်များသည်လည်း နိုင်ငံရေးအတိုက်အခံများ နှင့် ဩဇာလွှမ်းမိုးသည့် ဒေသဆိုင်ရာ တိုင်းရင်းသားအုပ်စုတွင် မပါဝင်သူများအား ဖယ်ကျဉ်ထားကာ ယင်းတို့၏ ပြောကြားလိုသည်များကို ကြားနာခြင်းမရှိသောကြောင့် မတည်ငြိမ်မှုကိုဖြစ်စေသည်။ ထို့ကြောင့် ပဋိပက္ခများအား ဖြေရှင်းရာတွင် "လူအများ စု၏ အကြိမ်းဖက်မှု" ကို ကြိုတင်ကာကွယ်ရေး အစီအမံများဖြင့် ဒီမိုကရေစီနည်းကျ ရွေးကောက် တင်မြှောက်ထားသည့် တရားဝင်အစိုးရများသည် အရေးကြီးပါသည်။

Equality of citizens and equal opportunities for access to power in the units, regardless of ethnic background, is key. You can see examples of instability and calls for secession in countries where power was not shared with minority ethnic groups. Ethiopia is an example in which multi-ethnic federalism has been implemented but dominated by one major party. This has led to conflict between different ethnic groups and calls for secession. Likewise, the dominance of one party under President Barzani in the Kurdistan Region of Iraq has increased tensions between Kurds and Arabs, and more widely between the region and the Iraqi government. In Pakistan, there is also evidence that the inability of political leaders to include and protect minorities has contributed to the instability of the federal system and to regular periods of military dictatorships.

In multi-ethnic federations, the central government is often tempted to extend its power over the units. These centralist tendencies could be countered by power-sharing in the central government through coalition governments that involve representatives of different ethnic groups. By giving these representatives a seat at the table, it not only gives them the opportunity to be part of the solution but it also encourages support from their ethnic groups, who see a reward for their involvement. But this model requires the representatives of different ethnic groups and different regions in a federation to not only fill quotas in the union government, but also have equal power and a veto right over key issues such as language rights, education, financial affairs affecting the regions and regional self-government.



တိုင်းရင်းသားဖြစ်မှုပေါ် မူတည်ခြင်းမရှိဘဲ နိုင်ငံသားများအတွက် တန်းတူညီမျှမှု နှင့် ယူနစ်များအတွင်း လုပ်ပိုင်ခွင့်အာဏာ ရရှိရန်အတွက် တန်းတူအခွင့်အရေးများ ပေးအပ်ရေးသည် အဓိကကျသည်။ လူနည်းစု လူမျိုးစု အုပ်စုများနှင့် လုပ်ပိုင်ခွင့် အာဏာအား မျှဝေထားခြင်းမရှိသည့် နိုင်ငံများတွင် မတည်ငြိမ်မှု နှင့် ခွဲထွက်ရန် တောင်းဆိုမှု ဥပမာများကို တွေ့မြင်နိုင်သည်။ အီသီယိုးပီးယားသည် လူမျိုးစု များစွာပါဝင်သော ဖက်ဒရယ်စနစ် ကို အကောင်အထည်ဖော်ခဲ့သော်လည်း အဓိက ပါတီတစ်ခုမှ သြဇာလွှမ်းမိုးသည့် ဥပမာတစ်ရပ်ဖြစ်သည်။ ယင်းကြောင့် လူမျိုးစု အုပ်စုအမျိုးမျိုးအကြား ပဋိပက္ခများ ဖြစ်ပွားကာ ခွဲထွက်ခွင့် တောင်းဆိုမှုများ ပေါ်ပေါက်ခဲ့သည်။ အလားတူပင် သမ္မတ Barzani အောက်ရှိ အီရတ်နိုင်ငံ ကာဒစ်စတန်ဒေသတွင် ပါတီတစ်ခု၏ လွှမ်းမိုးနေမှုကြောင့် ကာ့ဒ်များ နှင့် အာရပ်များ အကြား တင်းမာမှုများ မြင့်တက်လာခဲ့ပြီး ဒေသ နှင့် အီရတ်အစိုးရတို့အကြား တွင်လည်း တင်းမာမှု ပိုမိုမြင့်တက်လာစေသည်။ ပါကစ္စတန်တွင် နိုင်ငံရေး ခေါင်းဆောင်များအနေဖြင့် လူနည်းစုများကို ထည့်သွင်း ကာကွယ်နိုင်မှုမရှိခြင်းကြောင့် ဖက်ဒရယ်စနစ် မတည်ငြိမ်မှု နှင့် စစ်အာဏာရှင်အုပ်ချုပ်မှုကာလများ ပုံမှန် ဖြစ်ပေါ် လာစေခဲ့သည်။

လူမျိုးစုများစွာပါဝင်သည့် ဖက်ဒရေးရှင်းများတွင် ဗဟိုအစိုးရသည် ယင်း၏ လုပ်ပိုင်ခွင့်အာဏာအား ယူနစ်များအပေါ် ချဲ့ထွင်အသုံးချလိုသည်များ ရှိကြသည်။ ယင်းသို့သော ဗဟိုဝါဒီ အလားအလာများအား ဗဟိုအစိုးရအတွင်း အမျိုးမျိုးသော လူမျိုးစုအုပ်စုများကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များပါဝင်သော ညွှန့်ပေါင်းအစိုးရများမှတစ်ဆင့် ဗဟိုအစိုးရ၏ အာဏာမျှဝေသည့် အစီအစဉ်ဖြင့် ပြန်လည်ထိန်းကျောင်းနိုင်သည်။ အဆိုပါ ကိုယ်စားလှယ်များအား နေရာတစ်ခုပေးလိုက်ခြင်းဖြင့် ယင်းတို့အား ဖြေရှင်းမှုနည်းလမ်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နိုင်သည့် အခွင့်အလမ်းပေးကာ တိုင်းရင်းသားအုပ်စုများသည် ယင်းတို့၏ ပါဝင်ပတ်သက်မှု၏ အကျိုးရလဒ်အဖြစ် ထောက်ခံအားပေးမည်ဖြစ်သည်။ သို့ရာတွင် ဤပုံစံသည် ဖက်ဒရေးရှင်းတစ်ခုအတွင်းရှိ ကွဲပြားခြားနားသော လူမျိုးစုအုပ်စုများနှင့် ကွဲပြားခြားနားသောဒေသများ၏ ကိုယ်စားလှယ်များ အနေဖြင့် ပြည်ထောင်စုအစိုးရအတွက် ခွဲတမ်းများ ဖြည့်ဆည်းပေးရုံမကဘဲ ဒေသများ နှင့် ဒေသအဆင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပေါ်သက်ရောက်သည့် ဘာသာစကားအခွင့်အရေးများ၊ ပညာရေးနှင့် ဌေကြေးဆိုင်ရာ အဓိကကျသော ကိစ္စရပ်များအပေါ် တန်းတူ လုပ်ပိုင်ခွင့်အာဏာ နှင့် ဗီတိုအာဏာ ရှိကြသည်။



The list of federations that are multi-ethnic includes Bosnia-Herzegovina, Ethiopia, India, Nigeria, Pakistan, Russia, South Africa, Spain and Switzerland.

At times federalism and power-sharing are applied at the same time in multi-ethnic states. Power-sharing implies grand coalition governments in which nearly all political parties have roles, the protection of minority rights, a decentralization of power and granting veto powers to ethnic units. Power-sharing might be an alternative to war, but it has a "price tag": actors of violence are often extraordinarily rewarded for agreeing to a ceasefire or peace agreement; the search for consensus can turn into deadlock; minorities may exercise absolute veto powers and; finally, the power relationships at the end of war are likely to be preserved. Evidence from Belgium, Bosnia-Herzegovina, Macedonia, Nepal and Switzerland suggests that power-sharing or federalism can end a war in deeply divided societies, yet the only case where power-sharing remained stable over time is Switzerland.

Federalism means constant bargaining. Inter-governmental conferences, effective parliamentary chambers (bicameralism), inquiry commissions, and bilateral or multilateral treaties between the union government and unit governments are arenas for bargaining. Inter-governmental conferences often provide bargaining space, especially when the parliament is weak. Meetings of chief executives of the units offer an arena to prepare and make decisions, even if there is a lack of transparency.




လူမျိုးစုများစွာပါဝင်သော ဖက်ဒရေးရှင်းများစာရင်းတွင် ဘော့စနီးယား–ဟာဇီဂိုဗီးနား၊ အီသီယိုးပီးယား၊ အိန္ဒိယ၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ရုရှား၊ တောင်အာဖရိက၊ စပိန် နှင့် ဆွစ်ဇာလန်တို့ ပါဝင်သည်။

တစ်ခါတစ်ရံတွင် လူမျိုးစုမျိုးစုံပါဝင်သည့် နိုင်ငံများတွင် ဖက်ဒရယ်စနစ် နှင့် အာဏာမျှဝေမှုတို့ကို တစ်ပြိုင်နက် အသုံးချပါသည်။ အာဏာမျှဝေခြင်းဆိုသည်မှာ နိုင်ငံရေးပါတီအားလုံး၏အခန်းကဏ္ဍများ၊ လူနည်းစုအခွင့်အရေးကာကွယ်ရေး၊ အာဏာများဗဟိုချုပ်ကိုင်မှုလျှော့ချရေး နှင့် လူမျိုးစု ယူနစ်များထံ ဗီတိုအာဏာများ ပေးအပ်ခြင်းတို့ပါဝင်သည့် ကြီးမားသော ညွှန့်ပေါင်းအစိုးရများကို ရည်ညွှန်းသည်။ အာဏာမျှဝေခြင်းသည် စစ်ပွဲအတွက် အခြားအစားထိုးနည်းလမ်းတစ်ရပ် ဖြစ်သော်လည်း ယင်းတွင်လည်း "ပေးဆပ်ရမှု" တစ်ခုရှိပါသည်။ အကြမ်းပတမ်း ပြုတတ်သူများအား အပစ်အခတ်ရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူညီချက် တစ်ခုတွင် လက်မှတ်ထိုးစေခြင်းဖြင့် အသိအမှတ်ပြုပါသည်။ သဘောတူညီမှု ရရှိရေးသည် အကျပ်အတည်းဖြစ်ပေါ်နိုင်ပြီး လူနည်းစုများသည် အကြွင်းမဲ့ ဗီတို အာဏာများ အသုံးပြုကာ နောက်ဆုံးတွင် စစ်ပွဲများအပြီးနောက် အာဏာဆိုင်ရာ ဆက်နွယ်မှုပုံစံကို ဆက်လက်ထိန်းသိမ်းထားရန် အလားအလာရှိပါသည်။ ဘယ်လ်ဂျီယံ၊ ဘော့စနီးယား–ဟာဇီဂိုဗီးနား၊ မက်ဆီဒိုးနီးယား၊ နီပေါ နှင့် ဆွစ်ဇာလန်တို့မှ အထောက်အထားများအရ အာဏာမျှဝေခြင်း သို့မဟုတ် ဖက်ဒရယ်စနစ်သည် များစွာကွဲပြားနေသည့် လူ့အဖွဲ့အစည်းများအတွင်း စစ်ပွဲများကို ရပ်ဆိုင်းနိုင်ကြောင်း တွေ့ရသည်။ သို့တိုင် အချိန်ကာလ ကြာမြင့်လာသည့်အခါ အာဏာမျှဝေမှု ဆက်လက်တည်ငြိမ်စွာရှိနေသည်မှာ ဆွစ်ဇာလန်သာ ဖြစ်သည်။


ဖက်ဒရယ်စနစ် ဆိုသည်မှာ စဉ်ဆက်မပြတ် ညှိနှိုင်းခြင်းကိုဆိုလိုသည်။ အစိုးရများအကြား အစည်းအဝေးများ၊ ထိရောက်သည့် ပါလီမန်အစည်းအဝေးများ (ပါလီမန်နှစ်ရပ်ရှိသည့်စနစ်)၊ စုံစမ်းရေးကော်မရှင်များ၊ နှင့် ပြည်ထောင်စုအစိုးရ နှင့် ယူနစ်အစိုးရများအကြား နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံမျိုးစုံပါဝင်သော သဘောတူ စာချုပ်များသည် ညှိနှိုင်းရသည့်နယ်ပယ်ဖြစ်သည်။ အစိုးရများအကြား အစည်းအဝေးများသည် အထူးသဖြင့် ပါလီမန်က အားနည်းနေသည့်အခါ ညှိနှိုင်းနိုင်သည့်ဝန်းကျင်တစ်ခု ဖြစ်သည်။ ယူနစ်များ၏ အုပ်ချုပ်ရေး အကြီးအကဲများ တွေ့ဆုံခြင်းသည် ပွင့်လင်းမြင်သာမှုမရှိလျှင်ပင် ပြင်ဆင် ဆုံးဖြတ်နိုင်သည်။



The union, as well as unit governments, are likely to pursue their own interests. It is therefore essential to have a "third party" that mediates in case of conflict and prevents one side from always being the winner. In democratic federations, constitutional courts usually play this role. In order to be a successful "third party," these courts need to be independent, recognized and principally neutral – qualities generally missing in authoritarian federations where the constitutional court tends to side with the union government. Hence the judiciary plays a key role in all federal institutions, but particularly in multi-ethnic ones, because it is seen as the neutral party making decisions on conflicts between different ethnic groups. The rule of law and the independence of the judiciary is therefore an important element for the success of certain multi-ethnic federations.



ပြည်ထောင်စုနှင့်တကွ ယူနစ်အစိုးရများသည် ယင်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားများကို ဖော်ဆောင်သည့် အလားအလာရှိသည်။ ထို့ကြောင့် ပဋိပက္ခများကို ညှိနှိုင်းပေးကာ တစ်ဖက်ထဲမှ အစဉ်အနိုင်ရရှိနေမှုကို အကာအကွယ်ပေးမည့် "ကြားအဖွဲ့အစည်း" တစ်ခုထားရှိရန် အရေးကြီးပါသည်။ ဒီမိုကရက်တစ်ဖက်ဒရေးရှင်းများတွင် ဤအခန်းကဏ္ဍအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများက တာဝန်ယူဆောင်ရွက်ကြသည်။ အောင်မြင်သည့် "ကြားအဖွဲ့အစည်း" တစ်ခုဖြစ်စေရန်အတွက် အဆိုပါ တရားရုံးများသည် သီးခြားလွတ်လပ်မှုရှိကာ အခြေခံအားဖြင့် ကြားနေရမည်ဖြစ်ပြီး ယင်းသည် အာဏာရှင်စနစ်သုံး ဖက်ဒရေးရှင်းများ တွင် တွေ့ရလေ့မရှိသော အရည်အသွေးများ လိုအပ်သည်။ ထို့ကြောင့် တရားစီရင်ရေးသည် ဖက်ဒရယ် အင်စတီကျူးရှင်းအားလုံး၊ အထူးသဖြင့် လူမျိုးများစွာပါဝင်သည့် ဖက်ဒရေးရှင်းများအတွင်း အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသည် မတူညီသည့် လူမျိုးစုနှစ်ခုအကြားရှိ ပဋိပက္ခများကို ဆုံးဖြတ်ချက် ချမှတ်သည့် ကြားနေအဖွဲ့ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာလူမျိုးစုများစွာပါဝင်သော ဖက်ဒရေးရှင်း၏အောင်မြင်မှုအတွက် တရားဥပဒေစိုးမိုးရေး နှင့် သီးခြားလွတ်လပ်သည့် တရားစီရင်ရေးသည် အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။



No legal definition of "peoples"

There is no recognized legal definition of "peoples" in international law.

There are far more self-identified nations, nationalities and ethnic groups than there are states and there is no legal process to redraw state boundaries according to the will of these peoples.

Many definitions of "peoples" refer to ethnicity, language, history, "mutual affection or sentiment", "loyalty", solidarity, or an expressed desire for self-determination, but more often than not the coherence of these ethnic groups is questionable. International law does not recognize ethnic and other minorities as separate peoples, with the exception of cases in which such groups are systematically disenfranchised or repressed by the government of the state they live in.

"ပြည်သူများ" ဟူသည့်အပေါ် တရားဝင် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိပါ

နိုင်ငံတကာဥပဒေအရ "ပြည်သူများ" ဟူသည့်အပေါ် တရားဝင် အသိအမှတ်ပြုထားသည့် ဥပဒေ မရှိပေ။

ကိုယ်ပိုင်ခွဲခြားသတ်မှတ်ထားသည့် လူမျိုးစုများ၊ လူမျိုးများ နှင့် လူမျိုးစုအုပ်စုများသည် အစိုးရများထက် ပိုမို များပြားစွာရှိနေပြီး အဆိုပါ ပြည်သူများ၏ဆန္ဒအရ နိုင်ငံနယ်နိမိတ်များအား ပြန်လည်ရေးဆွဲရန် တရားဝင် လုပ်ငန်းစဉ်တစ်ရပ်မရှိပါ။

"ပြည်သူများ" အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်များစွာတို့သည် လူမျိုးစု၊ ဘာသာစကား၊ သမိုင်းကြောင်း၊ "အပြန်အလှန် ချစ်ခင်မှု သို့မဟုတ် အမြင်"၊ "သစ္စာရှိမှု"၊ စည်းလုံးညီညွတ်မှု၊ သို့မဟုတ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆန္ဒ ထုတ်ဖော်ပြောဆိုမှုတို့ကို ရည်ညွှန်းသော်လည်း အဆိုပါ လူမျိုးစုအုပ်စုများ၏ ညီညွတ်မှုသည် မေးခွန်းထုတ်ဖွယ်ဖြစ်သည်။ နိုင်ငံတကာဥပဒေများအရ လူမျိုးစုများ နှင့် အခြားလူနည်းစုများ အား သီးခြားပြည်သူများအဖြစ် သတ်မှတ်ခြင်းမပြုပေ။ ခြွင်းချက်မှာ ယင်းတို့ နေထိုင်ရာ နိုင်ငံ၏အစိုးရများမှ ထိုသို့သော အုပ်စုများ၏ဆန္ဒမဲပေးခွင့်အား စနစ်တကျ တားမြစ်ခြင်း သို့မဟုတ် ဖိနှိပ်ထားခြင်းတို့ဖြစ်သည်။

A democratic and human rights based approach to self-determination entails the personal right to align with a people, i.e. the right – not compulsion – to form and to belong to people, as well as a people's right to determine their politics. Contentious issues of self-determination include determining international and internal borders, privileges of "indigenous" populations or "historical nations" over later settlers, the preservation of traditional social orders and the protection of minorities inside minorities as well as unequal citizenship rights. In other words, self-determination can turn into a highly discriminatory social and legal practice. The problem with self-determination is thus its exclusive, often non-democratic character that reserves “rights” to allegedly pre-existing collective entities – the “self” is then pre-defined by tradition rather than volition.

Self-determination has led to an increase in the number of conflicts within states, as sub-groups seek greater self-determination and full secession. Self-determination often conflicts with rival leadership claims in ethnic groups, with unprotected "minorities in minorities" and with the dominant state

Self-determination may contrast with the principle of territorial integrity or sovereignty of states. In the practice of international law, territorial integrity takes precedence over self-determination, unless a lengthy violent conflict forces the government to reconcile.

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် ဒီမိုကရေစီ နှင့် လူ့အခွင့်အရေးများတွင် အခြေခံသည့် ချဉ်းကပ်မှုအရ ပြည်သူများနှင့် ချိန်ညှိရန် ကိုယ်ပိုင်အခွင့်အရေးတစ်ရပ်ပါဝင်သည်။ ယင်းသည် အတင်းအကျပ် စေခိုင်းခြင်း မဟုတ်ဘဲ ပြည်သူတစ်ရပ်ဖွဲ့စည်းပါဝင်ရန်နှင့်တကွ ယင်းတို့၏ နိုင်ငံရေးကို ဆုံးဖြတ်ခွင့်တို့ပါဝင်သည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၏ အငြင်းပွားဖွယ်ကိစ္စရပ်များတွင် နိုင်ငံတကာ နှင့် ပြည်တွင်းနယ်နိမိတ်များ သတ်မှတ်ခြင်း၊ "ဌာနေ" ပြည်သူများ၏ အထူးအခွင့်အရေးများ သို့မဟုတ် နောက်ပိုင်း အခြေချသူများအတွက် "သမိုင်းဝင် လူမျိုးများ"၊ အစဉ်အလာလူမှုရေး အစီအစဉ်များ ထိန်းသိမ်းရေး၊ လူနည်းစုများအတွင်းမှ လူနည်းစုများအား အကာအကွယ်ပေးရေးနှင့်တကွ တန်းတူညီမျှမရှိသည့် နိုင်ငံသားအခွင့်အရေးများ ပါဝင်သည်။ တစ်နည်း ဆိုရသော် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် များစွာ ခွဲခြားဆက်ဆံသည့် လူမှုရေး နှင့် တရားဝင်အလေ့အထ တစ်ရပ်အဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ ပြဿနာမှာ ယင်းသည် ရှိပြီးသား အဖွဲ့အစည်းများ စုဝေးမှု "self" အတွက် "အခွင့်အရေးများ" အသင့်ချန်ထားသော သီးသန့်ဖြစ်နေသည့် တစ်ခါတစ်ရံ ဒီမိုကရေစီမဆန်သော လက္ခဏာတစ်ရပ်ဖြစ်သည်။ ထိုစုဝေးမှု/အစုအဖွဲ့အား ဆန္ဒအလျောက်မဟုတ်ဘဲ အစဉ်အလာအရ တင်ကြိုသတ်မှတ်ထားပါသည်။

အုပ်စုခွဲများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပိုမိုရရှိလိုပြီး အပြည့်အဝခွဲထွက်ခွင့် ရရှိလိုသောကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် နိုင်ငံများအတွင်း ပဋိပက္ခများ တိုးပွားလာစေပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် လူမျိုးစုအုပ်စုများ၊ အကာအကွယ်မရှိသည့် "လူနည်းစုအတွင်းမှ လူနည်းစုများ" အတွင်း အပြိုင်ခေါင်းဆောင်မှုတောင်းဆိုခြင်းများနှင့် ဩဇာလွှမ်းမိုးသည့် ပြည်နယ် နှင့် ပဋိပက္ခဖြစ်လေ့ရှိပါသည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် သည် နယ်မြေဒေသမပြိုကွဲရေး သို့မဟုတ် အစိုးရများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုဆိုင်ရာ အခြေခံသဘောတရားနှင့် ဆန့်ကျင်မှုရှိနိုင်ပါသည်။ နိုင်ငံတကာ ဥပဒေများ ကျင့်သုံးရာတွင် ကာလရှည်ကြာ အကြမ်းဖက် ပဋိပက္ခကြောင့် အစိုးရအနေဖြင့် ပြန်လည်ပေါင်းစည်းရန် တွန်းအားဖြစ်သည့်အခါမှလွဲလျှင် နယ်မြေဒေသမပြိုကွဲရေးသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ထက် ပိုမိုအရေးကြီးပါသည်။

A right to secede is commonly only granted as a remedy of last resort. However, in cases of non-self-governing peoples and foreign military occupation, the principle of self-determination trumps that of territorial integrity. In cases where a people lacks representation by a state government, they may be considered a separate people. But the international community usually reacts with political opportunism rather than principle to quests for self-determination. Self-determination within a single state is a domestic matter not covered by international law. UN Resolution 1514 (XV) of 1960 states that any attempt "aimed at partial or total disruption of the national unity and the territorial integrity of a country is incompatible with the purposes and principles of the Charter". Self-determination is divided into internal and external aspects, the latter one referring to sovereignty in external affairs, which is commonly reserved to the national government. However, this prioritizing of territorial integrity and external sovereignty of the nation over self-determination is rejected by some who argue that all peoples have the right to self-determination.



ပုံမှန်အားဖြင့် ခွဲထွက်ခွင့်အား နောက်ဆုံးအခြေအနေတွင်မှသာ ဖြေရှင်းမှုနည်းလမ်းအဖြစ် ပေးအပ်ပါသည်။ သို့ရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရှိသည့် ပြည်သူများနှင့် နိုင်ငံခြားမှ စစ်ရေးအရ ကျူးကျော်သိမ်းပိုက်ခြင်းများနှင့်စပ်လျဉ်း၍မူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် နယ်မြေဒေသ မပြိုကွဲရေးထက် အရေးကြီးပါသည်။ အကယ်၍ ပြည်နယ်အစိုးရတစ်ရပ်မှ ကိုယ်စားပြုမှု မရှိသည့် ပြည်သူများအား သီးခြားပြည်သူများအဖြစ် ယူဆနိုင်သည်။ သို့ရာတွင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အား အခြေခံသဘောတရားထက် နိုင်ငံရေးဆိုင်ရာ အခွင့်အလမ်းဖြင့်သာ ဆက်ဆံလေ့ရှိသည်။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် နိုင်ငံတကာဥပဒေတွင် မပါဝင်သော ပြည်တွင်းအရေးကိစ္စတစ်ရပ်ဖြစ်သည်။ ကုလသမဂ္ဂဆုံးဖြတ်ချက် ၁၅၁၄ (၁၅) အရ "နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားညီညွတ်မှု နှင့် နယ်နိမိတ်ဒေသဆိုင်ရာ ပေါင်းစည်းမှုအပေါ် တစ်စိတ်တစ်ပိုင်းသို့မဟုတ် အပြည့်အဝ ထိခိုက်စေရန် ရည်ရွယ်သော မည်သည့်ကြိုးပမ်းမှုမဆိုသည် ပဋိညာဉ်စာချုပ်၏ ရည်ရွယ်ချက်များ နှင့် အခြေခံမူတို့နှင့် ကိုက်ညီမှုမရှိပါ"။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အား မိမိနယ်မြေကို လွတ်လပ်စွာစီမံခန့်ခွဲ ပိုင်ခွင့်နှင့် နယ်မြေဒေသအရ သီးခြားရပ်တည်ခွင့်ဟူ၍ ရှုထောင့်နှစ်ရပ်ခွဲထားပြီး ဒုတိယ ရှုထောင့်သည် နိုင်ငံတော်အစိုးရအတွက် ချန်လှပ်ထားလေ့ရှိသည့် ပြင်ပရေးရာများအတွက် အချုပ်အခြာအာဏာကို ရည်ညွှန်းပါသည်။ သို့ရာတွင် နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ထက် နယ်မြေဒေသ မပြိုကွဲရေး နှင့် ပြင်ပအချုပ်အခြာအာဏာတို့အား ဦးစားပေးသည့် ဤအယူအဆအား အချို့မှ ကန့်ကွက်ပြီး လူတိုင်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည်ဟု ဆိုကြသည်။



Segmentation

Often the risks of secessionism associated with self-determination can be contained if radical ethnic groups become fragmented and contentious policy issues are segmented. Like other political systems, federations are mechanisms to distribute and dissolve political pressure. Having many units can help to fragment the dominant group. If a unit is more diverse, then radical action by one ethnic group is prevented. Another segmentation strategy could consist of distributing contentious issues over several institutions. The number of states or regions should not be cast in stone forever. In Russia, several autonomous districts were fused, in India and Nigeria ever more states were created compared to the number of units at independence. The creation of new states, i.e. the segmentation of ethnic groups with competing ownership claims over a given state, alleviated pressure.

De-escalation is more likely if a system is able to avoid an accumulation of complaints in one ethnic division. This is what we mean by segmentation. For example, a unit could be formed based on language instead of religion. Regional borders based on historical, linguistic and economic criteria thus cause less conflict potential than borders based on religious affiliation. Borders based on religious divisions only deepen conflicts, because politicized religion tends to be more fundamentalist than secular. India and Nigeria's experiences confirm this insight; in India, for example, Muslim Jammu and Kashmir and the quest for a Sikh state instigated violence, in Nigeria the introduction of the Sharia in 12 Northern states discriminates against non-Muslims and gave rise to the terrorist organization Boko Haram.

အစိတ်အပိုင်းများ ခွဲခြားခြင်း

အစွန်းရောက် လူမျိုးစုအုပ်စုများအား ခွဲခြားထားပြီး အငြင်းပွားဖွယ် မူဝါဒဆိုင်ရာ ကိစ္စရပ်များအား အစိတ်အပိုင်းများ ခွဲခြားပါက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့်ဆက်စပ်နေသည့် ခွဲထွက်မှုဆိုင်ရာ အဆိုးကြုံနိုင်ခြေများကို ထိန်းချုပ်နိုင်ပါသည်။ အခြားနိုင်ငံရေးစနစ်များကဲ့သို့ပင် ဖက်ဒရေးရှင်းများသည်လည်း နိုင်ငံရေးဖိအားများကို အစိတ်အပိုင်းများ ခွဲရန် နှင့် ဖယ်ရှားရန် စနစ်များဖြစ်ကြသည်။ ယူနစ်များစွာရှိခြင်းသည် သြဇာလွှမ်းမိုးနေသည့် အုပ်စုအား အစိတ်အပိုင်းများ ခွဲခြားရန် အကူအညီပေးနိုင်ပါသည်။ အကယ်၍ ယူနစ်တစ်ခုသည် ပိုမို၍ ကွဲပြားစုံလင်ပါက လူမျိုးစုတစ်စုမှ လုပ်ဆောင်သည့် အစွန်းရောက်လုပ်ငန်းများကို တားမြစ်နိုင်မည် ဖြစ်သည်။ အခြားသော အစိတ်အပိုင်းများ ခွဲခြားသည့် ဗျူဟာတစ်ရပ်မှာ အငြင်းပွားဖွယ်ကိစ္စရပ်များကို အင်စတီကျူးရှင်းအချို့သို့ ခွဲဝေပေးခြင်းဖြစ်သည်။ ပြည်နယ် နှင့် တိုင်းဒေသကြီး အရေအတွက်သည်လည်း အစဉ်အမြဲ တစ်သမတ်တည်း ရှိရန်မလိုပါ။ ရုရှားတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်များအား ပေါင်းစပ်ခဲ့ကာ အိန္ဒိယနိုင်ငံ နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင်မူ လွတ်လပ်ရေးရစဉ်က ရှိခဲ့သော ယူနစ်အရေအတွက်ထက် ပိုမို၍ ယူနစ်သစ်များ ဖွဲ့စည်းခဲ့သည်။ ပြည်နယ်သစ်များ ဖန်တီးရေး – ပြည်နယ်တစ်ခုအပေါ် အပြိုင်တောင်းဆိုမှုများ ပြုလုပ်နေသည့် လူမျိုးစုများအား ခွဲခြားခြင်းသည် ဖိအားလျော့ကျစေနိုင်သည်။

အကယ်၍ စနစ်တစ်ခုသည် လူမျိုးစုတစ်စုအတွင်း မကျေနပ်မှုများစွာ စုစည်းလာနေခြင်းကို ရှောင်ရှားနိုင်ပါက တင်းမာမှုလျော့ချရေးသည် ပိုမိုဖြစ်နိုင်ခြေရှိသည်။ အစိတ်အပိုင်းများ ခွဲခြားခြင်းဆိုသည်မှာ ယင်းကို ဆိုလိုပါသည်။ ဥပမာအား ဖြင့် ဘာသာရေးအစား ဘာသာစကားကိုအခြေခံကာ ယူနစ်တစ်ခုကို ဖွဲ့စည်းနိုင် ပါသည်။ သမိုင်းကြောင်း၊ ဘာသာစကား နှင့် စီးပွားရေးဆိုင်ရာ စံချိန်စံနှုန်းများတွင် အခြေခံသည့် ဒေသဆိုင်ရာ နယ်နိမိတ်များသည် ဘာသာရေးကို အခြေခံကာ သတ်မှတ် ထားသည့် နယ်နိမိတ်များထက် ပဋိပက္ခဖြစ်ပွားနိုင်ခြေ နည်းပါသည်။ ဘာသာရေး ဆိုင်ရာ ကွဲပြားမှုများကို အခြေခံထားသည့် နယ်နိမိတ်များသည် ပဋိပက္ခများကို ပိုမိုသာ ဆိုးရွားလာစေနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံရေး လက္ခဏာရှိသည့် ဘာသာရေးသည် ဘာသာရေး အယူအဆများကို လက်မခံသည်ထက် ပိုမို၍ အစွန်းရောက်ဝါဒီဆန်သောကြောင့် ဖြစ်သည်။ အိန္ဒိယ နှင့် နိုင်ဂျီးရီးယားတို့၏ အတွေ့အကြုံများအရ ယင်းကို အတည်ပြုခဲ့ပါသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံတွင် မူဆလင် ဂျမူး နှင့် ကက်ရှ်မီးယား နှင့် ဆစ်ခ်ပြည်နယ် တောင်းဆိုမှုအတွင်း အကြမ်းဖက်မှုများ၊ နိုင်ဂျီးရီးယားတွင် မြောက်ပိုင်းပြည်နယ် ၁၂ ခုအတွင်း ရှာရီယာဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းသည် မူဆလင် မဟုတ်သူများကို ခွဲခြားဆက်ဆံခြင်း နှင့် ဘိုကိုဟာရမ် အကြမ်းဖက်အဖွဲ့တို့ကိုပေါ်လာစေခဲ့သည်။

Contrary to conventional wisdom, where regional borders are drawn in a way that turns minorities into regional majorities, this recipe is likely to lead to ethnic expulsion of non-titular minorities. Instead, units with a diversity of ethnicities offer the opportunity for a growth of regional, rather than ethnic-exclusive, identifications. Mandalay Region or Shan State in Myanmar are examples of this. If these Regions/States were to be identified as the exclusive territory of one group, and henceforth were fully controlled by this one group, then new exclusions would occur, which is likely to lead to new conflict.

Often in multi-ethnic states, groups ask for recognition of their exclusive "homeland". If this is granted, provisions on how to protect minorities within the "homeland" need to be addressed.



သိထားကြသည်များနှင့်ဆန့်ကျင်နေသည်မှာ လူနည်းစုများအား ဒေသဆိုင်ရာ လူများစုများဖြစ်စေသည့် ပုံစံဖြင့် ဒေသနယ်နိမိတ်များကို ရေးဆွဲပါက ယင်းသည် အမည်မရှိသည့် လူနည်းစုများအား တိုင်းရင်းသားများအတွင်းမှ ဖယ်ရှားခြင်းကို ဖြစ်စေနိုင်သည်။ ထို့အစား လူမျိုးစုများ စုံလင်ကွဲပြားစွာပါဝင်သည့် ယူနစ်များသည် တိုင်းရင်းသားသီးသန့် ကိုယ်ပိုင်လက္ခဏာများအစား ဒေသဆိုင်ရာတိုးတက်မှု အခွင့်အလမ်းကို ရရှိစေသည်။ မန္တလေးတိုင်းဒေသကြီး သို့မဟုတ် ရှမ်းပြည်နယ် တို့သည် ယင်းအတွက် ဥပမာများဖြစ်သည်။ အကယ်၍ အဆိုပါ တိုင်းဒေသကြီး/ပြည်နယ်များအား အုပ်စုတစ်စု၏ သီးသန့် နယ်မြေဒေသအဖြစ် ခွဲခြား သတ်မှတ်ပြီး အဆိုပါ အုပ်စုမှသာ ထိန်းချုပ်ပါက ဖယ်ကျဉ်ခြင်းများ ထပ်မံပေါ်ပေါက်လာကာ ပဋိပက္ခသစ်များ ဖြစ်ပေါ်စေနိုင်သည်။

လူမျိုးစုများစွာပါဝင်သည် နိုင်ငံများတွင် အုပ်စုများသည် ယင်းတို့၏ သီးသန့် "ဇာတိမြေ" ကို အသိအမှတ်ပြုရန် တောင်းဆိုလေ့ရှိကြသည်။ အကယ်၍ ယင်းကို ပေးအပ်လိုက်ပါက "ဇာတိမြေ" အတွင်းရှိ လူနည်းစုများအပေါ် မည်သို့ အကာအကွယ် ပေးရမည်ဟူသော ပြဿနာချက်များကို ဖြေရှင်းရန်လိုသည်။



Asymmetrical Regulations

Federations cannot have the same solutions for all different ethnic demands. They must be flexible in their approach. The characteristics of ethnic groups are different so the approaches should be different and, at times, asymmetrical. Asymmetric regulations consist of exemptions from general laws and special laws in certain places for certain people. This may seem to conflict with the equality provision but asymmetry responds to different capabilities, needs and political preferences – unequal starting positions should be accommodated.

One common fear of asymmetries is that they cause jealousies and more requests from minority groups. In other words, if one region is entitled to certain rights, others are likely to request the same. But if specific regulations are balanced by larger equality provisions, are democratically legitimized, and regularly assessed, they may contribute to conflict regulation. India and Russia offer, for example, ethnic district autonomy for smaller groups apart from regional autonomy.


အချိုးမညီ စည်းမျဉ်းသတ်မှတ်ချက်များ

ဖက်ဒရေးရှင်းများတွင် အမျိုးမျိုးသော လူမျိုးစုများ၏ တောင်းဆိုမှုများအတွက် တူညီသော ဖြေရှင်းချက် တစ်ခုတည်း ရှိနိုင်မည်မဟုတ်ပေ။ ယင်းတို့၏ ချဉ်းကပ်မှုတွင် ပြောင်းလွယ်ပြင်လွယ်ရှိရမည်ဖြစ်သည်။ လူမျိုးစုအုပ်စုများ၏ လက္ခဏာများသည် ကွဲပြားခြားနားသောကြောင့် ချဉ်းကပ်မှုနည်းလမ်းများသည်လည်း ကွဲပြားကာ တစ်ခါတစ်ရံတွင် အချိုးမညီပုံစံဖြစ်သင့်သည်။ အချိုးမညီ စည်းမျဉ်းသတ်မှတ်ချက်များတွင် အချို့သော ပြည်သူများအတွက် အချို့သောနေရာများတွင် အထွေထွေဥပဒေ နှင့် အထူးဥပဒေများမှ ကင်းလွတ်ခွင့်များပါဝင်သည်။ ယင်းသည် တန်းတူညီမျှမှုရှိရေး ပြဋ္ဌာန်းချက်နှင့်ကွဲလွဲနေသော်လည်း အချိုးမညီမှုသည် မတူညီသော စွမ်းရည်များ၊ လိုအပ်ချက်များ နှင့် နိုင်ငံရေးဆိုင်ရာ အလေးသာမှုများကို တုံ့ပြန်ကာ ညီမျှမှုမရှိသည့် ကနဦး အနေအထားများကို လိုက်လျောညီထွေဆောင်ရွက်သင့်သည်။

အချိုးမညီမှုများနှင့်စပ်လျဉ်း၍ တူညီသည့် စိုးရိမ်ပူပန်မှုတစ်ခုမှာ လူနည်းစုအုပ်စုများမှ မနာလိုမှုများ နှင့် ပိုမို တောင်းဆိုမှုများ ပေါ်ပေါက်စေသည်ဟူ၍ဖြစ်သည်။ တစ်နည်းဆိုရသော် ဒေသတစ်ခုအား သက်ဆိုင်ရာ အခွင့်အရေးကို ပေးအပ်ခဲ့ပါက အခြားဒေသများသည်လည်း ထိုနည်းတူတောင်းဆိုခြင်းဖြစ်သည်။ သို့ရာတွင် အကယ်၍ သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ပိုမိုကျယ်ပြန့်သည့် ညီမျှရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ဟန်ချက်ညီမှုစေကာ ဒီမိုကရေစီနည်းကျ တရားဝင်ပြုလုပ်ပြီးလျှင် ပုံမှန်စိစစ်ပါက ယင်းတို့သည် ပဋိပက္ခများကို ထိန်းသိမ်းစီမံရာတွင် အထောက်အကူပြုနိုင်စေသည်။ ဥပမာအားဖြင့် အိန္ဒိယ နှင့် ရုရှားတို့သည် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြင် ပိုမိုသေးငယ်သည့် လူမျိုးစုခရိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပေးအပ်ထားသည်။


A fixed system of government entitlements for certain ethnic groups, however, preserves group boundaries. It leads to rigid control and the perpetuation of group-related demands. Instead of fixed quotas or benefits for specific groups, affirmative action should be based on needs of marginalized social strata rather than ethnicity per se, because otherwise a small number of ethnic entrepreneurs are likely to benefit most from asymmetrical arrangements. Quotas are likely to lead to a incrustation of groups of origin instead of rewarding merits, for example when civil service posts are filled according to ethnic quotas.

If secession is to be avoided, federalism must be capable of offering and distributing public goods for marginalized ethnic groups or regions in a way that seems, at least in the long run, a better deal than secession. Federalism may lose its legitimacy if it constantly fails to deliver for all people. The creation of ethnic units should not lead to a deterioration of the socio-economic situation of ethnic groups or a feeling of being left out of the union's progress.



အချို့လူမျိုးစုအုပ်စုများအတွက် အတိအကျသတ်မှတ်ထားသော အစိုးရစနစ်တစ်ရပ်သည် အုပ်စု၏နယ်နိမိတ်များကို ထိန်းသိမ်းပေးသည်။ ယင်းသည် တင်းကြပ်စွာ ထိန်းချုပ်မှုကို ဦးတည်သွားစေပြီး အစုအဖွဲ့များအရေး ရှေ့တန်းတင်သည့် တောင်းဆိုမှုများကို အဆက်မပြတ် ပေါ်ပေါက်လာစေသည်။ သက်ဆိုင်ရာ အုပ်စုများအတွက် ခွဲတမ်းများ သို့မဟုတ် အကျိုးကျေးဇူးများ အတိအကျသတ်မှတ်ထားခြင်းအား လူမျိုးစုတွင်ထက် ဖယ်ကျဉ်ခံထားရသည့် လူတန်းစားအလွှာတွင် အခြေခံသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့မဟုတ်ပါက အချို့မည် အစီအမံများမှ အကျိုးကျေးဇူးအများဆုံးရရှိမည်မှာ တိုင်းရင်းသား စွန့်ဦးတီထွင်သူအချို့သာဖြစ်သည်။ ဥပမာအားဖြင့် ဝန်ထမ်းခန့်အပ်မှုတွင် တိုင်းရင်းသားလူမျိုးအလိုက် ခွဲတမ်းဖြင့် ခန့်အပ်ပါက မူလအုပ်စုများအတွက် အကျိုးကျေးဇူး မရစေဘဲ အပေါ်ယံဗန်းပြသည့်သဘောသို့သာ ဦးတည်သွားနိုင်စေသည်။

အကယ်၍ ခွဲထွက်ခြင်းကို ရှောင်ရှားရမည်ဆိုပါက ဖက်ဒရယ်စနစ်သည် ဖယ်ကျဉ်ခံထားရသည့် လူမျိုးစု အုပ်စုများ သို့မဟုတ် ဒေသများအတွက် အနိမ့်ဆုံးအနေဖြင့် ရေရှည်တွင် ခွဲထွက်ခြင်းထက် ပိုမိုကောင်းမွန်ဟန်ရှိသော နည်းလမ်းတစ်ရပ်ဖြင့် အများပြည်သူဆိုင်ရာ အကျိုးစီးပွားအတွက် ပေးအပ်၊ ဖြန့်ဖြူးနိုင်ရမည်။ ဖက်ဒရယ်စနစ်သည် အကယ်၍ ပြည်သူအားလုံးအတွက် မကြာခဏ ဆောင်ရွက်နိုင်မှုမရှိ ဖြစ်နေပါက ယင်း၏ တရားဝင်မှုကို ဆုံးရှုံးရနိုင်သည်။ လူမျိုးစုယူနစ်များ ဖန်တီးရေးကြောင့် လူမျိုးစုအုပ်စုများ၏ လူမှုစီးပွားအခြေအနေများ ထိခိုက်ယိုယွင်းခြင်း သို့မဟုတ် ပြည်ထောင်စု၏ တိုးတက်မှုတွင် ချန်ထားခြင်းခံရသည်ဟူသော ခံစားချက်ကို ပေါ်ပေါက်လာစေခြင်း မရှိစေသင့်ပေ။



Multi-ethnic federalism: A Right to Secede?

When the Bolsheviks came to power in Russia in October 1917, they supported the right of all nations, including colonies, to self-determination; it was part of their endeavor to distance the new regime from the Tsarist legacy. The Soviet model of ethnic federalism gave rights to nationalities or ethnic groups according to their respective size and concentration of settlement, including the right of secession for its 15 Union Republics. The Soviet model was later imitated to some extent by China, Yugoslavia, and Myanmar. However, the Soviet Union violated its proclaimed principles of self-determination by suppressing those trying to actually exercise self-determination. China followed the Soviet Union in including the right of secession in its 1931 constitution. However, the Communist Party later eliminated this right.


As of 1996, the constitutions of Austria, Ethiopia, France, and Saint Kitts and Nevis have express or implied rights to secession. Switzerland allows for secession from current cantons and the creation of new cantons. The cantons are seen as sovereign entities with ultimate decision-making power. In the case of Quebec's potential separation from Canada, the Supreme Court of Canada in 1998 ruled that only both a clear majority by popular vote of the province and a constitutional amendment confirmed by all participants in the Canadian federation could allow secession.

လူမျိုးစုပေါင်းစုံ ဖက်ဒရယ်စနစ် - ခွဲထွက်ခွင့်လော။


၁၉၁၇ ခုနှစ် ရုရှားနိုင်ငံတွင် ဘော်ရှီဗစ်များ အာဏာရရှိလာခဲ့ချိန်တွင် ယင်းတို့သည် ကိုလိုနီနယ်ခြေများ အပါအဝင် လူမျိုးများအားလုံးအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထောက်ခံခဲ့ကြသည်။ ထိုသို့ထောက်ခံခဲ့ခြင်းသည် အုပ်ချုပ်မှုစနစ်သစ်အား ဇာတုရင်စနစ်၏အမွေများနှင့် ကင်းကွာစေလိုသည့် ယင်းတို့၏ ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ဆိုဗီယက်ပုံစံ လူမျိုးစု ဖက်ဒရယ်စနစ်သည် ယင်း၏ သမ္မတနိုင်ငံ ၁၅ နိုင်ငံအတွက်အပါအဝင် လူမျိုးစုများ သို့မဟုတ် တိုင်းရင်းသားအုပ်စုများအား ၄င်းတို့၏ သက်ဆိုင်ရာ အရွယ်အစား နှင့် စုစည်းအခြေချနေထိုင်မှုတို့ပေါ်မူတည်၍ ခွဲထွက်ခွင့်အပါအဝင် အခွင့်အရေးများ ပေးအပ်ခဲ့သည်။ ဆိုဗီယက်ပုံစံအား နောက်ပိုင်းတွင် တရုတ်၊ ယူဂိုဆလားဗီးယား နှင့် မြန်မာတို့က အတိုင်းအတာအချို့အထိ အတုယူခဲ့ကြသည်။ သို့ရာတွင် ဆိုဗီယက်ပြည်ထောင်စုသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အမှန်တကယ် ကျင့်သုံးရန်ကြိုးပမ်းသူများအား ဖိနှိပ်ခြင်းဖြင့် ယင်း၏ ကြွေးကြော်ထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခြေခံသဘောတရားများကို ချိုးဖောက်ခဲ့သည်။ တရုတ်နိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုကဲ့သို့ ခွဲထွက်ခွင့်ကို ယင်း၏ ၁၉၃၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ သို့ရာတွင် ကွန်မြူနစ်ပါတီသည် အဆိုပါအခွင့်အရေးကို နောက်ပိုင်း ပယ်ဖျက်ခဲ့သည်။

၁၉၃၆ ခုနှစ်လေ့လာချက်များအရ ဩစတြီးယား၊ အီသီယိုးပီးယား၊ ပြင်သစ်၊ စိန့်ကစ်နှင့် နီးဗစ်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ များတွင် ခွဲထွက်ခွင့်ကို ဖော်ပြ သို့မဟုတ် ရည်ညွှန်းထားသည်။ ဆွစ်ဇာလန်နိုင်ငံတွင် လက်ရှိပြည်နယ်(ကန်တုံ)များမှ ခွဲထွက်ခွင့် နှင့် ပြည်နယ်(ကန်တုံ)သစ်များ တည်ထောင်ခွင့်ကို ခွင့်ပြုထားသည်။ ပြည်နယ်(ကန်တုံ)များသည် အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် လုပ်ပိုင်ခွင့် အာဏာရှိသော အချုပ်အခြာအာဏာပိုင် အဖွဲ့အစည်းများ ဖြစ်သည်။ ကနေဒါနိုင်ငံမှ ကွီဘက်၏ အလားအလာရှိသော ခွဲထွက်မှုဖြစ်စဉ်တွင် ၁၉၉၈ ခုနှစ်၌ ကနေဒါ တရားရုံးချုပ်က စီရင်စု၏ လူများစုဆန္ဒမဲသာမကဘဲ ကနေဒါ ဖက်ဒရေးရှင်းတွင် ပါဝင်သူအားလုံးမှ အတည်ပြုထားသည့် ဖွဲ့စည်းပုံပြင်ဆင်ချက်ဖြင့်သာ ခွဲထွက်ခွင့်ကို ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

The 1947 Constitution of the Union of Burma contained a right to secede under a number of procedural conditions as well. That right was eliminated in the 1974 Constitution of the Socialist Republic of the Union of Burma (the "Union of Myanmar"). There is an ongoing debate about the link between the right to self-determination, a right to secession and a non-secession clause in the current peace conference. The Tatmadaw have made it clear that they will not accept any form of reference to secession, while many EAOs want a clear recognition of the right to self-determination and want to eliminate the current non-secession clause from the constitution.



ပြည်ထောင်စုမြန်မာနိုင်ငံ၏ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လုပ်ထုံးလုပ်နည်းဆိုင်ရာ အခြေအနေ သတ်မှတ်ချက်အချို့အောက်တွင် ခွဲထွက်ခွင့်ကို ပြဋ္ဌာန်းထားသည်။ အဆိုပါ အခွင့်အရေးအား ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ("ပြည်ထောင်စုမြန်မာနိုင်ငံတော်") ၁၉၇၄ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ဖယ်ရှားခဲ့သည်။ လက်ရှိပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ ခွဲထွက်ခွင့် နှင့် ခွဲထွက်ခွင့်မရှိရေး ပြဋ္ဌာန်းချက်တစ်ခုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးငြင်းခုံမှုများ ပြုလုပ်နေဆဲဖြစ်သည်။ တပ်မတော်က ၄င်းတို့အနေဖြင့် ခွဲထွက်ခြင်း နှင့် စပ်လျဉ်းသည့် ရည်ညွှန်းဖော်ပြချက် တစ်စုံတစ်ရာကို လက်ခံမည် မဟုတ်ကြောင်း အတိအလင်းကြေညာခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAO)များကမူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အား ရှင်းလင်းစွာ အသိအမှတ်ပြုရန် နှင့် အခြေခံဥပဒေအတွင်းမှ လက်ရှိ ခွဲထွက်မှုမရှိစေရေး ပြဋ္ဌာန်းချက်ကို ဖယ်ရှားရန် လိုလားကြသည်။



Case Study

India



United Nations cartographic map of South Asia. However, the United Nations does not endorse any definitions or area boundaries.

Of all Asian federations, India provides the best insight into the workings of multi-ethnic federations. India is an example of coexistence and flexibility of multiple identities, especially in a huge developing country. Indian federalism is characterized by the combination of parliamentarism and majoritarian democracy, asymmetries and the diversity of bargaining arenas. The autonomy of the states in India allows for substantial flexibility in minority protection. Despite a very diverse population and variety of conflicts, India's relative success might be explained by how inclusive its institutions are, its adherence to multiculturalism and support of informal bargaining.

ဖြစ်စဉ်လေ့လာချက်

အိန္ဒိယ



United Nations cartographic map of South Asia. However, the United Nations does not endorse any definitions or area boundaries.

အာရှတိုက်ရှိ ဖက်ဒရေးရှင်းများအားလုံးအနက် အိန္ဒိယနိုင်ငံသည် လူမျိုးစုပေါင်းစုံပါဝင်သော ဖက်ဒရေးရှင်းများ၏ လည်ပတ်ပုံနှင့်စပ်လျဉ်း၍ သိမြင်နားလည်မှုကို အကောင်းဆုံး ပေးနိုင်သည်။ အိန္ဒိယနိုင်ငံသည် အထူးသဖြင့် ကြီးမား သည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွင်း များစွာသောကိုယ်ပိုင်လက္ခဏာများ ပူးတွဲတည်ရှိမှု နှင့် ပြောင်းလွယ်ပြင်လွယ် ရှိမှုတို့၏ ဥပမာတစ်ရပ်ဖြစ်သည်။ အိန္ဒိယ ဖက်ဒရယ်စနစ်တွင် ပါလီမန် ဒီမိုကရေစီ နှင့် လူများစု ဒီမိုကရေစီစနစ်၊ အချိုးမညီမှုများ နှင့် ညှိနှိုင်းဆောင်ရွက်သည့် လုပ်ငန်းများဆိုင်ရာ မတူကွဲပြားမှုများ၏ လက္ခဏာများကို စုပေါင်း တွေ့မြင်နိုင်သည်။ အိန္ဒိယနိုင်ငံရှိပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် လူနည်းစုများကို အကာအကွယ်ပေးရာတွင် သိသာသည့် ပြောင်းလွယ်ပြင်လွယ်မှု ရှိသည်။ အလွန် ကွဲပြားစုံလင်သည့် လူဦးရေနှင့် ပဋိပက္ခအမျိုးမျိုးနှင့်နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံ၏ အောင်မြင်မှုကို ကြည့်ခြင်းအားဖြင့် ယင်း၏ အင်စတီကျူးရှင်းများ၏ အားလုံးပါဝင်နိုင်မှု၊ ယဉ်ကျေးမှု ပေါင်းစုံပါဝင်သောဝါဒကို လိုက်နာဆောင်ရွက်မှု နှင့် အလွတ်သဘောညှိနှိုင်းမှုများကို ထောက်ခံခြင်းတို့အား တွေ့မြင် နိုင်သည်။

Minority protections significantly vary among India's states. Issues remain in numerous states which have a number of minorities, and where access to resources and services is not provided for all groups. However, both the Union and the states have minority rights protection mechanisms in place, and they have, in general, been successful. Muslims especially feel discriminated against in certain states and not sufficiently protected by the union government.

Main Points

1. We distinguish between internal self-determination ("a right to cultural autonomy and protection") and external self-determination ("a right to secession and independence").

2. All federations commit to the right of internal self-determination through autonomy (self-rule) but most do not allow external self-determination (i.e. secession).

3. Some federations allow procedures for secession, but these need to be clearly stated in the Constitution.

လူနည်းစုများကို အကာအကွယ်ပေးရေးသည် အိန္ဒိယနိုင်ငံ၏ပြည်နယ်များအကြားတွင် သိသိသာသာ ကွဲပြားမှု ရှိပါသည်။ လူနည်းစု အတော်များများရှိနေသည့် ပြည်နယ်များတွင် ပြဿနာအမျိုးမျိုးရှိနေဆဲဖြစ်ပြီး အုပ်စု အားလုံးအတွက် အရင်းအမြစ်နှင့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်စွမ်း မရှိပေ။ သို့ရာတွင် ပြည်ထောင်စုနှင့်တကွ ပြည်နယ်များတွင် လူနည်းစုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် စနစ်များရှိနေပြီး ယင်းတို့သည် ယေဘုယျအားဖြင့် အောင်မြင်မှုရှိခဲ့ပါသည်။ အချို့သော ပြည်နယ်များတွင် မူဆလင်များသည် အထူးသဖြင့် ခွဲခြားဆက်ဆံခံရပြီး ပြည်ထောင်စုအစိုးရမှ လုံလောက်စွာ အကာအကွယ်ပေးခြင်းမရှိဟု ခံစားရသည်။

အဓိကအချက်များ

၁။ မိမိနယ်မြေကို ကိုယ်ပိုင်စီမံအုပ်ချုပ်ပိုင်ခွင့် ("ယဉ်ကျေးမှုအစဉ်အလာဆိုင်ရာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့် နှင့် အကာအကွယ်ပေးရေး") နှင့် နယ်မြေအရ သီးခြားလွတ်လပ်စွာရပ်တည်ပိုင်ခွင့် ("ခွဲထွက်ခွင့် နှင့် သီးခြားလွတ်လပ်စွာရပ်တည်ခွင့်") တို့အကြား တွင် ခွဲခြားဖော်ပြပါသည်။

၂။ ဖက်ဒရေးရှင်းအားလုံးသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (ကိုယ်ပိုင်အုပ်ချုပ်မှု) မှတစ်ဆင့် မိမိနယ်မြေကို ကိုယ်ပိုင် စီမံအုပ်ချုပ်ပိုင်ခွင့်ကို ကတိကဝတ်ပြုပေးထားသော်လည်း အများစုသည် နယ်မြေအရ သီးခြားလွတ်လပ်စွာ ရပ်တည်ပိုင်ခွင့် (ခွဲထွက်ခွင့်) ကိုမူ ခွင့်မပြုပေ။

၃။ အချို့သော ဖက်ဒရေးရှင်းများသည် ခွဲထွက်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများကို ခွင့်ပြုထားပါသည်။ သို့ရာတွင် ယင်းတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ရှင်းလင်းစွာ ပြဋ္ဌာန်းရန် လိုအပ်ပါသည်။



RELEVANCE FOR MYANMAR

As debates about the future federal system in Myanmar continue, the question of self-determination remains of key importance. In the original Panglong Agreement and the 1947 Constitution, some ethnic groups were given the right to secede if the federal system failed to sufficiently protect their identity within the newly independent Burma. Today, the 2008 Constitution includes a non-secession clause, something that the Tatmadaw continues to insist on for any future federal Myanmar. Many EAOs and ethnic groups reject the idea of a non-secession clause, but they do not necessarily support a directly stated right to secession anymore.

This remains a difficult issue and federalism provides a compromise because of its focus on internal self-determination, which does not necessarily or automatically lead to external self-determination. However, internal self-determination must ensure that different groups can protect and celebrate their diversity, and it must ensure that Myanmar's diversity is recognized in the symbols of the state, its national anthem, its official languages and its cultural values. What is more, in order to make a federal system work and ensure internal self-determination, democratic governance is key in order to alleviate conflict. This means that decisions should only be made by leaders that have been elected by the people, and that the people can hold their elected leaders to account for their performance.



မြန်မာနိုင်ငံအတွက် ဆီလျော်မှု

မြန်မာနိုင်ငံရှိ အနာဂတ်ဖက်ဒရယ်စနစ်နှင့်စပ်လျဉ်း၍ ဆွေးနွေးငြင်းခုံမှုများ ဆက်လက်ဖြစ်ပွားနေသည် နှင့် အမျှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ မေးခွန်းသည် အဓိက အရေးအကြီးဆုံးဖြစ်နေဆဲဖြစ်သည်။ မူလ ပင်လုံ စာချုပ် နှင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံသစ်အတွင်း ဖက်ဒရယ်စနစ် သည် မိမိတို့၏ ကိုယ်ပိုင်လက္ခဏာများအား လုံလောက်စွာ အကာအကွယ်ပေးနိုင်ခြင်းမရှိပါက ခွဲထွက်ရန် အတွက် တိုင်းရင်းသားအုပ်စုအချို့အား ခွင့်ပြုထားပါသည်။ ယနေ့အခါတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အတွင်း ခွဲထွက်မှုမပြုရေး ပြဋ္ဌာန်းချက်တစ်ခု ပါဝင်ပြီး တပ်မတော်သည် ယင်းပြဋ္ဌာန်းချက်အား မည်သည့် အနာဂတ် ဖက်ဒရယ် မြန်မာနိုင်ငံအတွက်မဆို ထားရှိရန် အခိုင်အမာဆက်လက်ပြောဆိုလျက်ရှိပါသည်။ EAO များနှင့် တိုင်းရင်းသားအုပ်စုများစွာတို့သည် ခွဲထွက်မှုမပြုရေး ပြဋ္ဌာန်းချက်ကို ကန့်ကွက်ကြသည်။ သို့ရာတွင် ယင်းတို့သည် ခွဲထွက်ခွင့်ကို တိုက်ရိုက်ပြဋ္ဌာန်းရန် တောင်းဆိုနေခြင်းလည်းမဟုတ်ပေ။

ယင်းသည် ခက်ခဲသည့် ပြဿနာတစ်ရပ် ဖြစ်နေဆဲဖြစ်ပြီး ဖက်ဒရယ်စနစ်သည် မိမိနယ်မြေကို ကိုယ်ပိုင် စီမံခန့်ခွဲပိုင်ခွင့်တွင် အာရုံစူးစိုက်ပြီး နယ်မြေဒေသအရ သီးခြားလွတ်လပ်စွာရပ်တည်ပိုင်ခွင့်သို့ မဖြစ်မနေ သို့မဟုတ် အလိုအလျောက် ဦးတည်ခြင်းမရှိသောကြောင့် အလယ်အလတ်လမ်းစဉ်တစ်ခုကို ပေးအပ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မိမိနယ်မြေကို ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်သည် ကွဲပြားသော အုပ်စုများအနေဖြင့် ယင်းတို့၏ စုံလင်ကွဲပြားမှုကို ကာကွယ်ဖော်ဆောင်နိုင်ကြောင်း သေချာစေကာ နိုင်ငံတော်တံဆိပ်၊ နိုင်ငံတော် သီချင်း၊ ရုံးသုံးဘာသာစကားများ နှင့် ယဉ်ကျေးမှုဆိုင်ရာ စံတန်ဖိုးများတွင် မြန်မာနိုင်ငံ၏ စုံလင်ကွဲပြားမှုကို အသိအမှတ်ပြုကြောင်း သေချာစေရမည်။ ထို့ပြင် ဖက်ဒရယ်စနစ်တစ်ခု အလုပ်ဖြစ်စေရန် နှင့် မိမိနယ်မြေကို ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်ကို သေချာစေရန်အတွက် ပဋိပက္ခများကို လျော့ပါးသက်သာ စေရန် ဒီမိုကရေစီနည်းကျ စီမံအုပ်ချုပ်မှုသည် အဓိကကျသည်။ ယင်းသည် ဆုံးဖြတ်ချက်များအား ချမှတ်ရာတွင် ပြည်သူများမှ ရွေး ကောက်တင်မြှောက်ခဲ့သော ခေါင်းဆောင်များမှသာ လုပ်ဆောင်ပြီး ၄င်းတို့၏ စွမ်းဆောင်ရည်အတွက် အဆိုပါ ရွေးချယ်ထားသည့် ခေါင်းဆောင်များသည် ပြည်သူများထံသို့ တာဝန်ခံရမည်ဟု ဆိုလိုပါသည်။

Questions for Consideration

1. Why and how are responsibilities distributed in a federation?
2. What are the main principles in the distribution of responsibilities and how can this change?
3. How do federations allocate financial resources? What is the link between the distribution of responsibilities and allocations?

Questions for Myanmar

1. How does the 2008 Constitution distribute competences between the States/Regions and the Union?
2. Which main competences and tasks are missing in the 2008 for the States/Regions in order to call Myanmar “genuinely federal”?
3. How are taxes and other income currently distributed in Myanmar, and what needs to change for the country to become “genuinely federal”?

စဉ်းစားရမည့် မေးခွန်းများ

၁။ ဖက်ဒရေးရှင်းတစ်ခုအတွင်း လုပ်ငန်းတာဝန်များအား အဘယ့်ကြောင့် ခွဲဝေပြီး မည်သို့ ခွဲဝေသနည်း။

၂။ လုပ်ငန်းတာဝန်များအား ခွဲဝေရာတွင် မည်သည်တို့သည် အဓိက ကျသော အခြေခံသဘောတရားများ ဖြစ်ကြကာ ယင်းတို့ကို မည်သို့ပြောင်းလဲနိုင်သနည်း။

၃။ ဖက်ဒရေးရှင်းများသည် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များကို မည်သို့ခွဲဝေသနည်း။ လုပ်ငန်းတာဝန်များခွဲဝေခြင်း နှင့် အရင်းအမြစ်ခွဲဝေခြင်းတို့အကြားတွင် မည်သည့် ချိတ်ဆက်မှုရှိသနည်း။

မြန်မာနိုင်ငံအတွက် မေးခွန်းများ

၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များ/တိုင်းဒေသကြီးများ နှင့် ပြည်ထောင်စုတို့အကြားတွင် လုပ်ပိုင်ခွင့်များ မည်သို့ခွဲဝေသတ်မှတ်ထားသနည်း။

၂။ မြန်မာနိုင်ငံအား "စစ်မှန်သည့် ဖက်ဒရယ်" ဟုခေါ်ဆိုနိုင်ရန် အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်/တိုင်းဒေသကြီးများအတွက် မည်သည့် လုပ်ပိုင်ခွင့်များ နှင့် တာဝန်များ လိုအပ်နေသနည်း။

၃။ လက်ရှိ မြန်မာနိုင်ငံတွင် အခွန်များ နှင့် အခြားဝင်ငွေများအား မည်သို့ခွဲဝေပြီး "စစ်မှန်သည့်ဖက်ဒရယ်" နိုင်ငံဖြစ်လာစေရန် မည်သည်ကို ပြောင်းလဲရန် လိုအပ်သနည်း။

Distribution of Responsibilities and Fiscal Federalism

Federalism means shared rule and self-rule. At the core of every federal system is the distribution of responsibilities between the union government, the unit government and local government. Often, the various layers of government share some responsibilities. This is called joint powers

The union government is mainly in charge of defense and the declaration of war, foreign affairs, the national currency, postal services, the preservation of the national market (interstate and foreign trade), and customs, patents, and copyrights. Union government responsibilities usually include areas which require standardized rules and regulations, constitutional supremacy or are related to national sovereignty.

လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်းနှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်

ဖက်ဒရယ်စနစ် ဆိုသည်မှာ မျှဝေအုပ်ချုပ်မှု နှင့် ကိုယ်ပိုင်အုပ်ချုပ်မှုဟု အဓိပ္ပာယ်ရသည်။ ဖက်ဒရယ်စနစ်တိုင်း ၏ အဓိကအစိတ်အပိုင်းသည် ပြည်ထောင်စုအစိုးရ၊ ယူနစ်အစိုးရနှင့် ဒေသန္တရအစိုးရများအကြား လုပ်ငန်း တာဝန်များ ခွဲဝေ သတ်မှတ်ခြင်း ဖြစ်သည်။ အစိုးရအဆင့် အမျိုးမျိုးတို့တွင် လုပ်ငန်းတာဝန်အချို့ကို မျှဝေ ဆောင်ရွက်လေ့ရှိကြသည်။ ယင်းကို ပူးတွဲအာဏာများဟု ခေါ်သည်။

ပြည်ထောင်စုအစိုးရသည် အဓိက အားဖြင့် ကာကွယ်ရေး၊ စစ်ကြေညာခြင်း၊ နိုင်ငံခြားရေး၊ နိုင်ငံတော်ငွေကြေး၊ စာတို့ဝန်ဆောင်မှုများ၊ နိုင်ငံတော် ဈေးကွက်ထိန်းသိမ်းရေး (ပြည်နယ်များအကြား နှင့် နိုင်ငံခြားကုန်သွယ်မှု)၊ နှင့် အကောက်ခွန်များ၊ မူပိုင်ခွင့်မှတ်ပုံတင်များ နှင့် မူပိုင်ခွင့်တို့ကို တာဝန်ယူသည်။ ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းတာဝန်များတွင် အများ အားဖြင့် စံသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ကြီးစိုးလွှမ်းမိုးမှုတို့ လိုအပ်သော သို့မဟုတ် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ဆက်စပ်နေသော နယ်ပယ်များ ပါဝင်လေ့ရှိသည်။

Responsibilities reserved for the units often include the establishment of local governments, the regulation of regional and local trade, public safety and the establishment and maintenance of local schools. The election and the size of regional government (both legislative and executive branch), the representation of minorities, police, regional planning and urban development, education, sports, museums and archaeology, forests, agriculture, fisheries, tourism, and local markets might also be the responsibility of the units of a federation, but not always.

The regulation of transport, health and social policy might belong either to the unit government or the union government or it could be managed jointly. Countries where federalism is used to regulate ethnic, cultural, linguistic and religious diversity often allocate education and the protection of culture to the units to ensure that the diversity of the country is recognized and protected. Likewise, local law enforcement is often managed by the state or regional units, but defense is nearly always a responsibility of the union. However, national police forces exist as well, such as the Federal Bureau of Investigation (FBI) in the US or the German Federal Police and they are tasked with the protection of federal agencies, with air and transport security, with fighting organized crime and terrorism as well as coping with emergency situations.




ယူနစ်များအတွက် ပေးအပ်သည့် လုပ်ငန်းတာဝန်များတွင် ဒေသန္တရအစိုးရများ ဖွဲ့စည်းခြင်း၊ ဒေသတွင်း နှင့် ဒေသန္တရ ကုန်သွယ်မှုတို့အား စည်းကြပ်ခြင်း၊ အများပြည်သူ ဘေးကင်း လုံခြုံရေးနှင့် ဒေသန္တရကျောင်းများ တည်ထောင်ခြင်း နှင့် ထိန်းသိမ်းခြင်းတို့ ပါဝင်လေ့ရှိသည်။ ဒေသအစိုးရ ရွေးကောက် တင်မြှောက်ခြင်း နှင့် အရွယ်အစား (ဥပဒေပြုရေး နှင့် အုပ်ချုပ်ရေးဌာနများ)၊ လူနည်းစုများ ကိုယ်စားပြုပါဝင်ရေး၊ ရဲတပ်ဖွဲ့၊ ဒေသဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း နှင့် မြို့ပြဖွံ့ဖြိုးရေး၊ ပညာရေး၊ အားကစား၊ ပြတိုက်များ နှင့် ရှေးဟောင်း သုတေသန၊ သစ်တောများ၊ လယ်ယာစိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ ခရီးသွား လုပ်ငန်း နှင့် ဒေသန္တရ ဈေးကွက်များသည်လည်း ဖက်ဒရေးရှင်း တစ်ခုအတွင်းရှိ ယူနစ်များ၏ လုပ်ငန်းတာဝန်များဖြစ်နိုင်သည်။ သို့ရာတွင် အစဉ်အမြဲ ထိုသို့မဟုတ်ပေ။

သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများပြုစုခြင်း၊ ကျန်းမာရေး နှင့် လူမှုရေး မူဝါဒတို့ကို ယူနစ်အစိုးရဖြစ်စေ ပြည်ထောင်စုအစိုးရဖြစ်စေ ပူးတွဲဖြစ်စေ စီမံခန့်ခွဲနိုင်သည်။ လူမျိုးစုအရေး၊ ယဉ်ကျေးမှု၊ ဘာသာစကား နှင့် ဘာသာရေးဆိုင်ရာ စုံလင်ကွဲပြားမှုတို့ကို စီမံခန့်ခွဲရန်အတွက် ဖက်ဒရယ်စနစ်အား အသုံးပြုသည့် နိုင်ငံများသည် နိုင်ငံ၏ စုံလင်ကွဲပြားမှုကို အသိအမှတ်ပြုပြီး အကာအကွယ်ပေးကြောင်း သေချာစေရန်အတွက် ပညာရေး နှင့် ယဉ်ကျေးမှုအစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ယူနစ်များထံ တာဝန်ပေးလေ့ရှိသည်။ အလားတူပင် ဒေသန္တရ ဥပဒေစိုးမိုးရေးကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးဆိုင်ရာ ယူနစ်များမှ စီမံခန့်ခွဲလေ့ရှိသည်။ သို့သော် ကာကွယ်ရေးကိုမူ ပြည်ထောင်စုမှသာ အစဉ်အမြဲနီပါး တာဝန်ယူသည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စုရှိ အက်ဖ်ဘီအိုင် (FBI) သို့မဟုတ် ဂျာမနီဖက်ဒရယ်ရဲတပ်ဖွဲ့တို့ကဲ့သို့သော နိုင်ငံတော်အဆင့် ရဲတပ်ဖွဲ့များလည်း ရှိပြီး ယင်းတို့အား ဖက်ဒရယ် အေဂျင်စီများအား အကာအကွယ်ပေးရေး၊ လေကြောင်း နှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဘေးကင်းလုံခြုံရေး၊ စနစ်တကျ စီစဉ်ထားသည့် ဒုစရိုက်လုပ်ငန်းများ နှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့်တကွ အရေးပေါ် အခြေအနေများ ဖြေရှင်းရေး တာဝန်များ ပေးအပ်ထားသည်။



Shared rule (joint powers) usually includes tax collection and distribution, roads and railroads, environmental protection, education standards, the federal wealth sharing formula, law and order, the establishment of courts, interstate commerce, and general welfare. The image below demonstrates those powers given to the national government in the US, the powers of the 50 states, and joint powers/responsibilities, in which cooperation between the two levels is required. Constitutional supremacy means that all powers – federal as well as State powers – are subject to the Constitution of the USA. The external sovereignty rests exclusively with the federal government while residual powers, i.e. all those not explicitly given to the federal level, rest with the states or municipalities.



မျှဝေအုပ်ချုပ်မှု (ပူးတွဲအာဏာများ) တွင် အများအားဖြင့် အခွန်ကောက်ခံခြင်း နှင့် ခွဲဝေခြင်း၊ လမ်းများ နှင့် မီးရထားလမ်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပညာရေးစံချိန်စံနှုန်းများ၊ ပြည်ထောင်စုအရင်းအမြစ်များ မျှဝေသည့် ပုံသေနည်း၊ ဥပဒေ နှင့် အမိန့်ချမှတ်ခြင်း၊ တရားရုံးများ တည်ထောင်ခြင်း၊ ပြည်နယ်များအကြား ကူးသန်းရောင်းဝယ်ရေး နှင့် အထွေထွေဖူလုံရေးတို့ပါဝင်သည်။ အောက်ပါပုံတွင် အမေရိကန်ပြည်ထောင်စုရှိ နိုင်ငံတော်အဆင့် အစိုးရထံ ပေးအပ်ထားသည့် အာဏာများ၊ ပြည်နယ် ၅၀ ၏ အာဏာများ၊ နှင့် အဆင့်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုရှိရန် လိုအပ်သည့် ပူးတွဲအာဏာများ/ လုပ်ငန်းတာဝန်များကို ဖော်ပြထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကြီးစိုးလွှမ်းမိုးမှုဆိုသည်မှာ ပြည်ထောင်စုအာဏာများနှင့်တကွ ပြည်နယ်အာဏာများအားလုံးသည် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေအောက်တွင် ရှိသည်ဟု ဆိုလိုသည်။ နိုင်ငံတကာ အချုပ်အခြာအာဏာသည် ပြည်ထောင်စုအစိုးရတွင်သာရှိပြီး ကျန်အာဏာများ၊ ဆိုလိုသည်မှာ – ပြည်ထောင်စုအဆင့်သို့ အတိအလင်း အပ်နှင်းထားခြင်းမရှိသည့် အာဏာများအားလုံးကို ပြည်နယ်များ သို့မဟုတ် မြူနီစီပယ်ဒေသများထံ ပေးအပ်ထားပါသည်။



The systems of civil service differ in federations. Germany, for example, has a small union civil service. Most of the administration is done by the Länder. The Länder hire and recruit most civil servants, including teachers and university professors. However, in the US, the civil service is strictly divided between those civil servants working for national agencies and those working for one of the 50 states. The German system is sometimes called cooperative federalism – civil servants, agencies and politicians of all levels have to work together. The US system is called dual federalism, because the civil service of the 50 states and of the national government are separated.

However, in all federal systems, cooperation between the different layers of government is required for policy implementation. For example, the units of a federation might be in charge of local hospitals and local health provisions, but the standards for the training of doctors might be set by the union. What is more, decisions made at the union level might require civil servants of the units to implement them. Tax collection is one example of this. The civil service in Myanmar differs from federal understanding; it is centralist, the Union Civil Service Board (UCSB), which is a union government agency, appoints, pays, promotes and manages the civil service across the country.

ဖက်ဒရေးရှင်းများရှိ အရပ်ဘက်အုပ်ချုပ်ရေးယန္တရားများသည် ကွဲပြားခြားနားမှု ရှိကြသည်။ ဥပမာအားဖြင့် ဂျာမနီ၏ ပြည်ထောင်စုအဆင့်တွင် သေးငယ်သော အရပ်ဘက်အုပ်ချုပ်ရေးယန္တရားတစ်ခုရှိသည်။ Länder (ပြည်နယ်)သည် ဆရာများ နှင့် တက္ကသိုလ်ပါမောက္ခများအပါအဝင် ပြည်သူ့ဝန်ထမ်းအများစုကို ခန့်အပ် ခေါ်ယူသည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စုတွင်မူ အရပ်ဘက်အုပ်ချုပ်ရေး ယန္တရားများအား နိုင်ငံတော်အေဂျင်စီများအတွက် တာဝန်ထမ်းဆောင်နေသည့် အစိုးရဝန်ထမ်းများ နှင့် ပြည်နယ် ၅၀ အနက် တစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် အစိုးရဝန်ထမ်းများအကြားတွင် တင်းကျပ်စွာ ခွဲခြားထားသည်။ ဂျာမနီ၏စနစ်ကို ပူးပေါင်းဆောင်ရွက်ရေး ဖက်ဒရယ်စနစ် (cooperative federalism) ဟု တစ်ခါ တစ်ရံတွင် ခေါ်ပြီး အဆင့်အားလုံးမှ အစိုးရဝန်ထမ်းများ၊ အေဂျင်စီများ နှင့် နိုင်ငံရေး လှုပ်ရှားသူများသည် အတူတကွ လုပ်ဆောင်ရသည်။ အမေရိကန်ပြည်ထောင်စု၏ စနစ်တွင် ပြည်နယ် ၅၀ နှင့် နိုင်ငံတော်အဆင့်အစိုးရတို့၏ အရပ်ဘက် အုပ်ချုပ်ရေး ယန္တရားများကို ခွဲခြားထားသောကြောင့် အာဏာပြိုင်ဖက်ဒရယ်စနစ် (dual fedralism) ဟုခေါ်သည်။

မည်သို့ပင်ဆိုစေကာမူ ဖက်ဒရယ်စနစ်အားလုံးတွင် မူဝါဒအကောင်အထည်ဖော်ရေး အတွက် မတူညီသော အစိုးရအဆင့်များအကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ ဥပမာအားဖြင့် ဖက်ဒရေးရှင်းတစ်ခု၏ ယူနစ်များသည် ဒေသန္တရဆေးရုံများ နှင့် ဒေသန္တရကျန်းမာရေးပြဌာန်းချက်များကို တာဝန်ယူနိုင်သော်လည်း ဆရာဝန်များအား သင်တန်းပို့ချသည့် စံချိန်စံနှုန်းများကိုမူ ပြည်ထောင်စုမှ သတ်မှတ်ကောင်းသတ်မှတ်ပေ လိမ့်မည်။ ထို့ပြင် ပြည်ထောင်စုအဆင့်တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် ယူနစ်များ၏ ပြည်သူ့ဝန်ထမ်းများကို လိုအပ်ကောင်း လိုအပ်နိုင်သည်။ အခွန်ကောက်ခံခြင်းသည် ယင်း၏ ဥပမာတစ်ရပ်ဖြစ်သည်။ မြန်မာ နိုင်ငံရှိ အရပ်ဘက်အုပ်ချုပ်ရေးဆိုင်ရာယန္တရားသည် ဖက်ဒရယ်နားလည် သဘော ပေါက်မှုများနှင့် ကွဲပြားပြီး ဗဟိုမှချုပ်ကိုင်ပါသည်။ ပြည်ထောင်စု အစိုးရဌာနတစ်ခု ဖြစ်သော ပြည်ထောင်စု ရာထူးဝန်အဖွဲ့(UCSB)သည် နိုင်ငံတစ်ဝှမ်းရှိ အရပ်ဘက် အုပ်ချုပ်ရေးယန္တရားကို သတ်မှတ်၊ ငွေပေးချေ၊ အားပေးမြှင့်တင်ပြီး စီမံခန့်ခွဲသည့် ဗဟိုအစိုးရဌာနတစ်ခုဖြစ်သည်။

Fiscal Federalism

Fiscal federalism refers to the distribution of financial resources. It links to principles about which level of government collects and keeps taxes, to the control of national resources and the equalization between poorer and weaker states and regions.

A tax (from the Latin taxo) is a mandatory financial charge imposed upon an individual or another legal entity, for example, a corporation, by the government in order to fund various state expenditures.



ဖက်ဒရယ်ဘဏ္ဍာရေးစနစ်

ဖက်ဒရယ်ဘဏ္ဍာရေးစနစ် ဆိုသည်မှာ ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ ခွဲဝေ ပေးအပ်ခြင်းကို ရည်ညွှန်းသည်။ ယင်းသည် မည်သည့်အစိုးရအဆင့်သည် အခွန်များကို ကောက်ခံထိန်းသိမ်းကြောင်း၊ အမျိုးသားသယံဇာတများထိန်းချုပ်ရေး နှင့် နွမ်းပါးသည့် ပြည်နယ် နှင့် တိုင်းဒေသကြီးများ နှင့် ကြွယ်ဝသည့် ပြည်နယ် နှင့် တိုင်းဒေသကြီးများအကြားတွင် ညီမျှစေမှုတို့ဆိုင်ရာ အခြေခံသဘောတရားများကို ချိတ်ဆက်ပေးသည်။

*အခွန်တစ်ခု (လက်တင်ဘာသာဖြင့် **taxo**) ဟူသည်မှာ နိုင်ငံတော်အသုံးစရိတ်များ အတွက် ရန်ပုံငွေရရှိရန် အစိုးရမှ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အခြားတရားဝင်အဖွဲ့အစည်းတစ်ရပ်၊ ဥပမာ ကော်ပိုရေးရှင်းတစ်ခုအပေါ် မဖြစ်မနေ ပေးဆောင်ရန် ငွေကြေးကောက်ခံခြင်းဖြစ်သည်။*



Individuals have to pay taxes, otherwise the state can punish them. Most countries have a tax system in place to pay for national, regional and local needs and government services. The income of a state can be divided into the following categories:

1. Direct taxes which are paid directly by an individual or an organization (property taxes, income tax, taxes on assets). Those who have more resources or earn higher income usually pay more direct taxes;

2. Indirect taxes are collected by a seller and paid by the buyer. Some examples are sales tax, import duties, taxes on fuel, liquor or cigarettes;

3. Charges and fees for services. Examples include license fees, airport taxes and tolls;

4. Revenue from government owned companies;

5. Fines and penalties like speeding tickets;

6. Rents, concessions and royalties. The concessions of land for extraction of natural resources is one example;

7. Borrowings, and;

8. Tariffs like customs duties.

ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် အခွန်ပေးဆောင်ရမည်ဖြစ်ပြီး သို့မဟုတ်ပါက အစိုးရသည် ယင်းတို့အပေါ် အရေးယူနိုင်သည်။ နိုင်ငံအများစုတို့တွင် နိုင်ငံတော်၊ ဒေသ (ပြည်နယ်/တိုင်းဒေသကြီး) နှင့် ဒေသန္တရလိုအပ်ချက်များ နှင့် အစိုးရဝန်ဆောင်မှုများအတွက် ပေးချေရန် အခွန်စနစ်တစ်ခုရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ဝင်ငွေများအား အောက်ပါအမျိုးအစားများအဖြစ် ခွဲခြားဖော်ပြနိုင်သည်။

၁။ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်မှ တိုက်ရိုက်ပေးချေရသည့် တိုက်ရိုက်အခွန်များ (အိမ်ခြံမြေခွန်များ၊ ဝင်ငွေခွန်များ၊ ပိုင်ဆိုင်မှုအခွန်များ)။ အများအားဖြင့် အရင်းအမြစ်များ ပိုမိုပိုင်ဆိုင်သော သို့မဟုတ် ဝင်ငွေ ပိုမို ရရှိသူများသည် တိုက်ရိုက်အခွန်များကို ပိုမိုပေးဆောင် ရသည်။

၂။ တိုက်ရိုက်မဟုတ်သည့် အခွန်များ (သွယ်ဝိုက်ခွန်) အား ရောင်းချသူတစ်ဦးမှ ကောက်ခံပြီး ဝယ်သူမှ ပေးဆောင် သည်။ ဥပမာအချို့မှာ အရောင်းခွန်များ၊ သွင်းကုန်အခွန်များ၊ လောင်စာ၊ ယမကာ သို့မဟုတ် စီးကရက်အခွန်များ။

၃။ ဝန်ဆောင်မှုများအတွက် အခကြေးငွေများ နှင့် ကျသင့်ငွေများ။ ဥပမာတို့တွင် လိုင်စင်ကြေးများ၊ လေဆိပ်အခွန်များ နှင့် လမ်းအသုံးပြုခများ ပါဝင်သည်။

၄။ အစိုးရပိုင် ကုမ္ပဏီများမှ ဘဏ္ဍာငွေများ

၅။ မိုင်နှုန်းကျော်လွန်မောင်းနှင်မှု လက်မှတ်များကဲ့သို့သော ဒဏ်ငွေများ နှင့် ပြစ်ဒဏ်ကြေးများ

၆။ ငှားရမ်းခများ၊ ခွင့်ပြုချက်များ နှင့် မူပိုင်ခွင့်အတွက် ပေးဆောင်ရသည့်ငွေများ။ သဘာဝသယံဇာတ များ ထုတ်ယူမှုအတွက် မြေယာအသုံးပြုခွင့်သည် ဥပမာတစ်ခုဖြစ်သည်။

၇။ ချေးငွေများ၊ နှင့်

၈။ အကောက်ခွန်များကဲ့သို့သော အခွန်အခများ။

A key goal of fiscal federalism is to provide for equal access to public services and opportunities throughout a federation.

There are two philosophies of fiscal federalism. One, the European model, involves the promotion of equal living conditions throughout a federation. The other is the US model of performance-based federalism, which promotes competition among the units of a federation. The first model prioritizes social cohesion whereas the more competitive US model promotes innovation, self-reliance, and budgetary discipline.

Fiscal federalism aims to overcome regional discrepancies in wealth, access to natural and other resources, and in infrastructure. Fair access to public goods and services is ensured by units and the union.

ဖက်ဒရယ်ဘဏ္ဍာရေးစနစ်၏ အဓိကရည်ရွယ်ချက်မှာ ဖက်ဒရေးရှင်းတစ်ခုအတွင်း အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများအား တန်းတူ ရရှိအသုံးပြုခွင့်ပေးအပ်ရန် ဖြစ်သည်။

ဖက်ဒရယ်ဘဏ္ဍာရေးစနစ်အတွက် အယူအဆနှစ်ရပ် ရှိပါသည်။ ယင်းတို့အနက်တစ်ခုမှာ ဥရောပပုံစံဖြစ်ပြီး ဖက်ဒရေးရှင်းတစ်ခုအတွင်း တူညီသည့် နေထိုင်မှုအခြေအနေများကို အားပေးမြှင့်တင်ခြင်းပါဝင်သည်။ အခြားတစ်ခုမှာ ဖက်ဒရေးရှင်း၏ ယူနစ်များအကြား ယှဉ်ပြိုင်မှုကို အားပေး မြှင့်တင်သည့် US ပုံစံ စွမ်းဆောင်ရည်အခြေပြု ဖက်ဒရယ်စနစ် ဖြစ်သည်။ ပထမပုံစံသည် လူမှုပေါင်းစည်းရေးကို ဦးစားပေးပြီး ပိုမို၍ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် US ပုံစံသည် ဆန်းသစ်တီထွင်မှု၊ မိမိကိုယ်ကိုအားကိုးမှုနှင့် ဘက်ဂျက်ဆိုင်ရာ စည်းစနစ်ကျမှုတို့ကို အားပေးမြှင့်တင်ပါသည်။

ဖက်ဒရယ်ဘဏ္ဍာရေးစနစ်၏ရည်ရွယ်ချက်သည် ဒေသများအကြား ကြွယ်ဝမှု၊ သဘာဝသယံဇာတများ နှင့် အခြားအရင်းအမြစ်များ ရယူအသုံးပြုနိုင်မှု နှင့် အခြေခံအဆောက်အဦများဆိုင်ရာ မညီမျှမှုများကို ကျော်လွှားနိုင်ရန်ဖြစ်သည်။ ကုန်စည်များနှင့် ဝန်ဆောင်မှုများအား ပြည်သူများက မျှတစွာရရှိနိုင်ရေးကို ယူနစ်များ နှင့် ပြည်ထောင်စုမှ သေချာစေပါသည်။

Theoretically, fiscal federalism promotes transparency and accountability in public spending. To be autonomous in decision-making and implementation of their responsibilities, states, regions and local government units need substantial revenue raising powers of their own. Often distribution and equalization within a federation are highly politicized.

Equalization relates to the balancing of income inequalities between the units of a federation in order to ensure more or less equal living conditions throughout the federation

Party politics and inter-regional competition, as well as ethnic diversity, the geographic dispersal of the population, clientelistic networks and a threat of secessionism are factors influencing the actual distribution of income – politics play a huge role in distribution of income since politicians placate loyal voters.

The stabilization of units' income is mostly the task of the union government. Income gaps can be solved through transfers of money from the union government to the units. Joint funding is also often needed in emergencies. For example, when responding to natural disasters or people displaced by conflict, both unit and union governments will finance relief efforts. However, union governments generally do not finance things that are solely the responsibility of the unit or local government.


အယူအဆပိုင်းအားဖြင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်သည် အများပြည်သူဆိုင်ရာ အသုံးစရိတ်များတွင် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှုတို့ကို အားပေးမြှင့်တင်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်ရေး နှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို အကောင် အထည်ဖော်ရာတွင် ကိုယ်ပိုင်စီမံအုပ်ချုပ်နိုင်ရန်အတွက် ပြည်နယ်များ၊ တိုင်းဒေသကြီးများ နှင့် ဒေသန္တရအစိုးရများအနေဖြင့် ယင်းတို့၏ ကိုယ်ပိုင်ဘဏ္ဍာငွေများ ရှာဖွေနိုင်သည့် လုပ်ပိုင်ခွင့်အာဏာများ သိသိသာသာ လိုအပ်ပါသည်။ ဖက်ဒရေးရှင်းတစ်ခုအတွင်း ခွဲဝေပေးအပ်ခြင်း နှင့် တန်းတူညီမျှရှိစေရေး ဆောင်ရွက်မှုများကို နိုင်ငံရေးသဘောတရားအတွင်း များစွာထည့်သွင်းလေ့ရှိပါသည်။

တန်းတူညီမျှရှိစေရေးသည် ဖက်ဒရေးရှင်းအတွင်း လူနေမှုအခြေအနေများ အနည်းနှင့်အများ တန်းတူညီမျှ ရှိစေရေးကို သေချာစေရန် ဖက်ဒရေးရှင်း၏ ယူနစ်များအကြား၌ ဝင်ငွေမညီမျှမှုများ ဟန်ချက်ညီမျှစေရေး နှင့် ဆက်စပ်နေပါသည်။

ပါတီနိုင်ငံရေး နှင့် ဒေသများအကြား ယှဉ်ပြိုင်မှုနှင့်တကွ လူမျိုးစုများ စုံလင်ကွဲပြားမှု၊ ပထဝီအနေအထားအရ လူဦးရေဖြန့်ကျက်မှု၊ နိုင်ငံရေးအထောက်အပံ့ရစေရေးအတွက် ကုန်စည်များ၊ ဝန်ဆောင်မှုများ ပေးအပ်သည့် ကွန်ရက်များ နှင့် ခွဲထွက်ရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုတို့သည် ဝင်ငွေများ အမှန်တကယ် မျှဝေမှုအပေါ် သက်ရောက်သည့် အကြောင်းရင်းများ ဖြစ်ကြပါသည်။ နိုင်ငံရေးသမားများသည် ယင်းတို့အပေါ် အခိုင်အမာထောက်ခံသည့် မဲဆန္ဒရှင်များကို နှစ်သိမ့်ကြသောကြောင့် နိုင်ငံရေး သည် ဝင်ငွေများ ခွဲဝေရာတွင် ကြီးမားသည့် အခန်းကဏ္ဍရှိသည်။

ယူနစ်များ၏ ဝင်ငွေများ တည်ငြိမ်မှုရှိစေရေးသည် အများအားဖြင့် ပြည်ထောင်စုအစိုးရ၏ တာဝန်ဖြစ်သည်။ ဝင်ငွေကွာဟမှုများအား ပြည်ထောင်စုမှ ပြည်နယ်များထံ ငွေကြေးများ လွှဲပြောင်းပေးခြင်းဖြင့် ဖြေရှင်းနိုင် သည်။ အရေးပေါ်အခြေအနေများတွင် ပူးတွဲရန်ပုံငွေ လိုအပ်ပါသည်။ ဥပမာအားဖြင့် သဘာဝ ဘေးအန္တရာယ်များ သို့မဟုတ် ပဋိပက္ခကြောင့် အိုးအိမ်မဲ့သူများအား တုန့်ပြန်ရာတွင် ယူနစ် နှင့် ပြည်ထောင်စုအစိုးရ နှစ်ရပ်စလုံးသည် သက်သာချောင်ချိရေး ကြိုးပမ်းမှုများကို ငွေကြေးပံ့ပိုးမည် ဖြစ်သည်။ သို့ရာတွင် ပြည်ထောင်စုအစိုးရများသည် ယူနစ် သို့မဟုတ် ဒေသန္တရအစိုးရများ၏ တာဝန်သာဖြစ်သောအရာများအတွက် ငွေကြေးပံ့ပိုးလေ့မရှိပေ။

In order to avoid conflict over budgeting between the union and units, recent scholarship and political practice recommend reducing mixed financing (union and the units finance activities together) as much as possible. Political practice has demonstrated that focusing union finances on union tasks and unit finances on unit tasks, and keeping the two separated as much as possible, works best in practice, supports responsible spending, and avoids conflicts.



There are many forms of equalization:

1. The co-funding of joint responsibilities or large investment projects of the union and unit governments. These are mostly agriculture, welfare, health care, or infrastructure related;

2. The sharing of mass taxes such as Value Added Tax (sales tax);

3. Unconditional revenue sharing aid by the union government, allowing the unit governments freedom in their spending (unconditional grants);


4. Conditional aid aimed at targeted public services, for example health services;

5. Targeted equalizing aid to improve capacity. For example, it can be used for strengthening administrative capacities of regional governments;

6. Funding to unit governments for implementing union tasks such as the collection of taxes or the running of the judiciary, including prisons.

ပြည်ထောင်စု နှင့် ယူနစ်များအကြား ဘက်ဂျက်ခွဲဝေခြင်းနှင့် စပ်လျဉ်း၍ ပဋိပက္ခများကို ရှောင်ရှားနိုင်ရန် လတ်တလော ပညာရှင်များ၏ အကြံဉာဏ်များ နှင့် နိုင်ငံရေးဆိုင်ရာ အလေ့အထများအရ (ပြည်ထောင်စု နှင့် ယူနစ်များ၏ လုပ်ငန်းများကို အတူတကွ) ပူးတွဲငွေကြေး ပံ့ပိုးခြင်းကို တတ်နိုင်သမျှ ရှောင်ရှားရန် အကြံပြုတင်ပြထားသည်။ နိုင်ငံရေးဆိုင်ရာ ကျင့်သုံးမှုအလေ့အထများအရ ပြည်ထောင်စုဘဏ္ဍာငွေများအား ပြည်ထောင်စု၏ လုပ်ငန်းတာဝန်များတွင်သာ အဓိကလုပ်ဆောင်ပြီး ယူနစ်များ ၏ ဘဏ္ဍာငွေများကိုလည်း ယူနစ်များ၏ လုပ်ငန်းတာဝန်များတွင်သာ အဓိကထား အသုံးပြုကာ ယင်းတို့နှစ်ခုအကြား တတ်နိုင်သမျှ ခြားနားထားခြင်းသည် လက်တွေ့တွင် အလုပ်အဖြစ်ဆုံးဖြစ်ပြီး တာဝန်ယူမှုရှိသော ငွေကြေးအသုံးပြုခြင်းကို အထောက်အပံ့ဖြစ်စေကာ ပဋိပက္ခများကို ရှောင်ရှားနိုင်စေသည်။

တန်းတူညီမျှရှိစေရေး ဆောင်ရွက်သည့် ပုံစံများစွာရှိပါသည် –



၁။ ပူးတွဲ လုပ်ငန်းတာဝန်များနှင့် ပြည်ထောင်စုနှင့် ယူနစ်အစိုးရများ၏ ကြီးမား သည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအား ပူးတွဲငွေကြေးပံ့ပိုးခြင်း။ ယင်းတို့သည် အများအားဖြင့် လယ်ယာစိုက်ပျိုးရေး၊ လူမှုဖူလုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် အခြေခံအဆောက်အဦဆိုင်ရာများ ဖြစ်ကြသည်။

၂။ ထပ်ဆင့်တိုးတန်ဖိုးခွန်များ (အရောင်းခွန်များ) ကဲ့သို့သော များပြားသည့် အခွန်များအား မျှဝေခြင်း။

၃။ ယူနစ်အစိုးရများအနေဖြင့် ယင်းတို့၏ အသုံးစရိတ်များတွင် လွတ်လပ်မှုရှိ စေရေးအတွက် ပြည်ထောင်စု အစိုးရမှ ပေးအပ်သည့် သတ်မှတ်ချက်မရှိသော ဘဏ္ဍာငွေမျှဝေမှု အကူအညီများ (သတ်မှတ်ချက်မရှိသော ထောက်ပံ့ငွေများ)


၄။ သတ်မှတ်ထားသည့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ၊ ဥပမာ – ကျန်းမာရေးဝန်ဆောင်မှုများကို ရည်ရွယ်သည့် သတ်မှတ်ထားသော အကူအညီများ။

၅။ စွမ်းရည်မြှင့်တင်ရေးအတွက် သတ်မှတ်ထားသည့် တန်းတူညီမျှမှုရှိစေရေး အကူအညီ။ ဥပမာအားဖြင့် ယင်းကို ဒေသဆိုင်ရာ အစိုးရများ၏ အုပ်ချုပ်ရေး စွမ်းရည်များ ခိုင်မာအားကောင်းစေရေးအတွက် အသုံးပြုနိုင်ပါသည်။

၆။ အခွန်များ ကောက်ခံခြင်း သို့မဟုတ် အကျဉ်းထောင်များ အပါအဝင် တရား စီရင်ရေး လည်ပတ်မှုကဲ့သို့သော ပြည်ထောင်စု၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရာတွင် ယူနစ်အစိုးရများအတွက် ငွေကြေးပံ့ပိုးမှု။


There are also different models of union taxation. Germany follows the model of shared taxation (most taxes in Germany are shared between the states and the union) whereas, the US and Canada use separate taxation, i.e., units and the union governments tax separately

In certain cases, the regions collect all taxes within their territories and transfer fixed payments to the union government. This is the case in the Basque Country and Navarra in Spain and in South Tyrol in Italy.




ပြည်ထောင်စု အခွန်ကောက်ခံမှုအတွက် ပုံစံအမျိုးမျိုးကွဲပြားစွာ ရှိပါသည်။ ဂျာမနီသည် မျှဝေအခွန်ကောက်ခံ သည့် ပုံစံ (ဂျာမနီနိုင်ငံတွင် ပြည်နယ်များ နှင့် ပြည်ထောင်စုအကြားတွင် အခွန်အများစုကို ခွဲဝေသည်) ကို ကျင့်သုံးပြီး အမေရိကန် ပြည်ထောင်စု နှင့် ကနေဒါတို့သည် သီးခြားစီ အခွန်ကောက်ခံမှု၊ ယူနစ်များ နှင့် ပြည်ထောင်စု အစိုးရတို့အကြား သီးခြားစီ အခွန်ကောက်ခံသည့်စနစ်ကို အသုံးပြုသည်။

အချို့သော ဖြစ်စဉ်များတွင် ဒေသများသည် ယင်းတို့၏ နယ်နိမိတ်များအတွင်းရှိ အခွန်များအားလုံးကို ကောက်ခံပြီး သတ်မှတ်ထားသည့် ငွေပေးချေမှုများအား ပြည်ထောင်စုအစိုးရထံ ပေးအပ်သည်။ စပိန်ရှိ Basque Country နှင့် နဗားရား နှင့် အီတလီရှိ South Tyrol တို့တွင် ယင်းသို့ဖြစ်သည်။




A guideline for transfers could be that lower income provinces receive conditional transfers and grants – the purpose of transfers would be primarily capacity-building. Middle income provinces could receive unconditional transfers and grants while high income regions may only need loans. As a rule it is advisable to relate taxing powers to needs, responsibilities and borrowing powers. In this way units of a federation levy taxes for the implementation of their own responsibilities, and can be held accountable for their spending behavior.


Federations use tax systems differently. Some federations want to prevent businesses from negatively exploiting the units so they decide to tax highly mobile income, such as capital income, at the national level. This prevents companies from leaving one unit to go to another because of favorable tax incentives. For residence-based taxes on real estate, for example, generally the units are responsible for collection. Taxes for overall economic stabilization, for example, servicing debts, and redistribution should be collected by the federal government. Ultimately, taxation should be linked to the government's results. For example, road toll charges should go to ensuring that roads are constructed and maintained. If citizens do not see that their taxes are being used for the correct purposes, they will not trust the tax system and find it easier to avoid their responsibilities to pay them. Furthermore, the collection of taxes should be convenient both for the payer and the collector. Finally, taxation should be transparent; taxpayers should know how their taxes are spent. In most federations, consumption taxes are centrally administered but in the US each state can decide. This creates competition across state borders.



လွှဲပြောင်းပေးအပ်မှုများအတွက် လမ်းညွှန်ချက်တစ်ခုမှာ ဝင်ငွေနည်းပါးသည့် စီရင်စု ဒေသများထံ သတ်မှတ်ချက်ဖြင့် ငွေလွှဲပြောင်းပေးအပ်ခြင်းများ နှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းတို့သည် အဓိကအားဖြင့် စွမ်းရည်တည်ဆောက်ရေး ရည်ရွယ်ချက် ဖြင့်ဖြစ်သည်။ ဝင်ငွေအလယ်အလတ်ရှိသော စီရင်စုများသည် သတ်မှတ်ချက်မရှိသော လွှဲပြောင်းပေးအပ်မှုများ နှင့် ထောက်ပံ့ငွေများကို ရရှိနိုင်ပြီး ဝင်ငွေများပြားသည့် ဒေသများမှာမူ ချေးငွေများသာ လိုအပ်နိုင်သည်။ စည်းမျဉ်းတစ်ရပ်အဖြစ် အခွန် ကောက်ခံမှုအာဏာများအား လိုအပ်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် ချေးငှားခွင့် ဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာများနှင့် ဆက်စပ်ဆောင်ရွက်သင့်သည်။ ဤနည်းဖြင့် ဖက်ဒရေးရှင်းတစ်ခု၏ယူနစ်များသည် ယင်းတို့၏ ကိုယ်ပိုင်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရန်အတွက် အခွန်များ စည်းကြပ်ကောက်ခံကြကာ ယင်းတို့၏ သုံးစွဲမှုဆိုင်ရာ အပြုအမူများအတွက် တာဝန်ခံနိုင်သည်။


ဖက်ဒရေးရှင်းများသည် အခွန်စနစ်များအား ကွဲပြားခြားနားစွာ အသုံးပြုကြပါသည်။ အချို့သော ဖက်ဒရေးရှင်းများသည် လုပ်ငန်းများအနေဖြင့် ယူနစ်များအပေါ် အနှုတ်လက္ခဏာဆောင်သည့် အမြတ်ထုတ်မှုများ လုပ်ဆောင်ခြင်းကို ကာကွယ်ရန် အတွက် နိုင်ငံတော်အဆင့်တွင် ငွေအရင်းအနှီးဝင်ငွေကဲ့သို့သော များစွာ ပြောင်းလဲနိုင်သည့် ဝင်ငွေခွန် ကောက်ခံရန် ဆုံးဖြတ်သည်။ ယင်းသည် ကုမ္ပဏီများ အနေဖြင့် ပိုမို ကောင်းမွန်သည့် အခွန်ဆိုင်ရာ အကျိုးခံစားခွင့် အားသာချက်များကြောင့် ယူနစ်တစ်ခုကို ထွက်ခွာကာ အခြားယူနစ်တစ်ခုသို့ သွားရောက်ခြင်းမှ ကာကွယ် နိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် အိမ်ခြံမြေအခွန်များ အတွက် ယေဘုယျအားဖြင့် ယူနစ်များတွင် အခွန်ကောက်ခံရန် တာဝန်ရှိသည်။ စီးပွားရေးစနစ်တစ်ခုလုံး၏ တည်ငြိမ်မှုဆိုင်ရာ အခွန်များ၊ ဥပမာအားဖြင့် ဝန်ဆောင်မှုကြွေးမြီများ နှင့် ပြန်လည်ဖြန့်ဖြူးခြင်းတို့အား ဖက်ဒရယ်အစိုးရမှ ကောက်ခံသင့်ပါသည်။ နောက်ဆုံးတွင် အခွန်ကောက်ခံမှုသည် အစိုးရ၏ ရလဒ်များနှင့် ဆက်စပ်နေသင့်ပါသည်။ ဥပမာအားဖြင့် လမ်းအသုံးပြုခများအား လမ်းများကို တည်ဆောက် ပြုပြင်ထိန်းသိမ်းမှုကို သေချာစေရန် အသုံးပြုသင့်ပါသည်။ နိုင်ငံသားများအနေဖြင့် ယင်းတို့၏ အခွန်ငွေများအား ကောင်းမွန်သည့် ရည်ရွယ်ချက်များအတွက် အသုံးပြုကြောင်း မတွေ့မြင်ရပါက ယင်းတို့သည် အခွန်စနစ်အပေါ် ယုံကြည်မှုရှိမည်မဟုတ်ဘဲ အခွန်ပေး ဆောင်ရမည့် တာဝန်များကို ပိုမို လွယ်ကူစွာ ရှောင်ရှား လာကြမည်။ ထို့ပြင် အခွန်ကောက်ခံမှုသည် အခွန်ထမ်း နှင့် အခွန်ကောက်ခံသူ နှစ်ဦးနှစ်ဖက်အတွက် အဆင်ပြေမှုရှိသင့်ပါသည်။ နောက်ဆုံးတွင် အခွန်ကောက်ခံမှုသည် ပွင့်လင်းမြင်သာမှု ရှိသင့်ပြီး အခွန်ထမ်းများ အနေဖြင့် ယင်းတို့၏ အခွန်များအား မည်သို့အသုံးပြုကြောင်းကို သိရှိသင့်သည်။ ဖက်ဒရေးရှင်းအများစုတွင် စားသုံးမှုအခွန်များအား ဗဟိုမှ စီမံခန့်ခွဲပြီး အမေရိကန် ပြည်ထောင်စုတွင်မူ ပြည်နယ်တစ်ခုချင်းစီသည် အဆုံးအဖြတ်ပေးနိုင်သည်။ ယင်းသည် ပြည်နယ် နယ်နိမိတ်များအကြား ယှဉ်ပြိုင်မှုများ ပေါ်ပေါက်စေသည်။





For example, if you want to go shopping you could go to one state that has no sales tax instead of shopping in a state that has 7 percent sales tax. Also, some states want to discourage smoking so they tax cigarettes at a very high rate and use that money for smoking prevention programs or health care. The point is that taxation can lead to competition between states but also reflect a particular state's priorities and values.

The way individual income tax is collected varies between federations. It can be administered by the union, unit or local government. In the USA and Switzerland the unions determine individual income tax. In Nordic countries (Denmark, Sweden, Norway, Finland), the national governments administer individual income tax for both levels of government – they collect the taxes at the national level and then disperse them to the subnational levels. In Canada, the national government administers individual income tax, but the provinces decide on the exact rates in each region. In Germany, the Länder are responsible for the collection of individual income taxes, but do not have the power to set the rates. Put simply, there is no uniform formula or method to collect income taxes in federations but there are many creative models from which to choose.



ဥပမာအားဖြင့် သင့်အနေနှင့် ဈေးဝယ်ထွက်လိုပါက အရောင်းခွန် ၇ % ရှိသော ပြည်နယ်တွင် ဝယ်မည့်အစား အရောင်းခွန်မရှိသော ပြည်နယ်တွင် ဝယ်ယူမည် ဖြစ်သည်။ ထို့ပြင် အချို့ပြည်နယ်များသည် ဆေးလိပ်သောက်ခြင်းကို လျော့ချလိုသောကြောင့် စီးကရက်များကို အခွန်မြင့်မားစွာ ကောက်ခံလိုပြီး အဆိုပါငွေအား ဆေးလိပ်သောက်သုံးမှုတားမြစ်ရေး အစီအစဉ်များ သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှုတို့အတွက် အသုံးပြုသည်။ ဆိုလိုရင်းအချက်မှာ အခွန်ကောက်ခံခြင်းသည် ပြည်နယ်များအတွင်း ယှဉ်ပြိုင်မှုကို ပေါ်ပေါက်စေနိုင်ပြီး သက်ဆိုင်ရာ ပြည်နယ်၏ ဦးစားပေးလုပ်ငန်းများနှင့် စံတန်ဖိုးများကို ထင်ဟပ်သောကြောင့်ဖြစ်သည်။

လူတစ်ဦးချင်းစီဆိုင်ရာ ဝင်ငွေခွန်ကောက်ခံပုံသည် ဖက်ဒရေးရှင်းများအကြား အမျိုးမျိုးကွဲပြားပါသည်။ ယင်းကို ပြည်ထောင်စုမှဖြစ်စေ၊ ယူနစ်မှဖြစ်စေ၊ ဒေသန္တရအစိုးရမှဖြစ်စေ ကြီးကြပ်နိုင်သည်။ အမေရိကန် ပြည်ထောင်စု နှင့် ဆွစ်ဇာလန်တို့တွင် လူတစ်ဦးချင်းစီဆိုင်ရာ ဝန်ငွေခွန်အား ပြည်ထောင်စုမှ သတ်မှတ် ပြဋ္ဌာန်းပါသည်။ နော်ဒစ်နိုင်ငံများ (ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေ၊ ဖင်လန်) တွင် နိုင်ငံတော်အစိုးရများသည် အစိုးရအဆင့်နှစ်ရပ်လုံးအတွက် လူတစ်ဦးချင်းစီဆိုင်ရာ ဝင်ငွေခွန်ကို စီမံခန့်ခွဲပါသည်။ ယင်းတို့သည် အခွန်များအား ပြည်ထောင်စုအဆင့်တွင် ကောက်ခံကာ ယူနစ်(ပြည်နယ်)အဆင့်သို့ ခွဲဝေပေးပါသည်။ ကနေဒါတွင် နိုင်ငံတော်အစိုးရသည် လူတစ်ဦးချင်းစီဆိုင်ရာ ဝင်ငွေခွန်အား စီမံခန့်ခွဲသော်လည်း ဒေသတစ်ခုချင်းစီအတွင်းရှိ နှုန်းထားအတိအကျကို ပြည်နယ်များမှ ဆုံးဖြတ်ပါသည်။ ဂျာမနီတွင် ပြည်နယ်များသည် လူတစ်ဦးချင်းစီဆိုင်ရာ ဝင်ငွေခွန်များကို ကောက်ခံရာတွင် တာဝန်ယူသည်။ သို့ရာတွင် နှုန်းထားများ သတ်မှတ်ရန် လုပ်ပိုင်ခွင့်အာဏာမရှိပေ။ ထို့ကြောင့် ရိုးရှင်းစွာဆိုရပါက ဖက်ဒရေးရှင်းများတွင် ဝင်ငွေခွန်များအား ကောက်ခံရန် တစ်သမတ်တည်းရှိသော ပုံသေနည်း သို့မဟုတ် နည်းစနစ်ဟူ၍ မရှိပေ။ သို့သော် ရွေးချယ်နိုင်သည့် ဆန်းသစ်သောပုံစံများစွာရှိပါသည်။

Corporate income tax can be levied by the union government as well as the unit government. Regions often compete over setting corporate income tax rates, and companies prefer to pay taxes at the most beneficial location. Different countries do this differently. Since companies sometimes operate in more than one region, it would be fair if the allocation of corporate income tax, that included payroll, property, and sales elements, was spread between those regions. Taxing the company at the source(s) of income would prevent a concentration of taxation at the company headquarters, a problem frequently encountered when companies do not pay taxes in the regions, but only in the financial capitals. Revenue might also be taxed at the final destination of a product, again spreading out the income tax benefits throughout the country. The rules for levying corporate income tax are usually highly contentious and continually being updated in federations since companies find ways to avoid taxation as much as possible.

The union usually does not give equal funds to each unit, nor does it collect taxes equally from each unit. This is because some units are richer than others and have different challenges and resources. Therefore, union governments must come up with formulas to equalize the units' finances. These formulas are very political and involve a lot of bargaining and disputes.

ကော်ပိုရိတ်ဝင်ငွေခွန်များအား ပြည်ထောင်စုအစိုးရနှင့်တကွ ယူနစ်အစိုးရတို့မှ စည်းကြပ်နိုင်သည်။ ဒေသများသည် ကော်ပိုရိတ်ဝင်ငွေခွန်များ ကောက်ခံသည့် နှုန်းထားများ သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ပြိုင်ဆိုင်လေ့ ရှိကြပြီး ကုမ္ပဏီများသည်လည်း အကျိုးအမြတ်အရရှိဆုံး တည်နေရာများတွင် အခွန်ဆောင်ကြသည်။ နိုင်ငံအမျိုးမျိုးတွင် ယင်းကို အမျိုးမျိုးကောက်ခံကြသည်။ ကုမ္ပဏီများသည် ဒေသတစ်ခုထက်တွင်ပို၍ လည်ပတ်ကြသောကြောင့် လစာများ၊ အိမ်ခြံမြေ နှင့် အရောင်းပိုင်းဆိုင်ရာ အစိတ်အပိုင်းများ အပါအဝင် ကော်ပိုရိတ်ဝင်ငွေခွန်အား အဆိုပါဒေသများအကြားတွင် ခွဲဝေလျှင် ပိုမိုမျှတမည် ဖြစ်သည်။ ကုမ္ပဏီအား ဝင်ငွေအရင်းအမြစ်(များ)တွင် အခွန်ကောက်ခံခြင်းသည် ကုမ္ပဏီများအနေဖြင့် အခွန်များအား ဒေသများတွင် ပေးအပ်ခြင်းမရှိဘဲ ငွေအရင်းအနှီးရှိရာများတွင်သာ ပေးအပ်သည့် အတွေ့များသော ပြဿနာတစ်ရပ်ဖြစ်သည့် ကုမ္ပဏီရုံးချုပ်များတွင် အခွန်ကောက်ခံမှု စုစည်းနေခြင်းကို ကာကွယ်နိုင်မည်ဖြစ်သည်။ ဘဏ္ဍာငွေများကိုလည်း ထုတ်ကုန်တစ်ခု၏ အဆုံးသတ်နေရာတွင် အခွန်ကောက်ခံခြင်းဖြင့် ဝင်ငွေခွန် အကျိုးအမြတ်များကို နိုင်ငံအနှံ့ မျှဝေနိုင်သည်။ ကော်ပိုရိတ်ဝင်ငွေခွန်များ စည်းကြပ်ကောက်ခံမှုအတွက် စည်းမျဉ်းများသည် အများအားဖြင့် အငြင်းပွားဖွယ်ဖြစ်လေ့ရှိပြီး ကုမ္ပဏီများသည် အခွန်ကို တတ်နိုင်သမျှရှောင်ရန် ကြိုးပမ်းကြသောကြောင့် ဖက်ဒရေးရှင်းများတွင် စည်းမျဉ်းများကို စဉ်ဆက်မပြတ် ပြင်ဆင်မွမ်းမံရသည်။

ပြည်ထောင်စုသည် ယူနစ်တစ်ခုချင်းစီအတွက် ရန်ပုံငွေ တန်းတူပေးအပ်ခြင်းမရှိသလို ယူနစ်တစ်ခုစီမှ ကောက်ခံသည့် အခွန်များသည်လည်း တန်းတူမဟုတ်ပေ။ ယင်းသို့ဖြစ်ရခြင်းမှာ အချို့သောယူနစ်များသည် အခြားယူနစ်များထက် ပိုမိုကြွယ်ဝပြီး စိန်ခေါ်မှုများ နှင့် အရင်းအမြစ်များ ကွဲပြားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုအစိုးရများအနေဖြင့် ယူနစ်များ၏ ဘဏ္ဍာငွေများကို ညီမျှမှုရှိစေရေးအတွက် ပုံသေနည်းများ ရှာဖွေဖော်ထုတ်ရမည်။ အဆိုပါ ပုံသေနည်းများသည် နိုင်ငံရေးနှင့်များစွာ သက်ဆိုင်ပြီး ညှိနှိုင်းမှုများ နှင့် အငြင်းပွားမှုများစွာ ပါဝင်ပါသည်။

Tax distribution in Germany

Federal taxes	Länder taxes	Communal taxes	Shared taxes
Customs & fiscal monopolies as tobacco	Wealth tax	Trade tax	Income tax (national level 42.5% / regional level 42.5% / municipalities 15%)
Gasoline	Inheritance tax	Land tax	Corporate profit tax (50% national level: 50% regional level)
Capital transaction tax	Lottery tax	Billboard tax Sewage tax Administrative charges Spa tax Gaming tax	Sales tax
Property tax	Motor vehicle tax, gambling, beer tax		Business tax (12.5% national level: 12.5% regional level: 75% municipalities)

Explanation: The rates of sharing joint taxes are determined by national parliament, joint taxes are collected by the national government. Local taxes are collected by municipalities.

ဂျာမနီရှိ အခွန်ခွဲဝေမှု

ဖက်ဒရယ်အခွန်များ	Länder အခွန်များ	ဒေသန္တရအခွန်များ	မျှဝေသည့်အခွန်များ
အကောက်ခွန်များ နှင့် ဆေးရွက်ကြီးကဲ့သို့ ပမာဏ ကြီးမားသည့်အခွန်များ	ဥစ္စာဓနဆိုင်ရာ အခွန်များ	ကုန်သွယ်ခွန်	ဝင်ငွေခွန် (ပြည်ထောင်စုအဆင့် ၄၂.၅%/ပြည်နယ်-ယူနစ်-အဆင့် ၄၂.၅%/မြို့နီစီပယ်အဆင့် ၁၅%)
ဓာတ်ဆီ	အမွေပိုင်ဆိုင်မှုအခွန်	မြေခွန်	လုပ်ငန်းအမြတ်ခွန် (ပြည်ထောင်စုအဆင့် ၅၀%၊ ပြည်နယ်-ယူနစ်-အဆင့် ၅၀%)
ငွေအရင်းအနှီး	ထီအခွန်	ဆိုင်းဘုတ်ခွန် မိလ္လာခွန် အုပ်ချုပ်ရေး အခွန်များ အလှပြင်ဆိုင်အခွန် ဂိမ်းအခွန်	အရောင်းခွန်
အိမ်ခြံမြေအခွန်	မော်တော်ယာဉ်အခွန်၊ လောင်းကစား၊ ဘီယာခွန်		စီးပွားရေးအခွန် (၁၂.၅% ပြည်ထောင်စုအဆင့်၊ ၁၂.၅% ပြည်နယ်-ယူနစ်-အဆင့်၊ ၇၅% မြို့နီစီပယ်ဒေသအဆင့်)

ရှင်းလင်းချက် – ပူးတွဲအခွန်များအား မျှဝေသည့် နှုန်းကို ပြည်ထောင်စုအဆင့် ပါလီမန်မှ သတ်မှတ်ပြီး နိုင်ငံတော်အစိုးရမှ ကောက်ခံသည်။ ဒေသန္တရအခွန်များအား မြို့နီစီပယ်ဒေသများမှ ကောက်ခံကြပါသည်။

Principles of taxation by local government might include the following:

1. taxes, fees, charges and excise tax shall be equitable and based as far as possible on the taxpayer's ability to pay;

2. taxes should be levied and collected only for public purposes;

3. taxes should not be unjust, excessive, or oppressive;

4. taxes should not be contrary to law, public policy, and national economic policy;

5. taxes should not operate in restraint of trade (an excessive value added tax may constrain trade, thus minimize the tax basis);

6. the revenue collected should be subject to disposition by the local government unit levying the tax, fee, or charge, and;

7. local government units should, as far as possible, use a progressive system of taxation, i.e., higher income should be taxed at a higher rate.

ဒေသန္တရအစိုးရများမှ အခွန် ကောက်ခံသည့် အခြေခံသဘောတရားများတွင် အောက်ပါတို့ပါဝင်နိုင်သည် –

၁။ အခွန်များ၊ အခကြေးငွေများ နှင့် ယစ်မျိုးခွန်များသည် မျှတမှုရှိပြီး အခွန်ထမ်းများ၏ ပေးဆောင်နိုင်မှု ပေါ်တွင် တတ်နိုင်သမျှ အခြေခံရမည်။

၂။ အခွန်များအား အများပြည်သူဆိုင်ရာ ရည်ရွယ်ချက်များအတွက်သာ စည်းကြပ်ကောက်ခံသင့်သည်။

၃။ အခွန်များသည် မျှတမှုမရှိခြင်း၊ အလွန်အမင်းဖြစ်နေခြင်း သို့မဟုတ် ဖိနှိပ်ညှဉ်းဆဲခြင်းမျိုး မဖြစ်သင့် ပေ။

၄။ အခွန်များသည် ဥပဒေ၊ ပြည်သူ့ရေးရာ မူဝါဒ နှင့် အမျိုးသားစီးပွားရေး မူဝါဒတို့နှင့် ဆန့်ကျင် နေခြင်း မဖြစ်သင့်ပေ။

၅။ အခွန်များအား ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေရန် မကောက်ခံသင့်ပေ (အခွန်ပမာဏ အလွန် အမင်းကောက်ခံခြင်းသည် ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေနိုင်ပြီး အခွန်အခြေကို အနည်းဆုံး လျော့ကျစေသည်)။

၆။ ကောက်ခံရရှိသောအခွန်ငွေသည် ယင်းအခွန်အခ၊ သတ်မှတ်ကောက်ခံငွေများကို စည်းကြပ်သော သက်ဆိုင်ရာဒေသန္တရအစိုးရ၏အစီအမံအောက်တွင် ရှိသင့်သည်။

၇။ ဒေသန္တရအစိုးရယူနစ်များသည် အခွန်များအား တတ်နိုင်သမျှ အဆင့်အလိုက် ကောက်ခံသည့်စနစ်ကို အသုံးပြုသင့်သည် – ဆိုလိုသည်မှာ ဝင်ငွေပိုမိုများပြားပါက ပိုမိုများပြားသည့် နှုန်းဖြင့် ကောက်ခံခြင်း။

Resource Sharing

Resource sharing is a highly controversial issue. Resource-rich regions usually do not like to share revenues from exportable goods. Some indigenous groups might claim exclusive exploitation rights, meaning that any profit from extractions on their land should go solely to them. In other cases, extractive regions may complain that they do not get their fair share of the profits which all go to the national government.

Different schemes try to respond to these conflicts:

1. According to the "derivation principle," minerals belong to the national government. However, the units from where the natural resources originate are given a certain percentage of the funds (in Nigeria currently 13 percent of the oil revenues taken from a given region are kept by the region). The derivation principle has been criticized as not being based on actual needs;

2. The taxation of profits (also called rents) on natural resources may privilege extractive regions, as a certain share of the rents would remain in the extracting region;

3. A trust fund could balance disparities: a fixed percentage of the fund's balance would go to the disadvantaged states or regions in order to fund economic development, infrastructure, services, and environmental protection;

သယံဇာတများ ခွဲဝေခြင်း

သယံဇာတများ ခွဲဝေခြင်းသည် အငြင်းပွားမှုများစွာ ပေါ်ပေါက်တတ်သည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ သယံဇာတကြွယ်ဝသည့် ဒေသများသည် အများအားဖြင့် ပို့ကုန်များမှ ဘဏ္ဍာငွေများကို ခွဲဝေလိုခြင်းမရှိကြပေ။ အချို့သော ဌာနေတိုင်းရင်းသားအုပ်စုများသည် ယင်းတို့၏ မြေမှ ရရှိသည့် အကျိုးအမြတ်များ အားလုံးကို ယင်းတို့ထံသို့သာ ပေးအပ်သင့်သည်ဟူ၍ သီးသန့်ထုတ်ဖော်ခွင့်များ တောင်းဆိုနိုင်သည်။ အခြားဖြစ်စဉ်များတွင် အရင်းအမြစ်များ ထွက်ရှိသည့် ဒေသများသည် ယင်းတို့၏ အကျိုးအမြတ်အားလုံးကို ဗဟိုအစိုးရထံ ပေးအပ်ရပြီး အကျိုးအမြတ် မျှတစွာ ရရှိခြင်းမရှိဟု မကျေနပ်မှုကို ထုတ်ဖော်ပြောဆိုနိုင်သည်။

အဆိုပါ ပဋိပက္ခများကို တုန့်ပြန်ရန်အတွက် ကွဲပြားသည့် အစီအစဉ်များကို အသုံးပြုပါသည် –

၁။ "မူလအရင်းအမြစ် အခြေခံသဘောတရား" အရ တွင်းထွက်ပစ္စည်းများကို နိုင်ငံတော်အစိုးရမှ ပိုင်ဆိုင်ပါသည်။ သို့ရာတွင် သဘာဝသယံဇာတများ ထွက်ရှိခဲ့သည့် ယူနစ်များထံ ရန်ပုံငွေများ၏ သက်ဆိုင်ရာ ပမာဏတစ်ခုကို ပေးအပ်ပါသည် (နိုင်ဂျီးရီးယားတွင် သက်ဆိုင်ရာ ဒေသတစ်ခုမှ ထွက်ရှိသော ရေနံမှ ရရှိသည့် ဘဏ္ဍာငွေများ၏ ၁၃% ကို အဆိုပါ ဒေသထံ ပေးအပ်ပါသည်)။ မူလ အရင်းအမြစ် အခြေခံသဘောတရားသည် လက်တွေ့လိုအပ်ချက်များပေါ်တွင် အခြေခံထားခြင်း မရှိဟု ဝေဖန်မှုများ ရှိခဲ့ပါသည်။

၂။ (ဌာနရမ်းခများ ဟုလည်းခေါ်သည့်) သဘာဝသယံဇာတများမှ အကျိုးအမြတ်များအား အခွန်ကောက်ခံခြင်းသည် ဌာနရမ်းခများ၏ ပမာဏတစ်ခုကို ထွက်ရှိသည့် ဒေသအတွက် ရရှိမည် ဖြစ်သောကြောင့် ထွက်ရှိသည့်ဒေသပေါ် အထူးခွင့်အရေးများ ရရှိစေသည်။

၃။ အကျိုးတူ ထည့်ဝင်သည့်ရန်ပုံငွေ (Trust fund) တစ်ခုသည် မညီမျှမှုများကို ဟန်ချက်ညီမျှစေနိုင်သည် – ရန်ပုံငွေ၏ငွေစာရင်းမှ အတိအကျ သတ်မှတ်ထားသည့် ရာခိုင်နှုန်းတစ်ခုအား စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ အခြေခံအဆောက်အဦ၊ ဝန်ဆောင်မှုများ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် ငွေကြေးပံ့ပိုးရန် ချို့တဲ့သည့် ပြည်နယ်များသို့မဟုတ် တိုင်းဒေသကြီးများထံ ပေးအပ်သည်။

4. There are also models in which national resources belong to the unit in which they are situated. This is the case in Canada. However, the federal government has jurisdiction over off-shore resources, trade, and commerce in natural resources and therefore established a national Department of Natural Resources. This national ministry seeks to enhance responsible extraction that considers both the ecological and economic impacts of resource extraction.

5. In many countries, natural resources belong to the national government and are exclusively administered and sold by the national government. This is the case in India and in the United Kingdom. For example, oil found near Scotland's coast is exclusively owned and sold by the UK and the income generated from it goes to the UK, not to Scotland.

၄။ ယူနစ်တစ်ခုအတွင်းတည်ရှိသည့် သယံဇာတများအား အဆိုပါ ယူနစ်မှ ပိုင်ဆိုင်သည့် ပုံစံများလည်း ရှိပါသည်။ ကနေဒါနိုင်ငံ၏ ဖြစ်စဉ်မှာ ယင်းသို့ ဖြစ်သည်။ သို့ရာတွင် ဖက်ဒရယ်အစိုးရသည် ကမ်းလွန်သယံဇာတများ၊ ကုန်သွယ်မှု နှင့် သဘာဝသယံဇာတများ ကူးသန်းရောင်းဝယ်မှုတို့ကို စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး အမျိုးသားသဘာဝသယံဇာတဌာနကို တည်ထောင်ခဲ့သည်။ အဆိုပါ အမျိုးသားဝန်ကြီးဌာနသည် သယံဇာတ ထုတ်ယူခြင်း၏ ဂေဟဗေဒ နှင့် စီးပွားရေး ဆိုင်ရာ အကျိုးသက်ရောက်မှုများအားလုံးကို ထည့်သွင်းစဉ်းစားသော တာဝန်ယူမှုရှိသည့် သယံဇာတ ထုတ်ယူမှု အားပေးမြှင့်တင်ရန် ဆောင်ရွက်ပါသည်။

၅။ နိုင်ငံများစွာတို့တွင် သဘာဝသယံဇာတများအား နိုင်ငံတော်အစိုးရမှ ပိုင်ဆိုင်ပြီး နိုင်ငံတော်အစိုးရမှသာ သီးသန့် စီမံခန့်ခွဲကာ ရောင်းချသည်။ အိန္ဒိယ နှင့် ယူနိုက်တက်ကင်းဒမ်းတို့တွင် ယင်းသို့ ဖြစ်သည်။ ဥပမာအားဖြင့် စကော့တလန်၏ ကမ်းရိုးတန်းတွင် တွေ့ရှိရသည့် ရေနံများအား ယူကေမှသာ သီးသန့်ပိုင်ဆိုင်၊ ရောင်းချကာ ထိုမှရရှိသည့် ဝင်ငွေကိုလည်း စကော့တလန်ထံမှ မရရှိဘဲ ယူကေမှသာ ရရှိသည်။

In summary, the central government should assist and supervise fiscal equalization, but not excessively control revenue raising and spending by the units. Federal transfers should be performed in a reliable manner. This means that it should be timely, transparent, and based on a formula everyone understands. It should also attempt to balance unit and local government finances based on need. Coordinated planning between the union, unit, and local governments is required. The greatest threat to fiscal federalization is the failure to provide sufficient resources and a culture of patrimonialism, where regions or states heavily dependent on transfers rely on the generosity of the national Finance Minister instead of striving to enlarge their own tax basis. Instead of merely transferring money from the center to regions or local governments, the latter should be given the right to levy substantial taxes of their own as well as to collect revenues. Their financial autonomy should be commensurate with a realistic assessment of their capabilities to perform certain tasks. Mandatory tasks of the federal units and municipalities need to be financed, if the lower levels are not able to collect sufficient revenue, the gap should be covered by the national government.

Revenues from natural resources are best reserved for development. Federal transfers or regional retention of revenues should be needs-based, otherwise only certain elites may profit.

အနှစ်ချုပ်အားဖြင့် ဗဟိုအစိုးရသည် ငွေကြေးဆိုင်ရာ တန်းတူညီမျှရှိစေရေးကို အကူအညီပေးကာ ကြီးကြပ် ဆောင်ရွက်သင့်သော်လည်း ယူနစ်များ၏ ဘဏ္ဍာငွေ ရှာဖွေခြင်း နှင့် အသုံးပြုခြင်းတို့ကို အလွန်အကျွံ ထိန်းချုပ်ခြင်း မပြုသင့်ပေ။ ပြည်ထောင်စုရန်ပုံငွေ လွှဲပြောင်းပေးမှုအား လုပ်ဆောင် ရာတွင် စိတ်ချယုံကြည်ရသော ပုံစံဖြင့် ဆောင်ရွက်သင့်သည်။ ယင်းသည် အချိန်နှင့်တပြေးညီဖြစ်ပြီး ပွင့်လင်း မြင်သာမှုရှိကာ အားလုံး နားလည် သဘောပေါက်နိုင်သည့် ပုံသေနည်းတစ်ခုကို အခြေခံရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ယင်းသည် ယူနစ် နှင့် ဒေသန္တရအစိုးရ ဘဏ္ဍာ ငွေများအား လိုအပ်ချက်ကို အခြေခံကာ ဟန်ချက်ညီမျှစေရန် ဆောင်ရွက်သင့်သည်။ ပြည်ထောင်စု၊ ယူနစ် နှင့် ဒေသန္တရအစိုးရများအကြား ညှိနှိုင်းဆောင်ရွက်ကာ အစီအစဉ်များ ရေးဆွဲရန် လိုအပ်သည်။ ဖက်ဒရယ်ဘဏ္ဍာရေးအပေါ် အကြီးမားဆုံး ခြိမ်းခြောက်မှုသည် အရင်းအမြစ်များ လုံလောက်စွာ ပေးအပ်မှု မရှိခြင်း နှင့် အမွေစား အမွေခံစနစ် အလေ့အထတစ်ရပ် ပေါ်ပေါက်လာကာ ပြည်ထောင်စုရန်ပုံငွေ လွှဲပြောင်း ပေးမှုအား ကြီးစွာမှီခိုနေရသည့် တိုင်းဒေသ ကြီးများ နှင့် ပြည်နယ်များအနေဖြင့် ယင်းတို့၏ ကိုယ်ပိုင် အခွန်အခြေကို ချဲ့ထွင်ရန် ကြိုးပမ်းရမည့်အစား အမျိုးသားဘဏ္ဍာ ရေးဝန်ကြီး၏ ပေးအပ်မှုပေါ်တွင်သာ မှီခိုအားထားခြင်းတို့ဖြစ်သည်။ ဗဟိုမှ တိုင်းဒေသကြီးများ သို့မဟုတ် ဒေသန္တရအစိုးရများထံသို့ ငွေလွှဲပြောင်းပေးခြင်းကိုသာ လုပ်ဆောင်မည့်အစား တိုင်းဒေသကြီးများ နှင့် ဒေသန္တရအစိုးရများထံ ယင်းတို့အတွက် လုံလောက်သည့် အခွန်များနှင့်တကွ ဘဏ္ဍာငွေ များ ကောက်ခံခွင့် ပေးအပ်သင့်သည်။ ယင်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်သည် သက်ဆိုင်ရာ တာဝန် များ ဆောင်ရွက်နိုင်သည့် ယင်းတို့၏ စွမ်းရည်များအပေါ် လက်တွေ့ကျသည့် အကဲဖြတ်သုံးသပ်ချက်နှင့် အချိုးညီမျှသင့်သည်။ ဖက်ဒရယ်ယူနစ်များ နှင့် မြို့နီစီပယ် ဒေသများ၏ လုပ်ပိုင်ခွင့်အာဏာရှိသော တာဝန်များအား ငွေကြေးပံ့ပိုးရာ၌ အောက်ခြေ အဆင့်များတွင် ဘဏ္ဍာငွေများ လုံလောက်စွာ စုဆောင်းနိုင်ခြင်းမရှိပါက လိုအပ်ချက်ကို နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းပေးအပ်သင့်သည်။

သဘာဝသယံဇာတများမှ ဘဏ္ဍာငွေများအား ဖွံ့ဖြိုးရေးအတွက် သတ်မှတ်ချန်လှပ် ထားလျှင် အကောင်းဆုံး ဖြစ်သည်။ ပြည်ထောင်စုရန်ပုံငွေ လွှဲပြောင်းပေးမှုအား သို့မဟုတ် ဘဏ္ဍာငွေများအား ဒေသအတွက် ထားရှိမှုများ သည် လိုအပ်ချက်ပေါ်တွင် အခြေခံထားခြင်းဖြစ်ရမည်။ သို့မဟုတ်ပါက အချို့သော လူနည်းစုလူတန်းစား တစ်ရပ်သာ အကျိုးအမြတ်ရရှိနိုင်မည်ဖြစ်သည်။

Main Points

1. The distribution of responsibilities is a key element of federations. There are different models and different ways to distribute powers, but monetary, foreign and defense policy are usually national level responsibilities, while education, tourism, policing and local economic development are mostly responsibilities of the units.

2. The distribution of power and responsibilities can change over time. The US, for example, has become more centralized while Canada has become more decentralized with more responsibilities for the provinces, in other words there is no universal and eternal recipe for distributing responsibilities and finances between levels of government.

3. Fiscal federalism refers to the distribution of financial resources in a federation. It is key that units who have certain responsibilities also have the financial resources to fulfil these responsibilities. There are different ways to ensure this. For example, allowing units to collect/raise their own taxes, providing them with additional support from the union level or giving them a share from the income of natural resources will balance the disparities among the units.

အဓိကအချက်များ


၁။ လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်းသည် ဖက်ဒရေးရှင်းများ၏ အဓိကကျသော အခြေခံ အစိတ်အပိုင်း တစ်ရပ်ဖြစ်သည်။ အာဏာများအား ခွဲဝေသတ်မှတ်ရာတွင် အမျိုးမျိုးသော ပုံစံများ နှင့် နည်းလမ်းများရှိကြသော်လည်း အများအားဖြင့် ငွေကြေး၊ နိုင်ငံခြားရေး နှင့် ကာကွယ်ရေးမူဝါဒတို့သည် နိုင်ငံတော်အဆင့် လုပ်ငန်းတာဝန်များဖြစ်ကြပြီး ပညာရေး၊ ခရီးသွားလုပ်ငန်း၊ ရဲတပ်ဖွဲ့ နှင့် ဒေသန္တရ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ယူနစ်များ၏ လုပ်ငန်းတာဝန်များဖြစ်ကြသည်။

၂။ အာဏာနှင့် လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်းသည် အချိန်ကာလပေါ်မူတည်၍ ပြောင်းလဲနိုင်သည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုတွင် ဗဟိုချုပ်ကိုင်မှုပိုမိုများပြားလာပြီး ကနေဒါတွင်မူ ဗဟိုချုပ်ကိုင်မှု ပိုမိုလျော့နည်းလာကာ စီရင်စုများထံသို့ လုပ်ငန်းတာဝန်များ ပိုမိုပေးအပ်လာသည်။ တစ်နည်း ဆိုရသော် အစိုးရအဆင့်များအကြား လုပ်ငန်းတာဝန်များ နှင့် ဘဏ္ဍာငွေများ ခွဲဝေသတ်မှတ်ရာတွင် အားလုံးအတွက် အကျုံးဝင်ပြီး ထာဝရတည်တံ့သော ပုံသေနည်းဟူ၍မရှိပေ။

၃။ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်ဆိုသည်မှာ ဖက်ဒရေးရှင်းတစ်ခုအတွင်း ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ ခွဲဝေခြင်းကို ဆိုလိုသည်။ အချို့သော လုပ်ငန်းတာဝန်ရှိနေသည့် ယူနစ်များအနေဖြင့် အဆိုပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဘဏ္ဍာရေးအရင်းအမြစ်များ ရှိကြောင်း သေချာစေရန် အရေးကြီးပါသည်။ ယင်းကို သေချာစေမည့် နည်းလမ်းအမျိုးမျိုးရှိပါသည်။ ဥပမာအားဖြင့် ယူနစ်များအား ယင်းတို့၏ ကိုယ်ပိုင်အခွန်များ စုဆောင်း/ကောက်ခံရန် ခွင့်ပြုခြင်း၊ ပြည်ထောင်စုအဆင့်မှ ထပ်ဆောင်း အကူအညီပေးခြင်း နှင့် သဘာဝသယံဇာတမှ ဝင်ငွေ၏ ပမာဏတစ်ခု ပေးအပ်ခြင်း တို့သည် ယူနစ်များအကြား မညီမျှမှုများကို ပြန်လည် ဟန်ချက်ညီမျှစေခြင်း ဖြစ်သည်။

RELEVANCE FOR MYANMAR

Structure of State and Region Public Finances




As Myanmar is moving towards a federal democracy, a clear distribution of responsibilities needs to be put in place, which ensures that the Union institutions are in charge of those areas that require uniform and standard solutions, while the States and Regions can make decisions in areas which affect their identity, their local economy and social systems.

မြန်မာနိုင်ငံအတွက် ဆီလျော်မှု



Structure of State and Region Public Finances



မြန်မာနိုင်ငံသည် ဖက်ဒရယ်စနစ်တစ်ခုဆီသို့ ကူးပြောင်းလျက်ရှိသည်နှင့်အညီ တစ်သမတ်တည်းရှိသော စံဖြေရှင်းမှုနည်းလမ်းများ လိုအပ်သည့် နယ်ပယ်များတွင် ပြည်ထောင်စုအင်စတီကျူးရှင်းများမှ တာဝန်ယူ ဆောင်ရွက်ကြောင်း နှင့် ကိုယ်ပိုင်လက္ခဏာ၊ ဒေသန္တရစီးပွားရေး နှင့် လူမှုရေးဆိုင်ရာ စနစ်များအပေါ် သက်ရောက်သည့် နယ်ပယ်များရှိ ဆုံးဖြတ်ချက်များအား ပြည်နယ် နှင့် တိုင်းဒေသကြီးများမှ ချမှတ်နိုင်စေမည့် တာဝန်များခွဲဝေမှုကို စနစ်တကျ ထားရှိကြောင်း သေချာစေသင့်သည်။

Because of the lack of a clear framework, some States and Regions have taken it upon themselves to address particular issues while others wait to be told what to do.

Currently, the Union government is responsible for most decisions and has access to the most important income sources in the country (see Schedule 1 of 2008 Constitution), such as sales tax and the income from the sale of natural resources. A more transparent collection and fairer distribution of tax income is required, in order to ensure that the States and Regions are independent from the Union institutions. A key question for the future of Myanmar lies in the distribution of the income from natural resources. Here, a model needs to be adopted that ensures that the wealth coming from natural resources is spread evenly across the country, so that both resource-rich and resource-poor States and Regions can benefit. This is a major point of contention for resource-rich States who do not see many benefits from the resources that are extracted in their territories.

ရှင်းလင်းသည့် မူဘောင်တစ်ခု မရှိခြင်းကြောင့် အချို့သော ပြည်နယ် နှင့် တိုင်းဒေသကြီးများသည် သက်ဆိုင်ရာကိစ္စရပ်များကို ယင်းတို့ ကိုယ်တိုင်ဆောင်ရွက်ကြပြီး အခြားသော ပြည်နယ် နှင့် တိုင်းဒေသကြီးများကမူ မည်သို့လုပ်ဆောင်ရမည် ဖြစ်ကြောင်း ညွှန်ကြားချက်ကို စောင့်ကြပါသည်။

လက်ရှိတွင် ပြည်ထောင်စုအစိုးရသည် ဆုံးဖြတ်ချက်အများစုအတွက် တာဝန်ယူဆောင်ရွက်ပြီး အရောင်းခွန်များ၊ (၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား ၁ ကိုကြည့်ရှုပါ) နှင့် သဘာဝသယံဇာတရောင်းချမှုမှ ဝင်ငွေများကို ရယူအသုံးပြုနိုင်ကြသည်။ ပြည်နယ် နှင့် တိုင်းဒေသကြီးများအနေဖြင့် ပြည်ထောင်စုအင်စတီကျူးရှင်းများအပေါ် အမှီအခိုကင်းကြောင်း သေချာစေရန်အတွက် အခွန်ဘဏ္ဍာငွေများအား ပိုမို ပွင့်လင်းမြင်သာစွာ ကောက်ခံကာ ပိုမိုမျှတစွာ ခွဲဝေပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ အနာဂတ်အတွက် အရေးပါသည့် မေးခွန်းတစ်ခုမှာ သဘာဝသယံဇာတများမှ ရရှိသော ဝင်ငွေကို ခွဲဝေပေးခြင်းနှင့် သက်ဆိုင်သည်။ ဤနေရာတွင် အရင်းအမြစ်ပေါများသော ပြည်နယ်များ နှင့် တိုင်းဒေသကြီးများ နှင့် အရင်းအမြစ်နည်းပါးသည့် ပြည်နယ်များ နှင့် တိုင်းဒေသကြီးများအတွက် အကျိုးရှိစေရန် သဘာဝ သယံဇာတများမှရရှိသည့် ကြွယ်ဝမှုများကို နိုင်ငံတဝှမ်းခွဲသို့ ညီတူညီမျှ ခွဲဝေပေးကြောင်း သေချာစေသည့် ပုံစံကို အသုံးပြုရန်လိုအပ်သည်။ ယင်းသည် အရင်းအမြစ်များ ထုတ်ယူခဲ့သည့်ဒေသများမှ အကျိုးအမြတ် များစွာမရရှိသည့် သယံဇာတပေါများသည့် ပြည်နယ်များအတွက် အငြင်းပွားမှုများ၏ အဓိကအမှတ် ဖြစ်သည်။

Questions for Consideration

1. What role do courts play in federal systems?
2. Why is a neutral referee so important in federations?
3. How are courts organized in federations?

Questions for Myanmar

1. What is the current organization of the court system in Myanmar?
2. How will federalism influence Myanmar's judicial system?
3. What are the major reforms needed in Myanmar's judicial sector?

စဉ်းစားရမည့် မေးခွန်းများ

၁။ ဖက်ဒရယ်စနစ်များတွင် တရားရုံးများသည် မည်သည့်အခန်းကဏ္ဍတွင် ပါဝင်သနည်း။

၂။ ကြားနေ ခုံသမာဓိအဖွဲ့တစ်ခုသည် ဖက်ဒရေးရှင်းများတွင် အဘယ့်ကြောင့် အလွန်အရေးကြီးပါသနည်း။

၃။ ဖက်ဒရေးရှင်းများတွင် တရားရုံးများကို မည်သို့ ဖွဲ့စည်းထားသနည်း။

မြန်မာနိုင်ငံအတွက် မေးခွန်းများ

၁။ မြန်မာနိုင်ငံရှိ တရားရေးစနစ်၏ လက်ရှိဖွဲ့စည်းပုံမှာ မည်သို့ ဖြစ်သနည်း။

၂။ ဖက်ဒရယ်စနစ်သည် မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်အပေါ် မည်သို့ သက်ရောက်သွမ်းမိုးမှု ရှိမည်နည်း။

၃။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍတွင် မည်သည့် အရေးပါသော ပြုပြင်ပြောင်းလဲမှုများ လိုအပ်သနည်း။

Judicial federalism

A federation should be grounded in constitutionalism. Constitutionalism implies that any form of government derives from, and is limited by, a body of fundamental norms and laws creating, structuring and defining the limits of government, protecting the powers of regions or states and enforcing limits on government across all levels of government.

Under federalism, the constitutional court is considered to be the necessary neutral mediator of conflicts between national and regional branches of government, as well as between national majorities and regional minorities and a referee for the observation of norms and rules. Courts are important for the protection of federal norms since their rulings set limits for the exercise of power, especially the ability of governments to centralize, as well as decentralize, power.



တရားစီရင်ရေးဆိုင်ရာ ဖက်ဒရယ်စနစ်

ဖက်ဒရေးရှင်းတစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာမှုတွင် အခြေခံသင့်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို လိုက်နာမှုဆိုသည်မှာ မည်သည့်အစိုးရပုံစံမဆိုကို အခြေခံစံနှုန်းများ နှင့် ဥပဒေများဖြင့် ဖွဲ့စည်း ကန့်သတ်ကာ အစိုးရ၏ ကန့်သတ်ချက်များကို ဖွဲ့စည်းသတ်မှတ်ခြင်း၊ တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာများအား အကာအကွယ်ပေးခြင်းနှင့် အစိုးရအဆင့်အားလုံးတွင် အကန့်အသတ်များထားရှိခြင်းတို့၏ မည်သည့်ပုံစံကိုမဆို ရည်ညွှန်းပါသည်။

ဖက်ဒရယ်စနစ်အရ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးကို ပြည်ထောင်စုအဆင့်နှင့် ယူနစ်အဆင့် အစိုးရများအကြားနှင့်တကွ အမျိုးသားအဆင့် လူများစုများနှင့် ဒေသအဆင့် လူနည်းစုများအကြားရှိ ပဋိပက္ခများအပေါ် ကြားနေ ဖျန်ဖြေသည့် မဖြစ်မနေလိုအပ်သော အဖွဲ့အစည်းအဖြစ် နှင့် စံနှုန်းများ နှင့် စည်းမျဉ်း စည်းကမ်းများကို စောင့်ကြည့်ရေးအတွက် ခုံသမာဓိအဖွဲ့အဖြစ် ယူဆပါသည်။ တရားရုံးများ၏ အဆုံးအဖြတ်သည် အာဏာများအသုံးချမှု၊ အထူးသဖြင့် အစိုးရများ၏ ဗဟိုချုပ်ကိုင်နိုင်မှုနှင့်တကွ လုပ်ပိုင်ခွင့်အာဏာများအား ဗဟိုချုပ်ကိုင်မှု လျှော့ချပေးနိုင်မှုတို့အပေါ် အကန့်အသတ်များထားရှိနိုင်သောကြောင့် ယင်းတို့သည် ဖက်ဒရယ်စံနှုန်းများကို အကာအကွယ်ပေးရာတွင် အရေးကြီးပါသည်။



An essential jurisprudential issue in multi-ethnic federations relates to the concept of popular sovereignty – does it rest in a single demos (one united nation) or in multiple demoi (different ethnic and religious/ language groups) composing a federation? A federation might be seen as consisting of one nation or several constituting nations, in the first case strong assimilative pressures would ensue. In constitutions modelled after the constitution of the Soviet Union, which has inspired many multinational federations, one often finds the introductory sentence “We, the Nations, Nationalities and Peoples of country X” whereas the US Constitution starts with the assumption of a single people: "We the People". The assumption of a pre-existing nation as well as the country’s history thus influences the design of federal constitutions and the orientation of high courts.

Brazil, Mexico, Russia, and South Africa had centralized and authoritarian regimes prior to federalization. Those traditions still strongly influence their high courts’ centralist orientations as evidenced by the rulings of Russia's or Spain's high courts. In Germany, in contrast, one of the lessons of its Nazi past is the conviction that centralist drives must be thoroughly checked through judicial federalism.


လူမျိုးစုများစွာ ပါဝင်သော ဖက်ဒရေးရှင်းများရှိ အရေးပါသော ဥပဒေလေ့လာမှုဆိုင်ရာ ကိစ္စရပ်တစ်ခုသည် ပြည်သူလူထု၏ အချုပ်အခြာအာဏာဆိုင်ရာ အခြေခံသဘောတရားနှင့်ဆက်စပ်နေပါသည်။ အဆိုပါ အချုပ်အခြာအာဏာသည် ပြည်သူလူထုတစ်ရပ် (ပေါင်းစည်းထားသည့် အမျိုးသားပြည်သူတစ်ရပ်) သို့မဟုတ် ဖက်ဒရေးရှင်းတစ်ရပ်တွင် စုပေါင်းပါဝင်သည့် ပြည်သူလူထုမျိုးစုံ (ကွဲပြားခြားနားသော လူမျိုးစု နှင့် ဘာသာရေး/ဘာသာစကားအုပ်စုများ) တွင် ရှိပါသလား။ ဖက်ဒရေးရှင်းတစ်ခုတွင် လူမျိုးစုတစ်ခု သို့မဟုတ် လူမျိုးစုများစွာ ပါဝင်သည်ကို တွေ့မြင်နိုင်ပြီး အကယ်၍ လူမျိုးစုတစ်စုသာပါဝင်ပါက အားကောင်းသည့် သိမ်းသွင်းမှု ဖိအားများ ပေါ်ပေါက်လာမည်ဖြစ်သည်။ လူမျိုးစုများစွာပါဝင်သော ဖက်ဒရေးရှင်းများကို ပေါ်ပေါက်လာစေရန် လှုံ့ဆော်ခဲ့သည့် ဆိုဗီယက်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ပိုင်းတွင် ပုံစံရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် "ကျွန်ုပ်တို့၊ X နိုင်ငံ၏ လူမျိုးစုများ၊ နိုင်ငံသားများ နှင့် ပြည်သူများ" ဟူသော နိဒါန်းစာကြောင်းကို တွေ့ရလေ့ရှိပြီး အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူတစ်ရပ်တည်းကို ယူဆကာ "ကျွန်ုပ်တို့ ပြည်သူများ" ဟူ၍ စတင် ထားသည်။ ထို့ကြောင့် ရှိနေပြီးသား လူမျိုးစုများဆိုင်ရာ ယူဆချက်နှင့်တကွ နိုင်ငံ၏ သမိုင်းကြောင်းတို့သည် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများ၏ ပုံစံနှင့် တရားရုံးချုပ်များ၏ ရပ်တည်မှုများပေါ်တွင် လွှမ်းမိုးသက်ရောက်မှုရှိပါသည်။

ဘရာဇီး၊ မက္ကဆီကို၊ ရုရှား နှင့် တောင်အာဖရိကတို့တွင် ဖက်ဒရယ်အသွင် ကူးပြောင်းခြင်းမပြုမီတွင် ဗဟိုမှ ချုပ်ကိုင်ထားသော အာဏာရှင်အုပ်ချုပ်ရေးစနစ်များ ရှိခဲ့သည်။ အဆိုပါအစဉ်အလာများသည် ယင်းတို့၏ တရားရုံးချုပ်များ၏ ဗဟိုဝါဒဘက်သို့ တိမ်းညွတ်မှုများအပေါ် ခိုင်မာစွာ လွှမ်းမိုးနေဆဲဖြစ်သည်ကို ရုရှား သို့မဟုတ် စပိန်၏ တရားရုံးချုပ်များ၏ စီရင်ချက်များအရ အထောက်အထားဖြင့် သိမြင်နိုင်သည်။ ဆန့်ကျင်ဘက်အားဖြင့် ဂျာမနီတွင် ယင်း၏ နာဇီအတိတ်မှ သင်ခန်းစာများအနက် တစ်ခုအရ တရားစီရင်ရေးဆိုင်ရာ ဖက်ဒရယ်စနစ်တွင် ဗဟိုဝါဒ၏ မောင်းနှင်မှုများကို စေ့စပ်စွာ စစ်ဆေးသည်။

Wherever we find a "coming together" type of federalism – created by unions of previously independent states – such as Australia, Switzerland, and the United States, we observe centralist trends, whereas "devolutionary federations" (regions that acquired self-government within a formerly unitary state), such as Belgium, show a tendency to decentralize.

Ideally, the constitutional court is one of the most important guardians of judicial independence of the units as well as the federation.


Difference Between...



ဩစတြေးလျ၊ ဆွစ်ဇာလန်နှင့် အမေရိကန်ပြည်ထောင်စုတို့ကဲ့သို့သော ယခင်သီးခြားလွတ်လပ်သည့် ပြည်နယ်များမှ ပေါင်းစည်းမှုကြောင့် ပေါ်ပေါက်လာသည့် "ဆန္ဒအလျောက် ပေါင်းစည်းသည့်" ဖက်ဒရယ်စနစ်အမျိုးအစားတစ်ရပ်ကို တွေ့ရှိသည့် အခါတိုင်းတွင်ဗဟိုဝါဒီအလားအလာများကို တွေ့ရပြီး ဘယ်လ်ဂျီယံကဲ့သို့သော "အာဏာလွှဲပြောင်းပေးသည့် ဖက်ဒရေးရှင်းများ" (ယခင် တစ်ပြည်ထောင် နိုင်ငံတစ်ခုအတွင်းမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိလာခဲ့သည့်ဒေသများ)တွင်မူ ဗဟိုချုပ်ကိုင်မှုလျော့ချသည့် အလားအလာကို တွေ့ရသည်။

အကောင်းဆုံးမှာ ယူနစ်များနှင့်တကွ ဖက်ဒရေးရှင်း၏ တရားစီရင်ရေးဆိုင်ရာ သီးခြားလွတ်လပ်မှုအပေါ် အကာအကွယ်ပေးသည့် အရေးအကြီးဆုံးအရာများအနက် တစ်ခုအပါအဝင်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဖြစ်သည်။

ခြားနားချက်...



Values of a Federal Constitutional Court

In a federation, the constitutional court is bound to a respect of human rights, especially equality before the law, the supremacy of the constitution, the freedom of speech, press, and assembly, the sovereignty of the people, the separation of powers, checks and balances, and the equality of access to the electorate for all political parties. National law might enjoy a supremacy over the law of the units in a federation, but the units must be treated fairly and protected against any potential threats to their autonomy. They should have the right to participate in federal legislation. Any legislative or jurisdictional action against a unit should be based on a declaration of unconstitutionality of a unit statute or other legal act. The units should be protected against undue interference from the national government. In India, for example, the so called President's rule was often introduced in the states of India until the 1990s, because the union government did not like the voting results in a given state. On that backdrop the Supreme Court of India specified the conditions for direct Union rule over a state, making misuse much harder.

The independence of the unit courts must be protected. However, in a federation both the units of a federation and the union authorities should be committed to the promise that brings together both parties in the federal "social contract".

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတစ်ခု၏ စံတန်ဖိုးများ

ဖက်ဒရေးရှင်းတစ်ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတစ်ခုသည် လူ့အခွင့်အရေးများ၊ အထူးသဖြင့် တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှရှိမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကြီးစိုးလွှမ်းမိုးမှု၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့် နှင့် စုဝေးခွင့်၊ ပြည်သူများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ အာဏာများ ခွဲဝေခြင်း၊ အပြန်အလှန်ထိန်းကျောင်းမှုများ၊ နှင့် နိုင်ငံရေးပါတီများအားလုံးအတွက် မဲဆန္ဒရှင်များထံ တန်းတူချဉ်းကပ်ခွင့်တို့ကို လေးစားလိုက်နာရန် တာဝန်ရှိပါသည်။ အမျိုးသားဥပဒေသည် ဖက်ဒရေးရှင်းတစ်ခုအတွင်းရှိ ယူနစ်များ၏ ဥပဒေများအပေါ် ကြီးစိုးလွှမ်းမိုးနိုင်သော်လည်း ယူနစ်များအား မျှတစွာ ဆက်ဆံကာ ယင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပေါ် ကျရောက်လာနိုင်သည့် ခြိမ်းခြောက်မှုများအားလုံးမှ အကာအကွယ်ပေးရမည်။ ယူနစ်များအား ဖက်ဒရယ်ဥပဒေပြဋ္ဌာန်းခြင်းများတွင် ပါဝင်ခွင့် ပေးသင့်သည်။ ယူနစ်တစ်ခုနှင့်ဆန့်ကျင်သော ဥပဒေပြဋ္ဌာန်းမှု သို့မဟုတ် တရားစီရင်မှုဆိုင်ရာ လုပ်ဆောင်ချက် တစ်စုံတစ်ရာသည် ယူနစ်ဥပဒေ သို့မဟုတ် အခြားဥပဒေ ပြဋ္ဌာန်းချက်များ၏ အခြေခံဥပဒေနှင့်မကိုက်ညီမှုအကြောင်း ထုတ်ပြန် ကြေညာချက်ပေါ်တွင် အခြေခံရမည်။ ယူနစ်များအား နိုင်ငံတော်အစိုးရမှ မလျော်ကန်သော စွက်ဖက်မှု လုပ်ဆောင်ခြင်းမပြုရန် အကာအကွယ်ပေးသင့်သည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံတွင် ၁၉၉၀ ခုနှစ်များမတိုင်မီအထိ သက်ဆိုင်ရာ ပြည်နယ်တစ်ခုအတွင်းရှိ ဆန္ဒမဲရလဒ်များကို သဘောမကျသောကြောင့် အိန္ဒိယပြည်နယ်များအပေါ် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုကို မိတ်ဆက် ထည့်သွင်းခဲ့လေ့ရှိသည်။ ထိုအကြောင်းအရာကို နောက်ခံထားကာ အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်တရားရုံးချုပ်သည် ပြည်နယ်တစ်ခုအပေါ် ပြည်ထောင်စုမှ တိုက်ရိုက်အုပ်ချုပ်မှုအတွက် အခြေအနေများကို သတ်မှတ်ပြဋ္ဌာန်းခဲ့သောကြောင့် အလွဲသုံးစားပြု မှုများ ပေါ်ပေါက်ရန် ပိုမိုခက်ခဲလာပါသည်။

ယူနစ်တရားရုံးများ၏ သီးခြားလွတ်လပ်မှုကို အကာအကွယ်ပေးရပါမည်။ သို့ရာတွင် ဖက်ဒရေးရှင်းတစ်ခုအတွင်း ဖက်ဒရေးရှင်း၏ ယူနစ်များနှင့်တကွ ပြည်ထောင်စုအာဏာပိုင်အဖွဲ့အစည်းများအား ဖက်ဒရယ် "လူမှုပဋိညာဉ်" တွင် အတူတကွ ပေါင်းစည်းဆောင်ရွက်ရန် ကတိကဝတ်ပြုသင့်သည်။

Disputes

The constitutional court may rule on a wide range of disputes. Commonly, the constitution lays out the instances in which the constitutional court has the power to make decisions. The law may require that all other legal remedies have been tried before a case is taken by the constitutional court. Some federations such as Switzerland or Ethiopia do not have constitutional courts that make decisions in cases of conflict. They have other methods instead. In Switzerland it is left to the people (for example, through plebiscites), not a high court, to be the ultimate arbiter of centralization or decentralization, despite the existence of a Supreme Court. In essence this means no court can overrule the will of the people as articulated in a referendum. In Ethiopia, the second chamber of parliament, the House of Federation, settles disputes and interprets the constitution in case of conflict. However, most federations have strong and independent constitutional courts.

အငြင်းပွားမှုများ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် အငြင်းပွားမှု အမျိုးမျိုးကို စီရင်ဆုံးဖြတ်ပါသည်။ ပုံမှန်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့် အာဏာများကို သတ်မှတ် ပြဋ္ဌာန်းထားပါသည်။ ဥပဒေအရ အမှုတစ်ခုအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တိုင်ကြားခြင်းမပြုမီတွင် အခြားသော ဥပဒေကြောင်းအရ ဖြေရှင်းမှုနည်းလမ်းများ အားလုံးကို လုပ်ဆောင်ခဲ့ပြီး ဖြစ်ရမည်ဟု သတ်မှတ်နိုင်ပါသည်။ ဆွစ်ဇာလန်သို့မဟုတ် အီသီယိုးပီးယားတို့ကဲ့သို့သော ဖက်ဒရေးရှင်း အချို့တွင် ပဋိပက္ခများဖြစ်ပွားသည့် ဖြစ်စဉ်များတွင် အဆုံးအဖြတ်ပေးသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ တရားရုံးများမရှိကြပေ။ ထို့အစား ယင်းတို့တွင် အခြား နည်းလမ်းများရှိကြပါသည်။ ဆွစ်ဇာလန်တွင် နိုင်ငံတော်တရားရုံးချုပ် ရှိသော်လည်း ဗဟိုချုပ်ကိုင်ခြင်း သို့မဟုတ် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းတို့အတွက် အပြီးသတ်ဆုံးဖြတ်သူအဖြစ် တရားရုံးချုပ်ထံမဟုတ်ဘဲ ပြည်သူများထံ (ဥပမာ၊ ဆန္ဒခံယူပွဲများမှတစ်ဆင့်) လုပ်ပိုင်ခွင့်ပေးထားသည်။ အနှစ်သာရအားဖြင့် ယင်းသည် ဆန္ဒခံယူပွဲတွင် ထုတ်ဖော်ခဲ့သော ပြည်သူများ၏ဆန္ဒအား မည်သည့်တရားရုံးကမျှ ကန့်ကွက်နိုင်ခြင်းမရှိဟု အဓိပ္ပာယ်ရပါသည်။ အီသီယိုးပီးယားတွင် အထက်လွှတ်တော်သည် ပဋိပက္ခဖြစ်ပွားပါက အငြင်းပွားမှုများကို ဖြေရှင်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုသည်။ သို့ရာတွင် ဖက်ဒရေးရှင်းအများစုတွင် ခိုင်မာအားကောင်းပြီး သီးခြား လွတ်လပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ ရှိကြသည်။

Generally, a constitutional court deals with the following issues:

1. disputes about the powers of the federation's executive or legislative branches;

2. whether a national law goes against the constitution;

3. whether a unit law goes against a national law;

4. disagreements whether a law needs the consent of both chambers of the national parliament or of the government or legislature of a unit of the federation (certain federal laws may require the approval of the Regions or States);

5. disagreements about the rights and duties of the federation and the units of a federation;

6. conflicts regarding a unit's role in implementing a national law;

7. disputes between the federation and the units, between different units and between a unit and a municipality;

8. complaints by individuals who allege their rights were violated by a government according to constitutional freedoms;

9. complaints filed by municipalities alleging their right to self-government has been violated by a law;

ယေဘုယျအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများသည် အောက်ပါ ကိစ္စရပ်များကို ကိုင်တွယ် ဖြေရှင်းပါသည် –

၁။ ဖက်ဒရေးရှင်း၏ အုပ်ချုပ်ရေး သို့မဟုတ် ဥပဒေပြုရေးဌာနများ၏ လုပ်ပိုင်ခွင့်အာဏာများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ

၂။ အမျိုးသားဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေခြင်းရှိ၊ မရှိ

၃။ ယူနစ်ဥပဒေတစ်ရပ်သည် အမျိုးသားဥပဒေတစ်ရပ်နှင့် ဆန့်ကျင်နေခြင်းရှိမရှိ

၄။ ဥပဒေတစ်ရပ်သည် အမျိုးသားအဆင့် ပါလီမန်နှစ်ရပ်စလုံး၏ သို့မဟုတ် ဖက်ဒရေးရှင်း၏ ယူနစ်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်ဖြင့် သဘောတူညီချက် ရယူရန် လိုအပ်ခြင်းရှိမရှိ သဘောထားကွဲလွဲမှုများ (အချို့သော ဖက်ဒရယ်ဥပဒေများသည် ပြည်နယ်များ သို့မဟုတ် တိုင်းဒေသကြီးများ၏ ခွင့်ပြုချက်ရရှိရန် လိုအပ်ကောင်း လိုအပ်နိုင်သည်)

၅။ ဖက်ဒရေးရှင်း နှင့် ယင်း၏ ယူနစ်များ၏ အခွင့်အရေးများ နှင့် တာဝန်များ အပေါ် သဘောထားကွဲလွဲမှုများ

၆။ အမျိုးသားအဆင့် ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် ယူနစ်တစ်ခု၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ပဋိပက္ခများ

၇။ ဖက်ဒရေးရှင်းနှင့် ယူနစ်များအကြား၊ ယူနစ်အချင်းချင်းအကြား နှင့် ယူနစ်တစ်ခုနှင့် မြူနီစီပယ်ဒေသတစ်ခုအကြား အငြင်းပွားမှုများ

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လွတ်လပ်ခွင့်များအရ ယင်းတို့၏ အခွင့်အရေးများကို အစိုးရတစ်ရပ်က ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲတိုင်ကြားသည့် ပုဂ္ဂိုလ်များ၏ တိုင်ကြားချက်များ

၉။ ယင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များအား ဥပဒေတစ်ရပ်ဖြင့် ချိုးဖောက်ခြင်း ခံရသည်ဟု စွပ်စွဲတိုင်ကြား သည့် မြူနီစီပယ်ဒေသများ၏ တိုင်ကြားချက်များ

10. abstract Judicial Review of statutes or constitutions of the units of a federation (review of a statute's constitutionality) as well as specific Judicial Review of statutes or constitutions of the units. Only the federal Constitutional court would be competent to decide on the constitutionality of laws. If a regular court considers a law to be unconstitutional, it would suspend the proceedings and refer the matter to the federal Constitutional court for decision (so called judicial referral);


11. In Germany, the Constitutional court may file complaints by civic associations concerning their non-recognition as political parties for an election. The Constitutional court may ban a political party, but only on constitutional grounds. It is argued that a militant democracy must be able to combat anti-constitutional parties.

၁၀။ ဖက်ဒရေးရှင်းတစ်ခုရှိ ယူနစ်များ၏ ဥပဒေများ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေများအပေါ် တရားစီရင်ရေးအရ အနှစ်ချုပ် သုံးသပ်ဆန်းစစ်မှု (ဥပဒေတစ်ရပ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှု သုံးသပ်ချက်) နှင့်တကွ ယူနစ်များ၏ ဥပဒေများ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေများအပေါ် တရားစီရင်ရေးအရ တိကျစွာ သုံးသပ်ဆန်းစစ်မှု။ ဥပဒေများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှုကို ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးမှသာ အဆုံးအဖြတ်ပေးနိုင်သည်။ အကယ်၍ ဥပဒေတစ်ရပ်အား သာမန်တရားရုံးတစ်ခုမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိဟု ဆုံးဖြတ်ပါက ကြားနာစစ်ဆေးမှုများကို ရပ်ဆိုင်းကာ အဆိုပါကိစ္စရပ်အား ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ရယူရန် လွှဲပြောင်းပေးမည်ဖြစ်သည် (ယင်းကို တရားစီရင်မှု လွှဲပြောင်းပေးခြင်းဟု ခေါ်သည်)။

၁၁။ ဂျာမနီတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် လူထုအသင်းအဖွဲ့များမှ ယင်းတို့အား ရွေးကောက်ပွဲတစ်ခုတွင် နိုင်ငံရေးပါတီများအဖြစ် အသိအမှတ်မပြုခြင်းနှင့်စပ်လျဉ်း၍ တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် နိုင်ငံရေးပါတီတစ်ခုအား ပိတ်ပင်နိုင်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံသည့် ဆုံးဖြတ်ချက်ဖြင့်သာ ပိတ်ပင်နိုင်သည်။ ဖိအားပေးဒီမိုကရေစီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်နေသောပါတီများကို တိုက်ဖျက်နိုင်မည်ဟု ပြောဆိုကြသည်။

Unit Courts in a Federation


The idea of shared and divided rule applies to the court system as well. Usually the units of a federation have their own courts, including local courts, unit courts, and specialized courts. In federations where units have constitutions of their own, they also have constitutional courts that operate at the unit level. In Bosnia and Herzegovina, for example, each unit of the federation has their own constitution and their own constitutional court, which oversees the unit's constitution and allows local authorities and individual citizens to take the unit to court when they feel that their rights are violated.



A unit constitutional court acts much like the national constitutional court. A unit's constitutional court handles disputes between the lower levels of government (municipality versus municipality), between the unit and a municipality, and between the executive and legislative branches of a unit. They also rule on disputes over whether a unit law follows the unit's constitution. Just as it is at the national level, individual citizens may file complaints against unit governments if their rights are violated and municipalities may file complaints that their right to self-government has been limited. A unit court may also deal with charges against a member of a unit parliament if he or she abused their position. Finally, a unit constitutional court may examine whether an election or referendum was free and fair.

ဖက်ဒရေးရှင်းတစ်ခုအတွင်းရှိ ယူနစ်တရားရုံးများ

မျှဝေအုပ်ချုပ်ခြင်းသည် တရားရေးစနစ်တွင်လည်း အကျုံးဝင်ပါသည်။ အများအားဖြင့် ဖက်ဒရေးရှင်းတစ်ခု၏ ယူနစ်များတွင် ဒေသန္တရတရားရုံးများ၊ ယူနစ်တရားရုံးများ နှင့် အထူးတရားရုံးများအပါအဝင် ယင်းတို့၏ ကိုယ်ပိုင်တရားရုံးများရှိကြပါသည်။ ဖက်ဒရေးရှင်းများရှိ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေရှိသော ယူနစ်များတွင် ယူနစ်အဆင့်တွင် လည်ပတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများလည်း ရှိကြသည်။ ဥပမာအားဖြင့် ဘော့စနီးယား နှင့် ဟာဇီဂိုဗီးနားတွင် ဖက်ဒရေးရှင်း၏ ယူနစ်တစ်ခုချင်းစီတွင် ၄င်းတို့၏ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးရှိပြီး ထိုတရားရုံးသည် ယူနစ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြီးကြပ်ကာ ဒေသန္တရအာဏာပိုင်များ နှင့် နိုင်ငံသားများအနေဖြင့် ယင်းတို့၏ အခွင့်အရေးများကို ချိုးဖောက်ခံရသည်ဟု ခံစားရပါက ယူနစ်အား တရားစွဲဆိုနိုင်သည်။



ယူနစ်တစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများသည် နိုင်ငံတော်အဆင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများကဲ့သို့ပင်ဖြစ်သည်။ ယူနစ်တစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် အောက်ခြေအစိုးရအဆင့်များအကြား (မြူနီစီပယ်ဒေသ တစ်ခုနှင့်တစ်ခုအကြား)၊ ယူနစ်တစ်ခုနှင့် မြူနီစီပယ်ဒေသတစ်ခုအကြား၊ နှင့် ယူနစ်၏ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေး ဌာနများအကြား အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းသည်။ ယင်းတို့က ယူနစ်ဥပဒေတစ်ခုသည် ယူနစ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ကိုက်ညီမှုရှိမရှိ အငြင်းပွားမှုများကိုလည်း ဆုံးဖြတ်ပေးသည်။ နိုင်ငံတော်အဆင့်တွင်ကဲ့သို့ပင် နိုင်ငံသား တစ်ဦးချင်းစီသည် ယင်းတို့၏ အခွင့်အရေးများကို ချိုးဖောက်ခံရပါက ယူနစ်အစိုးရများကို တိုင်ကြားနိုင်ပြီး မြူနီစီပယ် ဒေသများသည်လည်း ယင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကန့်သတ် ချုပ်ချယ်ခံရပါက တိုင်ကြားနိုင်သည်။ ယူနစ်တရားရုံးတစ်ခုသည် ယူနစ်၏ လွတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ၄င်း၏ရာထူးကို အလွဲသုံးစားလုပ်ခဲ့ပါက စွပ်စွဲတိုင်ကြားမှုများကိုလည်း ဖြေရှင်းဆုံးဖြတ်နိုင်သည်။ နောက်ဆုံးအနေဖြင့် ယူနစ်တစ်ခု၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ရွေးကောက်ပွဲ သို့မဟုတ် ဆန္ဒခံယူပွဲတစ်ခုသည် လွတ်လပ်မှုတမှု ရှိမရှိကို အကဲဖြတ်သုံးသပ်နိုင်သည်။

Formation of Constitutional Courts

There are many different ways that federations decide to form their constitutional courts. In Germany, for example, there is a unique system where half of the members of the national constitutional court are elected by the first chamber of parliament, the Bundestag, and half by the Bundesrat, the second chamber of parliament. This allows each Länd to have input in the makeup of the constitutional court. In the United States, the nine judges on the Supreme Court are appointed for lifetime terms by the President whenever there is a vacancy. The upper house, or Senate, that represents the units (US States) must then confirm the appointment. In India, a judge is appointed to the Supreme Court by the president on the recommendation of a group of judicial experts, but the president has the power to reject a recommendation. Justices of the Supreme Court of Canada are appointed by the governor general, based on the advice of the cabinet and through consultation with the prime minister.


In Australia, similar to Canada, appointments to the High Court are officially made by the governor-general, but in practice appointees are nominated by the prime minister on advice from the cabinet. In Pakistan, the nomination of justices to the Supreme Court comes from the prime minister based on merits and experience. Pakistan's president then confirms the nomination and eventually appoints the chief justice and judges of the Supreme Court.

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ ဖွဲ့စည်းခြင်း


ဖက်ဒရေးရှင်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများအား မည်သို့ ဖွဲ့စည်းမည်ကို ဆုံးဖြတ်နိုင်သည့် နည်းလမ်းအများအပြားရှိပါသည်။ ဥပမာအားဖြင့် ဂျာမနီတွင် နိုင်ငံတော်အဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ အဖွဲ့ဝင်ထက်ဝက်ကို အောက်လွှတ်တော်မှ ရွေးကောက်တင်မြှောက်ပြီး ထက်ဝက်ကို အထက်လွှတ်တော်မှ ရွေးကောက်တင်မြှောက်သည့် ထူးခြားသော စနစ်တစ်ခု ရှိပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဖွဲ့စည်းတည်ထောင်ရာတွင် ပြည်နယ်တစ်ခုစီအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်စေသည်။ အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံတော် တရားရုံးချုပ်၏ တရားသူကြီး ၉ ဦးကို နေရာလစ်လပ်မှုရှိသည့်အခါတိုင်းတွင် သမ္မတမှ တစ်သက်တာသက်တမ်းဖြင့် ခန့်အပ်ပါသည်။ ထို့နောက်တွင် ယူနစ်များ (အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်များ)ကို ကိုယ်စားပြုသည့် အထက်လွှတ်တော် သို့မဟုတ် ဆီးနိတ်လွှတ်တော်သည် ခန့်အပ်မှုကို အတည်ပြုရပါသည်။ အိန္ဒိယနိုင်ငံတွင် တရားသူကြီးတစ်ဦးအား နိုင်ငံတော် တရားရုံးချုပ်သို့ ခန့်အပ်ရာတွင် တရားစီရင် ရေးဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့၏ အကြံပြုချက်ဖြင့် သမ္မတမှခန့်အပ်ပါသည်။ သို့ရာတွင် ခန့်အပ်ရန် အကြံပြုတင်ပြချက်အား သမ္မတမှ ကန့်ကွက်ပယ်ဖျက်နိုင်ပါသည်။ ကနေဒါနိုင်ငံတော် တရားရုံးချုပ်၏ တရားသူကြီးများအား အစိုးရအဖွဲ့၏ အကြံပြုချက်ကို အခြေခံကာ ဝန်ကြီးချုပ်နှင့် ဆွေးနွေး တိုင်ပင်ပြီး ဘုရင်ခံချုပ်က ခန့်အပ်ပါသည်။

ကနေဒါနည်းတူ ဩစတြေးလျတွင်လည်း အဆင့်မြင့်တရားရုံးသို့ ခန့်အပ်မှုများအား ဘုရင်ခံချုပ်မှ တရားဝင်လုပ်ဆောင်သည်။ သို့ရာတွင် လက်တွေ့တွင် ခန့်အပ်ခံရသူများအား အစိုးရအဖွဲ့၏ အကြံပြုချက်ဖြင့် ဝန်ကြီးချုပ်မှ အမည်စာရင်း တင်သွင်းပါသည်။ ပါကစ္စတန်တွင် နိုင်ငံတော် တရားရုံးချုပ်အတွက် တရားသူကြီးများ အမည်စာရင်းတင်သွင်းရာတွင် ထိုက်တန်မှု နှင့် အတွေ့အကြုံတို့ကို အခြေခံကာ ဝန်ကြီးချုပ်မှ ခန့်အပ်ပါသည်။ ပါကစ္စတန်၏ သမ္မတသည် ထို့နောက်တွင် အမည်စာရင်းတင်သွင်းမှုကို အတည်ပြုကာ နိုင်ငံတော်တရားရုံးချုပ်၏ တရားသူကြီးချုပ် နှင့် တရားသူကြီးများကို ခန့်အပ်ပါသည်။

From a federal perspective it is advisable to let the units participate in the selection of the judges of the Constitutional Court and to limit the influence of the head of the executive branch. Although political preferences will always inform the selection of judges, merits should trump party allegiance. Furthermore, it is reasonable to make the term of judges independent from elections to the parliament or the executive branch. As with any high-ranking public service it is reasonable to limit the terms of judges. The common arguments in favour of "checks and balances", for example, limiting the formation of old-boys-networks, apply to judges, too. Finally, constitutional law is evolving. If judges sit for lifetime on a court, conservatism is likely to prevail.



ဖက်ဒရယ်ရှုထောင့်တစ်ခုမှ ကြည့်ရှုပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ တရားသူကြီးများ ရွေးချယ်ရာတွင် ယူနစ်များအား ပါဝင်ခွင့်ပေးကာ အုပ်ချုပ်ရေး ဌာန အကြီးအကဲ၏ လွှမ်းမိုးမှုကို လျော့ချကန့်သတ်သင့်သည်။ တရားသူကြီးများကို ရွေးချယ်မှုများတွင် ယင်းတို့၏ နိုင်ငံရေးဆိုင်ရာ ပိုမိုနှစ်သက်အလေးသာမှုတို့ အစဉ်အမြဲ ပါဝင်နေမည်ဖြစ်သော်လည်း ပါတီစွဲထက် ထိုက်တန်မှုကို ထောက်ရှုကာ ဆုံးဖြတ်သင့်သည်။ ထို့ပြင် တရားသူကြီးများ၏ သက်တမ်းများအား ပါလီမန် သို့မဟုတ် အုပ်ချုပ်ရေးဌာန၏ ရွေးကောက်ပွဲများနှင့် သီးခြားစီ ထားရှိသင့်ပါသည်။ အခြားမည်သည့်အဆင့်မြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုမဆိုနည်းတူ တရားသူကြီးများ၏ သက်တမ်းများကိုလည်း ကန့်သတ်ထားရှိသင့်ပါသည်။ "အပြန် အလှန်ထိန်းကျောင်းမှု" လုပ်ဆောင်သင့်ကြောင်း ထောက်ခံပြောဆိုသည့် အကြောင်း အရင်းများ၊ ဥပမာအားဖြင့် လူရင်းများဖြင့်ကွန်ရက်များ ဖွဲ့စည်းမှုများကို ကန့်သတ် ခြင်းသည် တရားသူကြီးများအတွက်လည်း အကျုံးဝင်ပါသည်။ နောက်ဆုံးအနေဖြင့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေများသည် ပြောင်းလဲ တိုးတက်လျက် ရှိပါသည်။ အကယ်၍ တရားသူကြီးများသည် တရားရုံးအတွင်း တစ်သက်တာ တာဝန် ထမ်းဆောင် ရပါက ရှေးရိုးစွဲမှုများ ပေါ်ပေါက်လာမည်ဖြစ်သည်။



In the US, there is a dual court system, meaning that the national level courts handle issues concerning national laws where the state courts handle issues concerning state laws. In Bosnia and Herzegovina, there are only two union courts, the Constitutional Court and the Court of Bosnia and Herzegovina, which only deals with human rights appeals.



အမေရိကန်ပြည်ထောင်စုတွင် အာဏာပြိုင်တရားရုံးစနစ်တစ်ခုရှိပြီး နိုင်ငံတော် အဆင့် တရားရုံးများသည် နိုင်ငံတော်အဆင့် ဥပဒေဆိုင်ရာ အမှုများကို ကိုင်တွယ်ဖြေရှင်းပြီး ပြည်နယ်တရားရုံးများသည် ပြည်နယ်ဥပဒေနှင့်သက်ဆိုင်သော အမှုများကို ဖြေရှင်း သည်။ ဘော့စနီးယား နှင့် ဟာဇီဂိုးဗီးနားတွင် ပြည်ထောင်စုအဆင့် တရားရုံးနှစ်ခု သာရှိပြီး ယင်းတို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး နှင့် လူ့အခွင့်အရေး ဆိုင်ရာ အယူခံတင်သွင်းလွှာများကို ဖြေရှင်းသည့် ဘော့စနီးယား နှင့် ဟာဇီဂိုဗီးနား တရားရုံးတို့ဖြစ်ပါသည်။



Centralism or Federalism-friendly Decision-making

There is a risk that national constitutional courts could help to centralize power in federations. The US Supreme Court, for example, has over time strengthened the national government at the expense of the states. The Supreme Court expanded its interpretation of congressional power, arguing that there is a need for uniform national laws, but then has recently trimmed the power of Congress and acknowledged the legitimate interests of the states. The constitutional courts of Belgium and Germany have generally balanced centralization and decentralization. Wherever one finds ethnic and cultural diversity, as in Belgium, Canada and Switzerland, centralization is more restrained – courts tend to protect the units and internal diversity. In more homogeneous, territorial federations such as Australia, Austria and the United States there have been tendencies for centralization as a result of court decisions.

More centralized constitutions usually generate more centralist court systems. Whenever the national constitution is clear on the powers of both the national and unit governments, there is less possibility for judicial centralization. Courts that are more centralist might rule in favor of the protection of basic human and civil rights against ethnic or religious group rights in multi-ethnic federations. The overall record of federal constitutional courts is positive – federally formed high courts tend to make federalism-friendly decisions.

ဗဟိုဦးစီးစနစ် သို့မဟုတ် ဖက်ဒရယ်စနစ်ကို အားပေးသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများသည် ဖက်ဒရေးရှင်းများအတွင်း လုပ်ပိုင်ခွင့်အာဏာများကို ဗဟိုမှချုပ်ကိုင်ရန် အကူအညီပေးနိုင်သည့် အဆိုးကြုံနိုင်ခြေ တစ်ခုရှိပါသည်။ ဥပမာအားဖြင့် အမေရိကန် တရားရုံးချုပ်သည် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ နိုင်ငံတော်အဆင့် အစိုးရကို ခိုင်မာ အားကောင်းလာ စေခြင်းကြောင့် ပြည်နယ်များကို အားနည်းလာစေခဲ့ပါသည်။ နိုင်ငံတော်တရားရုံးချုပ် သည် တစ်သမတ်တည်းရှိသည့် အမျိုးသားဥပဒေများရှိရန် လိုအပ်ကြောင်း ပြောဆိုကာ ကွန်ဂရက်လွှတ်တော်၏ အာဏာများကို တိုးချဲ့၍ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သော်လည်း လတ်တလောတွင် ကွန်ဂရက်၏ အာဏာများကို လျှော့ချကာ ပြည်နယ်များ၏ တရားဝင်အကျိုးစီးပွားများကို အသိအမှတ်ပြုခဲ့သည်။ ဘယ်လ်ဂျီယံ နှင့် ဂျာမနီတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများသည် ဗဟိုချုပ်ကိုင်မှု နှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးတို့အကြားတွင် ယေဘုယျအားဖြင့် ဟန်ချက်ညီမျှမှု ရှိစေသည်။ ဘယ်လ်ဂျီယံ၊ ကနေဒါ နှင့် ဆွစ်ဇာလန်တို့တွင်ကဲ့သို့ လူမျိုးစု နှင့် ယဉ်ကျေးမှုဆိုင်ရာ စုံလင်ကွဲပြားမှုများရှိသည့်နိုင်ငံများတွင် တရားရုံးများသည် ယူနစ်များ နှင့် နိုင်ငံတွင်းရှိ စုံလင်ကွဲပြားမှုများကို အကာအကွယ် ပေးကာ ဗဟိုချုပ်ကိုင်မှုကို ပိုမိုကန့်သတ်ထားပါသည်။ ဩစတြေးလျ၊ ဩစတြီးယား နှင့် အမေရိကန် ပြည်ထောင်စုတို့ကဲ့သို့သော ပိုမို၍ တသားတည်းဖြစ်သည့် နယ်မြေဒေသအခြေပြု ဖက်ဒရေးရှင်းများတွင် တရားရုံးများ၏ ဆုံးဖြတ်ချက်များအရ ဗဟိုချုပ်ကိုင်မှုဘက်သို့ ပိုမို၍ အလေးသာပါသည်။

ဗဟိုချုပ်ကိုင်မှု ပိုမိုများပြားသည့် အခြေခံဥပဒေများသည် ဗဟိုဝါဒီတရားရုံးစနစ်များကို ပိုမိုပေါ်ပေါက်လာစေပါသည်။ နိုင်ငံတော်အဆင့် နှင့် ယူနစ်အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိုမိုရှင်းလင်းစွာဖော်ပြထားပါက တရားစီရင်ရေးတွင် ဗဟိုချုပ်ကိုင်မှုအတွက် အခွင့်အလမ်း ပိုမိုနည်းပါးပါသည်။ ဗဟိုဦးစီးစနစ်ဘက်သို့ အလေးသာသည့် တရားရုံးများသည် လူမျိုးစုများစွာ ပါဝင်သည့် ဖက်ဒရေးရှင်းများအတွင်း လူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စုများ၏အခွင့်အရေးများထက် အခြေခံလူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးများကို အကာအကွယ်ပေးရေးကို ဦးစားပေးတတ်ပါသည်။ ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများ (အများအားဖြင့် အပြုသဘောဆောင်ပြီး ဖက်ဒရယ်စနစ်အရ ဖွဲ့စည်းခဲ့သည့် အဆင့်မြင့်တရားရုံးများသည်) ဖက်ဒရယ်စနစ်ကို အားပေးသည့် ဆုံးဖြတ်ချက်များ ချမှတ်လေ့ ရှိပါသည်။

In many instances, big political differences between parties are resolved by constitutional courts. In Germany, for example, the constitutional court has been engaged in judicial policy-making whenever the parties could not find a compromise in parliament. The constitutional court served as a convenient way out, although it is not its function to substitute for political decision-making.

Main Points

1. Under federalism, the Constitutional Court is considered to be the necessary neutral mediator of conflicts between national and regional branches of government, as well as between national majorities and regional minorities and a referee for the observation of norms and rules.

2. It is advisable to let the units participate in the selection of the judges of the Constitutional Court and to limit the influence of the head of the executive branch.

3. The units of a federation should have their own constitutions or charters and their own local courts, unit courts, and specialized courts. In federations where units have constitutions of their own, they also have to have constitutional courts that operate at the unit level.

ဖြစ်စဉ်များစွာတို့တွင် အုပ်စုများအကြား နိုင်ငံရေးဆိုင်ရာ ကွဲပြားခြားနားမှု များပြားသည့်အခါ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများမှ ဖြေရှင်းဆောင်ရွက်ပေးပါသည်။ ဥပမာအားဖြင့် ဂျာမနီနိုင်ငံတွင် ပါတီများအနေဖြင့် ပါလီမန်အတွင်း ညှိနှိုင်းဆောင်ရွက်၍မရပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် တရားစီရင်ရေးဆိုင်ရာ မူဝါဒချမှတ်ရေးတွင် ပါဝင်ဆောင်ရွက်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရေးအတွက် အစားထိုး ရန်မဟုတ်သော်လည်း အဆင်ပြေသည့် ထွက်ပေါက်နည်းလမ်းတစ်ခု ဖြစ်ပါသည်။

အဓိကအချက်များ

၁။ ဖက်ဒရယ်စနစ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် နိုင်ငံတော်အဆင့်အစိုးရဌာနများနှင့် ဒေသအဆင့် အစိုးရဌာနများ အကြားနှင့်တကွ နိုင်ငံတော်အဆင့် လူများစုများနှင့် ဒေသတွင်း လူနည်းစုများ အကြား ပဋိပက္ခများအတွက် မရှိမဖြစ် ကြားနေဖျန်ဖြေသည့် အဖွဲ့အစည်းဖြစ်ပြီး စံနှုန်းများ နှင့် စည်းမျဉ်းများကို စောင့်ကြည့်သည့် ခုံသမာဓိအဖွဲ့ ဖြစ်သည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ တရားသူကြီးများအား ရွေးချယ်ရာတွင် ယူနစ်များကို ပါဝင် ခွင့်ပြုသင့်ပြီး အုပ်ချုပ်ရေးဌာနအကြီးအကဲ၏ သြဇာလွှမ်းမိုးမှုကို ကန့်သတ်သင့်ပါသည်။

၃။ ဖက်ဒရေးရှင်းတစ်ခု၏ ယူနစ်များတွင် ယင်းတို့၏ ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေများ သို့မဟုတ် ပဋိညာဉ်များနှင့် ဒေသန္တရ တရားရုံးများ၊ ယူနစ်တရားရုံးများ နှင့် အထူးတရားရုံးများ ရှိသင့်ပါသည်။ ယူနစ်များအတွက် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိသည့် ဖက်ဒရေးရှင်းများတွင် ယူနစ်အဆင့်၌ လည်ပတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများလည်း ရှိရပါမည်။



RELEVANCE FOR MYANMAR

In Myanmar, there currently exists a Constitutional Tribunal and a Supreme Court. The Constitutional Tribunal was founded in 2011. There is one chairperson and eight members on the Tribunal, who serve five year terms. Members of the tribunal are elected proportionally by the President, Pyithu Hluttaw, and Amyotha Hluttaw. The Constitutional Tribunal is tasked to interpret the Constitution, to vet whether legislation is in conformity with the Constitution, whether executive acts conform to the Constitution, on constitutional disputes between the Union and the Regions or States and on which level of government is going to implement a Union law. The Tribunal is still in its infancy, as of now it has only handed down a very limited number of rulings. In the future, clarification will be needed over which of these two institutions deals with the different conflicts that can arise in a federal democracy – such as a dispute over responsibilities or money between the Union and the States and Regions. Because States and Regions do not currently have their own constitutions in Myanmar, there are no constitutional courts at the sub-national level. In order to strengthen the independence and institutional architecture of the States and Regions, they should be allowed to have their own constitutions as well as their own constitutional courts. In this way, regional and state constitutional courts would provide an additional layer of protection for federalism, democracy and the rights of individuals and groups.



မြန်မာနိုင်ငံအတွက် ဆီလျော်မှု

လက်ရှိမြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ခု နှင့် နိုင်ငံတော်တရားရုံးချုပ်တစ်ခုတို့ ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ခုံရုံးတွင် ဥက္ကဋ္ဌ တစ်ဦး နှင့် အဖွဲ့ဝင် ၈ ဦးတို့ ရှိပြီး ၅ နှစ်ကြာ တာဝန်ထမ်းဆောင်ပါသည်။ ခုံရုံး၏ အဖွဲ့ဝင်များအား သမ္မတ၊ ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်တို့မှ အချိုးကျ ရွေးချယ်တင်မြှောက်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ တာဝန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရန်၊ ဥပဒေပြဋ္ဌာန်းချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှုရှိမရှိ အကဲဖြတ်ဆန်းစစ်ရန်၊ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာမှုရှိမရှိ ဆန်းစစ်ရန်၊ ပြည်ထောင်စု နှင့် တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များအကြား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆန်းစစ်သုံးသပ်ရန် နှင့် ပြည်ထောင်စုအဆင့် ဥပဒေတစ်ရပ်ကို မည်သည့်အစိုးရအဆင့်မှ အကောင်အထည်ဖော်ရမည်ကို ဆုံးဖြတ်ရန်တို့ဖြစ်သည်။ ခုံရုံးသည် အစပြုကာစသာဖြစ်ပြီး ယခုအခါတွင် ဆုံးဖြတ်ချက်အချို့ကိုသာ လုပ်ဆောင်ရသေးပါသည်။ အနာဂတ်တွင် အဆိုပါ အင်စတီကျူးရှင်းနှစ်ခုအနက် ပြည်ထောင်စု နှင့် ပြည်နယ် နှင့် တိုင်းဒေသကြီးများအကြား လုပ်ငန်းတာဝန်များ သို့မဟုတ် ငွေကြေးတို့အပေါ် အငြင်းပွားမှုများကဲ့သို့သော ဖက်ဒရယ်ဒီမိုကရေစီစနစ်တစ်ခုအတွင်း ပေါ်ပေါက်လာနိုင်သည့် အမျိုးမျိုးသောပဋိပက္ခများ ကို မည်သည့်အင်စတီကျူးရှင်းမှ ဖြေရှင်းရန် လိုအပ်သည်ကို ရှင်းလင်းသတ်မှတ်ရန် လိုအပ်မည်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ ပြည်နယ် နှင့် တိုင်းဒေသကြီးများတွင် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေများ မရှိသောကြောင့် ဒေသန္တရအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ မရှိသေးပေ။ ပြည်နယ် နှင့် တိုင်းဒေသကြီးများ၏ လွတ်လပ်ခွင့် နှင့် အင်စတီကျူးရှင်းဆိုင်ရာ ပုံစံများကို ခိုင်မာအားကောင်းစေရေးအတွက် ယင်းတို့အား ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်တကွ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများထားရှိရန် ခွင့်ပြုသင့်သည်။ ဤနည်းအားဖြင့် ပြည်နယ် နှင့် တိုင်းဒေသကြီးများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများသည် ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီ နှင့် လူတစ်ဦးချင်းစီ နှင့် အုပ်စုများ၏ အခွင့်အရေးများအတွက် အကာအကွယ်တစ်ခု ထပ်မံရရှိစေမည်ဖြစ်သည်။

Questions for Consideration

1. How does society reflect federalism in a wider sense?
2. How does federalism affect the party system?
3. What is the link between functioning federal principles and the organization of society?

Questions for Myanmar

1. How does Myanmar's current party system influence the federal debate?
2. How much does television and society in general represent the diversity of Myanmar?
3. Which changes are needed for Myanmar to move towards a federal society?

စဉ်းစားရမည့် မေးခွန်းများ

၁။ ယေဘုယျအားဖြင့် လူမှုအဖွဲ့အစည်းသည် ဖက်ဒရယ်စနစ်အား မည်သို့ ထင်ဟပ်ဖော်ပြသနည်း။

၂။ ဖက်ဒရယ်စနစ်သည် ပါတီစနစ်အပေါ် မည်သို့သက်ရောက်သနည်း။

၃။ လက်တွေ့အသုံးချနိုင်သည့် ဖက်ဒရယ်အခြေခံမူများနှင့် လူမှုအဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်ပုံ တို့အကြားတွင် မည်သည့် ချိတ်ဆက်မှုရှိသနည်း။

မြန်မာနိုင်ငံအတွက် မေးခွန်းများ


၁။ မြန်မာနိုင်ငံ၏ လက်ရှိပါတီစနစ်သည် ဖက်ဒရယ်ဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများအပေါ် မည်သို့ လွှမ်းမိုး သက်ရောက်မှုရှိသနည်း။

၂။ ယေဘုယျအားဖြင့် ရုပ်မြင်သံကြား နှင့် လူမှုအဖွဲ့အစည်းတို့သည် မြန်မာနိုင်ငံ၏ စုံလင်ကွဲပြားမှုကို မည်မျှ ကိုယ်စားပြုသနည်း။

၃။ မြန်မာနိုင်ငံတွင် ဖက်ဒရယ်လူမှုအဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် မည်သည့် ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်သနည်း။


Party Systems and Societal Federalism

In order to understand how federalism works and contributes to good governance, it is not enough to assess the institutions within the executive, legislative, and judiciary. Federalism is successful when it is part of wider societal structures. The political parties, civil society organizations, and business associations can tell us a lot about a federation.



ပါတီစနစ်များ နှင့်
လူမှုအဖွဲ့အစည်းဆိုင်ရာ ဖက်ဒရယ်စနစ်

ဖက်ဒရယ်စနစ်၏ လည်ပတ်ပုံ သဘောတရား နှင့် ကောင်းမွန်သည့် အုပ်ချုပ်မှုအပေါ် မည်သို့ အထောက်အကူပြုကြောင်း သိရှိနိုင်ရန်အတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး နှင့် တရားစီရင်ရေး အင်စတီကျူးရှင်းများကိုသာ အကဲဖြတ်ဆန်းစစ်ခြင်းသည် လုံလောက်မှုမရှိနိုင်ပေ။ ဖက်ဒရယ်စနစ်သည် ပိုမိုကျယ်ပြန့်သည့် လူမှု အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းပုံများ၏ အစိတ်အပိုင်းဖြစ်သည့်အခါတွင် အောင်မြင်မှုရှိပါသည်။ နိုင်ငံရေး ပါတီ များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် စီးပွားရေးအသင်းအဖွဲ့များကို ကြည့်ရှုခြင်းဖြင့် ဖက်ဒရေးရှင်းတစ်ခုအကြောင်းကို များစွာ သိရှိနိုင်ပါသည်။



Parties in Federations

The working of federalism depends on its societal underpinnings. In federal systems political parties should represent unity and diversity in their internal and external modus operandi. But different federal systems have different party systems. In some federations, there are dominant parties that are often hierarchically organized, with a strong national executive that controls the regional party offices. Examples of this kind of organization can be found in South Africa, where the African National Congress (ANC) became the dominant party at the regional and national level after the end of apartheid and at the start of the federal democracy in 1995. While the dominance of the ANC at the regional level has been eroding in recent years, it remains the most popular party at the central level. The party is strongly centralized and the party president (often also the president of South Africa) is in charge of party guidelines and oversees the regional party offices as well. The ANC is thus centralist rather than federal.



A similarly dominating role was played by the Indian Congress Party for most of India's post-independence history. The Congress Party dominated Indian politics at central and regional levels and was likewise dominated by a strong national executive. However, the Congress Party in India has always focused on representing not just Hindus (which is the majority group in India), but also other religious, linguistic and ethnic groups. In Russia, the United Russia Party is the dominant party and ethnic parties are actually forbidden by law. Therefore, politicians do not have to represent regional interests or ethnic diversity and therefore do not need federalism for acquiring political power.

ဖက်ဒရေးရှင်းများရှိ ပါတီများ

ဖက်ဒရယ်စနစ်၏ လက်တွေ့အသုံးကျပုံသည် ယင်း၏ လူမှုအဖွဲ့အစည်းဆိုင်ရာ နောက်ခံအကြောင်း အရင်းများပေါ်တွင် မူတည်ပါသည်။ ဖက်ဒရယ်စနစ်များတွင် နိုင်ငံရေးပါတီများသည် ယင်းတို့၏ ပါတီတွင်း နှင့် ပါတီပြင်ပ လုပ်ထုံးလုပ်နည်းများ အတွင်း ညီညွတ်မှု နှင့် စုံလင်ကွဲပြားမှုတို့ကို ကိုယ်စားပြုသင့်ပါသည်။ သို့သော် ကွဲပြားခြားနားသော ဖက်ဒရယ်စနစ်များတွင် အမျိုးမျိုးသော ပါတီစနစ်များ ရှိကြသည်။ အချို့သော ဖက်ဒရေးရှင်းများတွင် အဆင့်ဆင့်ဖွဲ့စည်းထားသော ဩဇာလွှမ်းမိုးသည့် ပါတီများရှိပါသည်။ ယင်းတို့တွင် ဒေသဆိုင်ရာ ပါတီရုံးများကို ထိန်းချုပ်သည့် ခိုင်မာအားကောင်းသော အမျိုးသားအဆင့် အမှုဆောင်အဖွဲ့ရှိပါသည်။ ယင်းသို့သော အဖွဲ့အစည်းမျိုးကို ဥပမာအားဖြင့် တောင်အာဖရိကနိုင်ငံတွင် တွေ့မြင်နိုင်သည်။ အာဖရိကအမျိုးသားကွန်ဂရက် (ANC) သည် ၁၉၉၅ ခုနှစ် လူမျိုးရေး ခွဲခြားသည့် မူဝါဒ အဆုံးသတ်ပြီး ဖက်ဒရယ်ဒီမိုကရေစီ စတင်ခဲ့ချိန်တွင် ဒေသအဆင့် နှင့် အမျိုးသားအဆင့်တို့တွင် ဩဇာလွှမ်းမိုးသည့် ပါတီဖြစ်လာခဲ့သည်။ လတ်တလောနှစ်များအတွင်း (ANC)သည် ဒေသအဆင့်တွင် ဩဇာလွှမ်းမိုးမှု လျော့ကျလာနေခဲ့သော်လည်း ဗဟိုအဆင့်တွင်မူ ရေပန်းအစားဆုံးပါတီ ဖြစ်နေဆဲဖြစ်သည်။ ၄င်းပါတီသည် များစွာ ဗဟိုမှချုပ်ကိုင်ထားပြီး (တောင်အာဖရိက သမ္မတလည်း ဖြစ်လေ့ရှိတတ်သည့်) ပါတီဥက္ကဋ္ဌသည် ပါတီကို တာဝန်ယူပြီး ဒေသဆိုင်ရာ ပါတီရုံးများကိုလည်း ကြီးကြပ်ပါသည်။ ထို့ကြောင့် (ANC) သည် ဖက်ဒရယ်ထက် ဗဟိုချုပ်ကိုင်မှုဝါဒီ ပိုဆန်ပါသည်။



အလားတူ ဩဇာလွှမ်းမိုးသည့် အခန်းကဏ္ဍကို အိန္ဒိယ၏ လွတ်လပ်ရေးရရှိပြီး သမိုင်းတစ်လျှောက် အများဆုံးကာလတွင် အိန္ဒိယ ကွန်ဂရက်ပါတီမှ ရရှိထားပါသည်။ ကွန်ဂရက်ပါတီသည် အိန္ဒိယနိုင်ငံရေးအပေါ် ဗဟို နှင့် ဒေသတွင်းအဆင့်တို့တွင် ဩဇာ လွှမ်းမိုးပြီး အလားတူပင် ခိုင်မာအားကောင်းသည့် အမျိုးသားအဆင့် အမှုဆောင်အဖွဲ့မှ ဩဇာလွှမ်းမိုး ချုပ်ကိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အိန္ဒိယနိုင်ငံရှိ ကွန်ဂရက်ပါတီသည် (အိန္ဒိယနိုင်ငံရှိ လူများစု အုပ်စုဖြစ်သော) ဟိန္ဒူဘာသာဝင်များကိုသာမကဘဲ အခြားသော ဘာသာရေး၊ ဘာသာစကား နှင့် တိုင်းရင်းသားအုပ်စုများကိုပါ ကိုယ်စားပြုရန် အစဉ်အာရုံစူးစိုက်ခဲ့သည်။ ရုရှားနိုင်ငံတွင် ညီညွတ်သောရုရှားပါတီသည် ဩဇာလွှမ်းမိုးသည့် ပါတီဖြစ်ပြီး လူမျိုးစုပါတီများအား အမှန်တကယ်တွင် ဥပဒေဖြင့် တားမြစ်ထားသည်။ ထို့ကြောင့် နိုင်ငံရေးလှုပ်ရှားသူများအနေဖြင့် ဒေသတွင်း အကျိုးစီးပွားများ သို့မဟုတ် လူမျိုးစုဆိုင်ရာ စုံလင်ကွဲပြားမှုတို့ကို ကိုယ်စားပြုရန် မလိုအပ်ဘဲ နိုင်ငံရေးအာဏာ ရရှိရေးအတွက် ဖက်ဒရယ်စနစ်ကို မလိုအပ်ပေ။

In contrast, some countries have party systems that are strongly fragmented, with many regional, ethnic and linguistic parties and only a small number (or in some cases none) of national parties. Bosnia and Herzegovina is a country whose party system is organized along ethnic lines. There are parties representing the three biggest ethnic groups (Bosniaks, Serbs and Croats) and there are a small number of parties who aim to represent all Bosnian citizens, independent of their ethnic belonging. However, in elections, ethnic parties dominate, and according to Bosnia's constitutional rules, have to work together and form a coalition in order to make and implement important decisions. The most extreme example of a fragmented party system is Belgium. In Belgium, parties are split between the two big language communities: Flemish and French. There used to be national parties but due to conflict between the two communities, the party system completely fell apart and now only the Flemish or French-speaking parties exist.

A third kind of party system can be found in numerous Western and non-Western federations, which combine strong nationwide parties with strong regional parties. In Germany, the Christian Social Union (CSU) only participates in Bavarian elections and sees itself as a Bavarian party. However, at the federal level, they are in a party union with the Christian Democratic Party (CDU), which runs in the rest of Germany. Together, they form the Christian Democratic bloc in German politics. The Christian Democrats and the Social Democratic Party (SPD) have been the two dominant parties in post-Second World War German politics. Similarly, Scotland is currently governed by the Scottish National Party (SNP), which has a majority in the Scottish Parliament. While it has over 30 seats in the British Parliament in Westminster, it will never be the ruling party. UK leadership is generally held by the Conservative Party or the Labour Party, which are the dominant nationwide parties.

အခြားတစ်ဖက်တွင် အချို့သောနိုင်ငံများတွင် ဒေသ၊ လူမျိုးစု နှင့် ဘာသာစကားအလိုက် ပါတီများစွာ ရှိပြီး အမျိုးသားအဆင့် ပါတီအနည်းငယ်သာရှိ (သို့မဟုတ် အချို့ဖြစ်စဉ်များတွင် မရှိ) သော အစိတ်အပိုင်း များစွာ ကွဲပြားနေသည့် ပါတီစနစ်များ ရှိကြသည်။ ဘော့စနီးယား နှင့် ဟာဇီဂိုဗီးနားသည် လူမျိုးစု ရုပ်တည်ချက်များတွင် အခြေခံကာဖွဲ့စည်းထားသည့် ပါတီစနစ်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အကြီးမားဆုံး လူမျိုးစုများ (ဘော့စနီးယက်များ၊ ဆာ့ဘ်များ နှင့် ခရိုအက်များ) ကို ကိုယ်စားပြုသည့် ပါတီများရှိပြီး ယင်းတို့၏ လူမျိုးစုပေါ်မူတည်ခြင်းမရှိဘဲ ဘော့စနီးယား ပြည်သူများအားလုံးကို ကိုယ်စားပြုလိုသည့်ပါတီ အနည်းငယ်ရှိပါသည်။ သို့ရာတွင် ရွေးကောက်ပွဲများတွင် လူမျိုးစုပါတီများမှ ဩဇာလွှမ်းမိုးမှုရှိပြီး ဘော့စနီးယား၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းများအရ အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်ရန် နှင့် အကောင်အထည်ဖော်ရန်အတွက် အတူတကွလက်တွဲကာ ညွှန့်ပေါင်းအဖွဲ့တစ်ခုကို ဖွဲ့စည်းရသည်။ အစိတ်အပိုင်းများကွဲပြားနေသည့် ပါတီစနစ်တစ်ခု၏ အသိသာဆုံးသာဓကမှာ ဘယ်လ်ဂျီယံ၏ပါတီစနစ်ဖြစ်သည်။ ဘယ်လ်ဂျီယံတွင် ပါတီများသည် ကြီးမားသည့် ဘာသာစကားအသိုင်းအဝိုင်းနှစ်ခု ဖြစ်သည့် ဖလန်းမစ်ရှ် နှင့် ပြင်သစ်ဘာသာစကားအသိုင်းအဝိုင်းများအကြားတွင် ကွဲပြားနေသည်။ ယခင်က အမျိုးသားပါတီများရှိခဲ့သော်လည်း အသိုင်းအဝိုင်းနှစ်ခုအကြားရှိ ပဋိပက္ခကြောင့် ပါတီစနစ်သည် လုံးဝ ပြိုကွဲသွားကာ ယခုအခါတွင် ဖလန်းမစ်ရှ် သို့မဟုတ် ပြင်သစ်ဘာသာစကားပြောဆိုသည့် ပါတီများသာ ကျန်ရှိသည်။

တတိယမြောက် ပါတီစနစ် အမျိုးအစားတစ်ခုကို အနောက်တိုင်း နှင့် အနောက်တိုင်းမဟုတ်သည့် ဖက်ဒရေးရှင်းများစွာတို့တွင် တွေ့နိုင်သည်။ ယင်းစနစ်တွင် ခိုင်မာအားကောင်းသည့် နိုင်ငံတဝှမ်းရှိ ပါတီများ နှင့် ခိုင်မာအားကောင်းသည့် ဒေသတွင်း ပါတီများကို ပေါင်းစပ်ထားသည်။ ဂျာမနီတွင် ခရစ်ယာန် လူမှုရေးသမဂ္ဂ (CSU) သည် ဘာဗေးရီးယား ရွေးကောက်ပွဲများတွင်သာ ပါဝင်ပြီး ဘာဗေးရီးယားပါတီတစ်ခုအဖြစ် ခံယူထားသည်။ သို့ရာတွင် ဖက်ဒရယ်အဆင့်တွင် ယင်းတို့သည် နိုင်ငံ၏ အခြားအစိတ်အပိုင်းများတွင် လှုပ်ရှားသည့် ခရစ်ယာန်ဒီမိုကရက်တစ်ပါတီ (CDU)နှင့် ပါတီခြင်းပေါင်းစည်းထားသည်။ ယင်းတို့ချင်း အတူတကွ ပေါင်းစည်းကာ ဂျာမနီ၏ နိုင်ငံရေးတွင် ခရစ်ယာန်ဒီမိုကရက်တစ်အုပ်စုကို ဖွဲ့စည်းထားသည်။ ဂျာမနီ၏ ဒုတိယကမ္ဘာစစ်အလွန် နိုင်ငံရေးတွင် ခရစ်ယာန်ဒီမိုကရက်များ နှင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (SPD)တို့သည် ဩဇာလွှမ်းမိုးသည့် ပါတီ နှစ်ခုဖြစ်ခဲ့သည်။ အလားတူပင် လက်ရှိ စကော့တလန်တွင်လည်း စကော့တလန် ပါလီမန်တွင် အများစုပါဝင်သည့် စကော့တလန်အမျိုးသားပါတီ (SNP)မှ အုပ်ချုပ်လျက် ရှိသည်။ ၄င်းသည် ဝက်စ်မင်စတာရှိ ဗြိတိသျှပါလီမန်တွင် နေရာ ၃၀ ကျော် ရရှိထားသော်လည်း မည်သည့်အခါမှ အာဏာရပါတီဖြစ်လာမည်မဟုတ်ပေ။ ယူကေ၏ ခေါင်းဆောင်မှုအပိုင်းအား ယေဘုယျအားဖြင့် နိုင်ငံတစ်ဝှမ်းတွင် ဩဇာလွှမ်းမိုးသည့် ပါတီများဖြစ်ကြသော ကွန်ဆာဗေးတစ်ပါတီ သို့မဟုတ် လေဘာ ပါတီ တို့မှ ရယူထားကြသည်။

The existence of strong regional parties representing language, ethnic or religious groups in certain territorial units can have advantages and disadvantages. An advantage might be that their involvement in regional and potentially also national governing coalitions enables the group they represent to have a voice and feel included. On the other hand, the existence of these parties might also increase the likelihood of secessionist tendencies, as has been the case in Scotland where an independence referendum was held in 2014. Fifty-five percent of Scots voted to remain in the UK, however, which demonstrated that autonomy and accommodation can work, when people feel included, recognized and taken seriously. The same holds true for the failed referenda on the secession of Quebec from Canada.

In Myanmar there are over 100 political parties. However, national parties, and particularly the National League for Democracy (NLD) and the Union Solidarity and Development Party (USDP) dominate both Union elections and also the elections in most States and Regions. However, in some Regions and States, regional parties (such as the Shan League for Democracy – SNLD) have become important actors, despite fewer resources and a weaker party infrastructure.

သက်ဆိုင်ရာ နယ်မြေဒေသအလိုက် ယူနစ်များအတွင်း ဘာသာစကား၊ လူမျိုးစု သို့မဟုတ် ဘာသာရေး အုပ်စုများကို ကိုယ်စားပြုသည့် ဒေသတွင်းပါတီများ ခိုင်မာစွာရှိနေခြင်းတွင် အားသာချက်များ နှင့် အားနည်းချက်များရှိနိုင်ပါသည်။ အားသာချက်တစ်ခုမှာ ယင်းတို့၏ ဒေသတွင်း နှင့် နိုင်ငံတော်အဆင့် အုပ်ချုပ်ရေး ဆိုင်ရာ ညွှန့်ပေါင်းအဖွဲ့များအတွင်း အလားအလာရှိသည့် ပါဝင်မှုသည် ယင်းတို့ ကိုယ်စားပြုသော အုပ်စု၏ ပြောကြားထုတ်ဖော်လိုသည်များကို ပါဝင်စေသည်။ အခြားတစ်ဖက်တွင် အဆိုပါ ပါတီများ၏ တည်ရှိမှုသည် ခွဲထွက်ရေးဝါဒီများ၏ အလားအလာများကိုလည်း တိုးမြင့်လာစေနိုင်သည်။ ယင်းကို ၂၀၁၄ ခုနှစ်တွင် လွတ်လပ်ရေးအတွက် ဆန္ဒခံယူပွဲကျင်းပခဲ့သည့် စကော့တလန်၏ ဖြစ်စဉ်တွင် တွေ့မြင်နိုင်သည်။ သို့ရာတွင် စကော့တလန်နိုင်ငံသား ၅၅% တို့သည် ယူကေအတွင်း ဆက်လက်ပါဝင်ရန် ဆန္ဒမဲပေးခဲ့သောကြောင့် ပြည်သူများအနေဖြင့် ယင်းတို့ကို ထည့်သွင်းစဉ်းစားခြင်းခံရကြောင်း၊ အသိအမှတ်ပြုခံရကြောင်း နှင့် လေးလေးနက်နက် အရေးတယူရှိကြောင်း ခံစားရပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် ယှဉ်တွဲနေထိုင်မှုတို့ သည် အလုပ်ဖြစ်နိုင်ကြောင်းကို ပြသနေသည်။ ကနေဒါနိုင်ငံမှ ကွီဘက်ဒေသ၏ ခွဲထွက်ရေး ဆန္ဒခံယူပွဲ မအောင်မြင်ခဲ့ခြင်းသည်လည်း ထို့အတူပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီပေါင်း ၁၀၀ ကျော်ရှိပါသည်။ သို့ရာတွင် အမျိုးသား ပါတီများ၊ နှင့် အထူးသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)တို့သည် ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲ များတွင်သာမကဘဲ ပြည်နယ် နှင့် တိုင်းဒေသကြီး အများစု၏ ရွေးကောက်ပွဲများတွင် ဩဇာလွှမ်းမိုးပါသည်။ မည်သို့ပင်ဆိုစေကာမူ အချို့သော တိုင်းဒေသကြီးများ နှင့် ပြည်နယ်များတွင် (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် – SNLD ကဲ့သို့သော) ဒေသန္တရပါတီများသည် အရင်းအမြစ်များ ပိုမိုနည်းပါးပြီး ပိုမိုအားနည်းသည့် ပါတီအခြေခံအဆောက်အအုံများရှိသော်လည်း အရေးပါသည့် လူပ်ရှားသူများ ဖြစ်လာကြပါသည်။

Civil Society and Business Organizations in Federations

A vibrant civil society is the most important foundation of a democratic system. It provides the cement of a society, represents the diversity of societal groups, controls those in charge of making and implementing decisions, and supports the implementation of government policy.

Civil society is an umbrella term that includes non-governmental organizations (NGOs), trade unions, citizens' associations, and many other forms of citizen engagement to influence policies and to get involved without using the formal mechanisms of political parties and political offices.

In federations, we find different forms of civil society organizations. In some federations such as Germany, Austria and the US, there are often strong national civil society organizations like national trade unions and national NGOs. But there are also many local civil society organizations that only work on regional issues. In Germany, political education (and development and democracy assistance) is provided by political foundations, which are associated with certain political parties.

ဖက်ဒရေးရှင်းများရှိ အရပ်ဘက်အဖွဲ့အစည်း နှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ

အင်အားပြည့်ဝသည့် အရပ်ဘက်အဖွဲ့အစည်းတစ်ခုရှိရေးသည် ဒီမိုကရေစီစနစ်တစ်ခု၏ အရေးအကြီးဆုံး အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ယင်းသည် လူမှုအဖွဲ့အစည်းတစ်ခုကို အခြေခံတည်ဆောက်ပေးပြီး လူ့အဖွဲ့အစည်းဆိုင်ရာအုပ်စုများ၏ စုံလင်ကွဲပြားမှုကို တင်ပြ၍ ဆုံးဖြတ်ချက်များ ချမှတ်အကောင်အထည်ဖော်ရာတွင် တာဝန်ရှိသည့်အဖွဲ့အစည်းများကို ထိန်းချုပ်ကာ အစိုးရမူဝါဒများ အကောင်အထည်ဖော်ရေးကို အထောက်အပံ့ပေးသည်။

အရပ်ဘက်အဖွဲ့အစည်းဟူသော ဝေါဟာရအောက်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO များ)၊ အလုပ်သမားသမဂ္ဂများ၊ နိုင်ငံသားများ၏ အသင်းအဖွဲ့များနှင့် နိုင်ငံရေး ပါတီများ နှင့် ဌာနများ အသုံးပြုခြင်းမရှိဘဲ နိုင်ငံရေးအပေါ် လွှမ်းမိုးရန်နှင့် ပါဝင်ပတ်သက်ရန် နိုင်ငံသားများ၏ အခြားသော ထိတွေ့ ဆက်ဆံမှုပုံစံများစွာတို့ ပါဝင်ပါသည်။

ဖက်ဒရေးရှင်းများတွင် ကျွန်ုပ်တို့အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းပုံစံ အမျိုးမျိုးကို တွေ့မြင်ရပါသည်။ ဂျာမနီ၊ ဩစတြီးယား နှင့် US တို့ကဲ့သို့သော ဖက်ဒရေးရှင်းအချို့တွင် အမျိုးသားအလုပ်သမားသမဂ္ဂများ နှင့် NGO များကဲ့သို့သော ခိုင်မာအားကောင်းသည့် အမျိုးသားအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ရှိကြပါသည်။ သို့ရာတွင် ဒေသတွင်းကိစ္စရပ်များသာ ဆောင်ရွက်သည့် ဒေသန္တရအရပ်ဘက်လူမှုအဖွဲ့အစည်းများစွာလည်း ရှိပါသည်။ ဂျာမနီတွင် နိုင်ငံရေးဆိုင်ရာ အသိပညာပေးရေး (နှင့် ဖွံ့ဖြိုးရေး နှင့် ဒီမိုကရေစီ အထောက်အပံ့)ကို အချို့သော နိုင်ငံရေး ပါတီများနှင့် ဆက်စပ်နေသည့် နိုင်ငံရေးဖောင်ဒေးရှင်းများက ဖော်ဆောင်ပေးပါသည်။

While the vast majority of German political foundations are organized nationally, the Hanns-Seidel Foundation, a foundation associated with the CSU, is based in Munich, Bavaria and concentrates its work there.



In other countries, such as Belgium, Bosnia and Herzegovina, and Canada, civil society has become fragmented along ethnic, linguistic and religious lines. In Bosnia, different trade unions exist in the two entities (territorial units), and Bosnia even has two versions of the Helsinki Human Rights Committee, organized in each of the two entities. Likewise, civil society has increasingly fragmented in Belgium, similar to the party system as discussed above. Many civil society organizations have reorganized their structure in order to represent the different language groups and territorial units (called regions in Belgium). There are, however, still important organizations which remain organized country-wide, such as trade unions. These have formed different wings in the different units of Belgium, but their wings work closely together and cooperate in order to increase their reach and their potential for influence.

ဂျာမနီ နိုင်ငံရေးဖောင်ဒေးရှင်းများစွာတို့ကို အမျိုးသားအဆင့်တွင် ဖွဲ့စည်းထားကြသော်လည်း CSU နှင့်ဆက်စပ်နေသည့် ဖောင်ဒေးရှင်းတစ်ခုဖြစ်သော Hanns Seidel Foundation အား Bavaria ပြည်နယ် မြူးနစ်ချ်မြို့တွင် အခြေစိုက် ဖွဲ့စည်းထားပြီး ယင်း၏လုပ်ငန်းများကို အဆိုပါနေရာတွင် စုစည်းဆောင်ရွက်ပါသည်။




ဘယ်လ်ဂျီယံ၊ ဘော့စနီးယား နှင့် ဟာဇီဂိုဗီးနား၊ နှင့် ကနေဒါတို့ကဲ့သို့သော အခြားနိုင်ငံများတွင် အရပ်ဘက်အဖွဲ့အစည်းသည် လူမျိုးရေး၊ ဘာသာစကား နှင့် ဘာသာရေးဆိုင်ရာ ရပ်တည်မှုများအကြား အစိတ်အပိုင်းများ ကွဲပြားခဲ့ပါသည်။ ဘော့စနီးယားတွင် အဖွဲ့အစည်းနှစ်ခု (နယ်မြေဒေသဆိုင်ရာ ယူနစ်များ) အတွင်း အလုပ်သမားသမဂ္ဂအမျိုးမျိုးရှိပြီး အဖွဲ့အစည်းနှစ်ခုအနက် တစ်ခုချင်းစီတွင် Helsinki လူ့အခွင့်အရေးကော်မတီ ပုံစံနှစ်မျိုးရှိပါသည်။ အလားတူပင် ဘယ်လ်ဂျီယံတွင်လည်း အထက်တွင် ဆွေးနွေးဖော်ပြခဲ့သည့် ပါတီစနစ်နည်းတူ အရပ်ဘက်အဖွဲ့အစည်းများသည် အစိတ်အပိုင်းများ ပိုမိုကွဲပြားလာခဲ့ပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများစွာတို့သည် အမျိုးမျိုးသော ဘာသာစကားအုပ်စုများ နှင့် (ဘယ်လ်ဂျီယံတွင် ဒေသများဟုခေါ်သည့်) နယ်မြေဒေသဆိုင်ရာ ယူနစ်များကို ကိုယ်စားပြု ရန်အတွက် ယင်းတို့၏ဖွဲ့စည်းပုံကို ပြန်လည်စီစဉ်ဖွဲ့စည်းခဲ့ကြပါသည်။ သို့ရာတွင် အလုပ်သမားသမဂ္ဂများကဲ့သို့သော နိုင်ငံအနှံ့တွင် ဆက်လက်ဖွဲ့စည်းထားသည့် အရေးပါသည့် အဖွဲ့အစည်းများ ရှိနေဆဲဖြစ်ပါသည်။ ယင်းတို့သည် ဘယ်လ်ဂျီယံ၏ ယူနစ်အမျိုးမျိုးအတွင်း ဂိုဏ်းများကွဲပြားစွာ ပေါ်ပေါက်လာသော်လည်း ယင်းတို့၏ လက်လှမ်းမီမှုနှင့် သြဇာလွှမ်းမိုးမှု အလားအလာကို မြှင့်တင်ရန်အတွက် အတူလက်တွဲကာ ပူးပေါင်းဆောင်ရွက်ကြပါသည်။

Similar to civil society organizations, business associations can also be organized either at a local or central level. In some countries, such as Germany, both systems might exist. In this case, there are unit-level business associations (so-called Industry and Trade Chambers) as well as country-wide associations such as the Federal Union of the German Economy. These regional and country-wide associations often work together and cooperate, and they reflect the distribution of responsibilities in a federation. For example, the länder-level organization will work on economic issues affecting the länder and the national organization will work on economic issues affecting the nation as a whole. In countries that have a high level of fragmentation through religious, language and ethnic differences, business associations might also be organized in order to represent these. This is the case in Bosnia, where different business associations represent the different units and different ethnic groups. This is also the case in Canada, where the French-speaking province of Quebec has its own business associations, which cooperate and work with the other Canadian associations, but particularly focus on business promotion and development in Quebec.


အရပ်ဘက်လူမှုအဖွဲ့အစည်းများကဲ့သို့ပင် စီးပွားရေးအသင်းအဖွဲ့များကိုလည်း ဒေသန္တရအဆင့်တွင်ဖြစ်စေ ဗဟိုအဆင့်တွင်ဖြစ်စေ ဖွဲ့စည်းတည်ထောင်နိုင်ပါသည်။ ဂျာမနီကဲ့သို့သော အချို့နိုင်ငံများတွင် စနစ်နှစ်မျိုး စလုံးတည်ရှိနေနိုင်ပါသည်။ ဤဖြစ်စဉ်တွင် ယူနစ်အဆင့် (လုပ်ငန်း နှင့် ကုန်သွယ်ရေးအသင်းအဖွဲ့များဟုလည်း ခေါ်သည့်) စီးပွားရေးအဖွဲ့အစည်းများနှင့်တကွ ဂျာမနီစီးပွားရေးဖက်ဒရယ်သမဂ္ဂကဲ့သို့သော နိုင်ငံအနှံ့ ကျယ်ပြန့်သည့် အဖွဲ့အစည်းများရှိနေပါသည်။ အဆိုပါ ဒေသတွင်း နှင့် နိုင်ငံအနှံ့ရှိ အဖွဲ့အစည်းများသည် အတူတကွ လက်တွဲကာ ပူးပေါင်းဆောင်ရွက်ကြပြီး ဖက်ဒရေးရှင်းတစ်ခုအတွင်းရှိ လုပ်ငန်းတာဝန်များ ခွဲဝေခြင်းကို ထင်ဟပ်နေသည်။ ဥပမာအားဖြင့် länder(ပြည်နယ်)အဆင့် အဖွဲ့အစည်းများသည် länder(ပြည်နယ်) အပေါ်သက်ရောက်နေသည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ဆောင်ပြီး နိုင်ငံတော်အဆင့်အဖွဲ့အစည်းများသည် နိုင်ငံတစ်နိုင်ငံလုံး အပေါ် သက်ရောက်နေသည့် စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ဆောင်မည်ဖြစ်သည်။ ဘာသာရေး၊ ဘာသာစကား နှင့် လူမျိုးစုဆိုင်ရာ ကွဲပြားခြားနားမှုများမှတစ်ဆင့် အစိတ်အပိုင်းများစွာ ကွဲပြားနေသည့် နိုင်ငံများတွင် ယင်းတို့ကို ကိုယ်စားပြုရန် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအား ဖွဲ့စည်းတည်ထောင်နိုင်သည်။ ဘော့စနီးယားနိုင်ငံ၏ဖြစ်စဉ်မှာ ထိုသို့ပင် ဖြစ်ပြီး ကွဲပြားခြားနားသည့် စီးပွားရေးအဖွဲ့အစည်းများသည် ကွဲပြားခြားနားသော ယူနစ်များ နှင့် လူမျိုးစု အုပ်စုများကို ကိုယ်စားပြုပါသည်။ ကွီဘက်ဒေသတွင်လည်း ထိုသို့ပင်ဖြစ်ပြီး ပြင်သစ်ဘာသာစကားပြောဆိုသည့် ကွီဘက်ဒေသတွင် ယင်း၏ ကိုယ်ပိုင်စီးပွားရေးအဖွဲ့အစည်းများရှိပြီး ယင်းတို့သည် အခြားသော ကနေဒါ စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လုပ်ငန်းဆောင်ရွက်ကြသော်လည်း အထူးသဖြင့် ကွီဘက်ဒေသ၏ စီးပွားရေးမြင့်တင်ရေး နှင့် ဖွံ့ဖြိုးရေးတို့တွင် အာရုံစူးစိုက်ပါသည်။

Media in Federations




A free media is one of the most important parts of a democracy and is often called the fourth pillar, alongside the judiciary, executive and legislative branches. Most countries have both state-run (public) media and private media. State media has the responsibility to provide essential information to the citizens of a country, ensure they have knowledge about the country's political debates, and provide a forum for discussion. A strong public and private media is vital for the functioning of a democracy, as it ensures that different opinions are represented, that diverse viewpoints are debated, and that citizens have the ability to get information and different perspectives on certain issues.

ဖက်ဒရေးရှင်းများရှိ မီဒီယာများ




လွတ်လပ်သည့် မီဒီယာများသည် ဒီမိုကရေစီစနစ်တစ်ခု၏ အရေးအကြီးဆုံး အစိတ်အပိုင်းများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ယင်းကို တရားစီရင်ရေး၊ အုပ်ချုပ်ရေး နှင့် ဥပဒေပြုရေးတို့နှင့်ယှဉ်တွဲကာ စတုတ္ထမဏ္ဍိုင်အဖြစ် ခေါ်ဆိုလေ့ရှိပါသည်။ နိုင်ငံအများစုတို့တွင် အစိုးရမှ လည်ပတ်သည့် (ပြည်သူ့) မီဒီယာများ နှင့် ပုဂ္ဂလိက မီဒီယာများ ရှိကြပါသည်။ အစိုးရ မီဒီယာများသည် နိုင်ငံသားများထံသို့ အရေးကြီးသည့် သတင်းအချက်အလက်များပေးအပ်ရန်၊ နိုင်ငံသားများအနေဖြင့် နိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများအကြောင်း သိရှိမှုကို သေချာစေရန် နှင့် ဆွေးနွေးမှုများ လုပ်ဆောင်နိုင်သည့် နေရာတစ်ခု ပေးအပ်ရန် တာဝန်ရှိပါသည်။ ခိုင်မာအားကောင်းသည့် အများပြည်သူပိုင် နှင့် ပုဂ္ဂလိကပိုင် မီဒီယာများရှိခြင်းဖြင့် မတူညီသောအမြင်များအား တင်ပြကြောင်း၊ ကွဲပြားစုံလင်သော ရှုထောင့်များအား ဆွေးနွေးကြောင်း နှင့် သက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံသားများအနေဖြင့် သတင်းအချက်အလက်များ နှင့် မတူညီ သော ရှုထောင့်များကို သိရှိနိုင်ကြောင်း သေချာစေသဖြင့် ယင်းသည် ကောင်းစွာလည်ပတ်နိုင်သည့် ဒီမိုကရေစီစနစ်တစ်ခုအတွက် အလွန်အရေးကြီးပါသည်။

In federations, the organization of state media often follows federal principles. In Germany and Switzerland, public media is organized along regional lines to ensure that local and regional issues are discussed and that the different regions are represented in the public media sector. The picture below highlights the different regional media organizations in Germany (TV and radio broadcasters), which work together collectively in the Community of Broadcasters in Germany.



In Switzerland, public media also has responsibility for the promotion of the different languages. The same is visible in Canada, where the Canadian Broadcasting Cooperation (CBC) runs services in French and also has a legal obligation to provide reports about local politics.

ဖက်ဒရေးရှင်းများတွင် အစိုးရပိုင်မီဒီယာများ ဖွဲ့စည်းတည်ထောင်ရာတွင် ဖက်ဒရယ် အခြေခံသဘောတရားများကို လိုက်နာဆောင်ရွက်လေ့ရှိပါသည်။ ဂျာမနီ နှင့် ဆွစ်ဇာလန်တို့၌ အများပြည်သူပိုင် မီဒီယာကဏ္ဍတွင် ဒေသန္တရ နှင့် ဒေသတွင်း ကိစ္စရပ်များအား ဆွေးနွေးဖော်ပြပြီး မတူညီသော ဒေသများအား တင်ပြကြောင်း သေချာစေရန်အတွက် အများပြည်သူပိုင် မီဒီယာများအား ဒေသဆိုင်ရာ တည်နေရာများ အလိုက် ဖွဲ့စည်းထားပါသည်။ အောက်ပါပုံသည် ဂျာမနီရှိ ရုပ်သံထုတ်လွှင့်သူများ အသိုင်းအဝိုင်းတွင် အတူတကွ စုပေါင်းဆောင်ရွက်ကြသည့် ကွဲပြားသည့် ဒေသဆိုင်ရာ မီဒီယာအဖွဲ့အစည်းများ (တီဗွီ နှင့် ရေဒီယို ထုတ်လွှင့်သူများ) ကို ဖော်ပြထားပါသည်။



ဆွစ်ဇာလန်နိုင်ငံတွင် အများပြည်သူပိုင် မီဒီယာများသည် မတူညီသော ဘာသာ စကားများကို အားပေးမြှင့်တင်ရန်အတွက်လည်း တာဝန်ရှိပါသည်။ ကနေဒါနိုင်ငံ တွင်လည်း ယင်းသို့ပင် တွေ့မြင်နိုင်ပြီး ကနေဒါ ရုပ်သံထုတ်လွှင့်ရေးအဖွဲ့ (CBC) သည် ဝန်ဆောင်မှုများအား ပြင်သစ်ဘာသာစကားဖြင့် ထုတ်လွှင့်ကာ ဒေသန္တရ နိုင်ငံ ရေးကိစ္စရပ်များအကြောင်း အစီရင်ခံတင်ပြရန် တရားဥပဒေအရ တာဝန်ရှိပါသည်။

In addition to providing information and different viewpoints on certain political issues, media in federations should ensure that different cultural, religious, linguistic and ethnic groups are represented. People should have access not just to information concerning the central level, but also regional politics and developments. Public media also contributes to the protection and promotion of local identities by transmitting programs in different languages, reporting on regional issues and contextualizing countrywide developments.

In Myanmar, the state television only uses one language and does not provide any minority language reporting. There is also a strong focus on Union politics and development, rather than developments in the different States and Regions.

Main Points

1. In federations, many aspects of society, such as media, are also organized along federal lines, where there is a focus on local issues and sometimes broadcast in local languages.

2. Federal systems have different party systems. In many federal systems, parties are based on ethnic, linguistic, religious or cultural groups and they may run in only one or a few territorial units.

3. Civil society can also reflect the federal system, organizing itself based on the unit of government it most directly influences.

ဖက်ဒရေးရှင်းများရှိ မီဒီယာများသည် သက်ဆိုင်ရာ နိုင်ငံရေးကိစ္စရပ်များအပေါ် သတင်းအချက်အလက်များ နှင့် ကွဲပြားသည့် ရှုထောင့်များမှ တင်ပြခြင်းအပြင် ကွဲပြားသော ယဉ်ကျေးမှု၊ ဘာသာရေး၊ ဘာသာစကား နှင့် တိုင်းရင်းသားအုပ်စုများကိုလည်း ကိုယ်စားပြုကြောင်း သေချာစေသင့်ပါသည်။ ပြည်သူများအနေဖြင့် ဗဟို အဆင့်နှင့်သက်ဆိုင်သော သတင်းအချက်အလက်များသာမကဘဲ ဒေသဆိုင်ရာ နိုင်ငံရေး နှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များအကြောင်း သတင်းအချက်အလက်များကိုပါ ရရှိနိုင်သင့်ပါသည်။ အများပြည်သူပိုင် မီဒီယာများသည် ဘာသာစကားအမျိုးမျိုးဖြင့် အစီအစဉ်များ ထုတ်လွှင့်ခြင်း၊ ဒေသဆိုင်ရာကိစ္စရပ်များကို တင်ပြခြင်းနှင့် နိုင်ငံတစ်ဝှမ်းရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို သုံးသပ်တင်ပြခြင်းတို့ဖြင့် ဒေသန္တရကိုယ်ပိုင်လက္ခဏာများကို ကာကွယ်စောင့်ရှောက်ရေး နှင့် အားပေးမြှင့်တင် ရေးတို့အတွက်လည်း အထောက်အပံ့ ဖြစ်စေပါသည်။

မြန်မာနိုင်ငံတွင် အစိုးရပိုင် ရုပ်မြင်သံကြားသတင်းတင်ဆက်မှုတွင် ဘာသာစကားတစ်မျိုးကိုသာ အသုံးပြုပြီး မည်သည့် လူနည်းစုဘာသာစကားဖြင့်မျှ တင်ဆက်ခြင်း မရှိပေ။ ထို့ပြင် ပြည်နယ်များ နှင့် တိုင်းဒေသကြီး များရှိ ဖွံ့ဖြိုးရေးကိစ္စရပ်များထက် ပြည်ထောင်စုအဆင့် နိုင်ငံရေး နှင့် ဖွံ့ဖြိုးရေးတို့တွင်သာ အားကောင်းစွာ အာရုံစူးစိုက်ပါသည်။

အဓိကအချက်များ

၁။ ဖက်ဒရေးရှင်းများတွင် ဒေသန္တရကိစ္စရပ်များကို အာရုံစူးစိုက်ပြီး တစ်ခါတစ်ရံတွင် ဒေသန္တရ ဘာသာစကားများဖြင့် ထုတ်လွှင့်သည့် မီဒီယာများကဲ့သို့သော လူ့အဖွဲ့အစည်း၏ ရှုထောင့်များစွာတို့ကိုလည်း ဖက်ဒရယ်လုပ်ငန်းစဉ်အတွက် စနစ်တကျစုစည်းပြင်ဆင်ပါသည်။

၂။ ဖက်ဒရယ်စနစ်များတွင် အမျိုးမျိုးသော ပါတီစနစ်များရှိပါသည်။ ဖက်ဒရယ်စနစ်များစွာတို့တွင် ပါတီများသည် လူမျိုးစု၊ ဘာသာစကား၊ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ အုပ်စုများပေါ်တွင် အခြေခံပြီး နယ်မြေဒေသဆိုင်ရာ ယူနစ်တစ်ခု သို့မဟုတ် အချို့တွင်သာ လည်ပတ်ကောင်းလည်ပတ်နိုင်ပါသည်။

၃။ အရပ်ဘက်အဖွဲ့အစည်းသည်လည်း ဖက်ဒရယ်စနစ်ကို ထင်ဟပ်နိုင်ပြီး ယင်းအနေဖြင့် တိုက်ရိုက် လွှမ်းမိုးမှုအရှိဆုံး အစိုးရယူနစ်ကို အခြေခံကာ ဖွဲ့စည်းလှုပ်ရှားနိုင်ပါသည်။



RELEVANCE FOR MYANMAR

While civil society is organized both at a Union and a State/Regional level in Myanmar, media is still strongly centralized. The party system in Myanmar resembles trends in Germany, where some parties only run in certain parts of the country, but there are also two major nationwide parties that lead the government. However, the current electoral system of first-past-the-post often poses a barrier for parties representing ethnic groups to achieve sufficient votes to send representatives to Nay Pyi Taw or form coalitions. Even when parties elect their members to Union or State/Region levels, such as the Shan Nationalities League for Democracy (SNLD), their representatives are unable to influence major decisions, because they are too small in number. In Myanmar, the recognition of diversity should be visible across society, including in its media sector, its civil society organizations, and its party landscape.



မြန်မာနိုင်ငံအတွက် ဆီလျော်မှု

အရပ်ဘက်အဖွဲ့အစည်းအား မြန်မာနိုင်ငံတွင် ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တို့ နှစ်ခု စလုံးတွင် ဖွဲ့စည်းထားကြသော်လည်း မီဒီယာများမှာမူ ဗဟိုတွင်သာများစွာရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံရှိ ပါတီစနစ်သည် ဂျာမနီရှိ လမ်းကြောင်းများနှင့် ဆင်တူပြီး ပါတီများသည် နိုင်ငံ၏အချို့အစိတ်အပိုင်းများ တွင်သာ လည်ပတ်ကြသော်လည်း အစိုးရကို ဦးဆောင်သည့် နိုင်ငံတစ်ဝှမ်းတွင် လည်ပတ်သည့် အဓိကပါတီ နှစ်ခုရှိပါသည်။ သို့ရာတွင် လက်ရှိရွေးကောက်တင်မြှောက်သည့် မဲများသူအနိုင်ရသည့်စနစ်(first-past-the-post)သည် တိုင်းရင်းသားအုပ်စုများကို ကိုယ်စားပြုသည့်ပါတီများအတွက် နေပြည်တော်သို့ ကိုယ်စား လှယ်များစေလွှတ်ရန် သို့မဟုတ် ညွှန့်ပေါင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရန် လုံလောက်သည့် ဆန္ဒမဲ ရရှိစေရေးအတွက် အဟန့်အတားများ ဖြစ်ပေါ်စေပါသည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) ကဲ့သို့သော ပါတီများအနေဖြင့် ယင်း၏အဖွဲ့ဝင်များအား ပြည်ထောင်စု သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးတွင် ရွေး ကောက်တင်မြှောက်နိုင်သည့်အခါတွင်ပင် ယင်းတို့၏ ကိုယ်စားလှယ်များသည် အရေအတွက်အားဖြင့် အနည်း ငယ်မျှသာ ရှိသောကြောင့် အရေးပါသည့် ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးမှု မရှိနိုင်ပေ။ မြန်မာနိုင်ငံတွင် စုံလင်ကွဲပြားမှုအား အသိအမှတ်ပြုခြင်းကို မီဒီယာကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် ပါတီလက္ခဏာ များ အပါအဝင် လူ့အဖွဲ့အစည်းအတွင်း မြင်သာမှုရှိစေသင့်ပါသည်။

Conclusion

Federalism and federal political systems come in many shapes and sizes. There are no two federations which are exactly the same. While generally all federal systems adhere to the principles of self-rule (autonomy for the units) and shared rule (participation of the units in the decisions of the central level), the way this is done, and the actual implementation of these principles differs substantially. What is more, federal systems change over time, the United States, for example, started as a highly decentralized federal system in 1787 and it has since become more centralized. In Canada, the opposite is the case. It started as a centralized system when first becoming independent from the United Kingdom in 1867, but today is one of the most decentralized federations in the world.

As the discussions in the previous chapters have highlighted, federalism is complex, based on specific moral and political commitments, on challenging institutional arrangements and on multifaceted constitutional provisions. **However, and this is the good news, federalism, if implemented properly, can lay the foundations for peace, ethnic equality, cooperation and economic development in order to hold a union together.** Some of the richest countries in the world are federations. Countries such as India have allowed for a great range of diversity to exist within its borders through the implementation of a federal system. Even deeply-divided countries such as Ethiopia, Iraq, Belgium and Nepal, have used federalism to overcome ethnic and political conflict, and lay the foundations of a democratic system, in which rights are protected and conflicts are solved peacefully. This can be the future for Myanmar as well. If a solution to the ongoing issues can be found, if leaders are committed to federal reforms, and if the Myanmar people are willing to give federalism a chance and implement self-rule and shared rule, then it can serve as a tool for a better, more peaceful, and democratic future for the country. Ultimately, the key question for all politicians is whether federalism is beneficial for development, for representing diverse interests and for the acquisition of political power.

အနှစ်ချုပ်သုံးသပ်ချက်

ဖက်ဒရယ်စနစ် နှင့် ဖက်ဒရယ်နိုင်ငံရေးစနစ်များတွင် အသွင်သဏ္ဌာန် နှင့် အရွယ်အစားများစွာ ရှိကြသည်။ တစ်ခုနှင့်တစ်ခု ထပ်တူညီသည့် ဖက်ဒရေးရှင်းနှစ်ခုဟူ၍ မရှိပေ။ ဖက်ဒရယ်စနစ်များ အားလုံးသည် ယေဘုယျ အားဖြင့် ကိုယ်ပိုင်အုပ်ချုပ်မှု (ယူနစ်များအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်) နှင့် မျှဝေအုပ်ချုပ်မှု (ဗဟိုအဆင့် ဆုံးဖြတ်ချက်များတွင် ယူနစ်များ ပါဝင်ဆောင်ရွက်ခွင့်) တို့ဆိုင်ရာ အခြေခံသဘောတရားများကို လိုက်နာကြသော်လည်း ယင်းသို့လုပ်ဆောင်သည့် နည်းလမ်း နှင့် အဆိုပါ အခြေခံသဘောတရားများအား အမှန်တကယ် အကောင်အထည်ဖော်ရာတွင် သိသိသာသာ ကွဲပြားမှုရှိကြသည်။ ထို့ပြင် ဖက်ဒရယ် စနစ်များသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်ကြသည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုသည် ၁၇၈၇ ခုနှစ်တွင် ဗဟိုချုပ်ကိုင်မှု များစွာလျှော့ချထားသည့် ဖက်ဒရယ်စနစ်တစ်ခုဖြင့် စတင်ခဲ့ပြီး ထို့နောက်မှစ၍ ဗဟိုချုပ်ကိုင်မှု ပိုမိုများပြားလာခဲ့သည်။ ကနေဒါနိုင်ငံတွင်မူ ယင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ကနေဒါနိုင်ငံ သည် ယူနိုက်တက်ကင်းဒမ်းမှ လွတ်လပ်ရေးရရှိခဲ့ချိန် ၁၈၆၇ ခုနှစ်တွင် ဗဟိုမှချုပ်ကိုင်ထားသည့် စနစ်တစ်ခု အဖြစ် စတင်ခဲ့သော်လည်း ယနေ့အခါတွင်မူ ကမ္ဘာပေါ်ရှိ ဗဟိုချုပ်ကိုင်မှု အနည်းဆုံး ဖက်ဒရေးရှင်းများတွင် တစ်ခု အပါအဝင် ဖြစ်လာခဲ့သည်။

ယခင်အခန်းများရှိ ဆွေးနွေးဖော်ပြချက်များတွင် ထောက်ပြထားသကဲ့သို့ ဖက်ဒရယ်စနစ်သည် ရှုပ်ထွေးပြီး သက်ဆိုင်ရာ ကိုယ်ကျင့်တရားစံနှုန်း နှင့် နိုင်ငံရေးဆိုင်ရာ ကတိကဝတ်များ၊ စိန်ခေါ်မှုများရှိနေသည့် အင်စတီကျူးရှင်းဆိုင်ရာ အစီအမံများ နှင့် ရှုထောင့်များစွာပါဝင်သည့် ဖွဲ့စည်းအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် အခြေခံထားပါသည်။ **သို့ရာတွင် ယင်းသည် သတင်းကောင်းဖြစ်ပြီး ဖက်ဒရယ်စနစ်အား ကောင်းစွာ အကောင်အထည်ဖော်ပါက ပြည်ထောင်စုတစ်ခုကို အတူတကွ စုစည်းနိုင်ရေးအတွက် ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများအတွက် တန်းတူညီမျှမှု၊ ပူးပေါင်းဆောင်ရွက်မှု နှင့် စီးပွားရေး ဖွံ့ဖြိုးမှုတို့ အတွက် အခြေခံအုတ်မြစ်များ ချမှတ်ပေးနိုင်သည်။** ကမ္ဘာပေါ်ရှိ အချမ်းသာဆုံးနိုင်ငံအချို့မှာ ဖက်ဒရေးရှင်းများ ဖြစ်ကြသည်။ အိန္ဒိယနိုင်ငံကဲ့သို့သော နိုင်ငံများတွင် ဖက်ဒရယ်စနစ်တစ်ခု အကောင်အထည်ဖော်ခြင်းမှ တစ်ဆင့် ပိုမိုကျယ်ပြန့်သည့် စုံလင်ကွဲပြားမှုကို ထိန်းသိမ်းထားနိုင်စေခဲ့သည်။ အီသီယိုးပီးယား၊ အီရတ်၊ ဘယ်လ်ဂျီယံ နှင့် နီပေါတို့ကဲ့သို့သော အစိတ်အပိုင်းများစွာ ကွဲပြားနေသည့် နိုင်ငံများသည်ပင် ဖက်ဒရယ်စနစ်ကို အသုံးပြုကာ လူမျိုးစု နှင့် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကို ကျော်လွှားနိုင်ခဲ့ပြီး အခွင့်အရေးများကို အကာအကွယ်ပေး၍ ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းသည့် ဒီမိုကရေစီစနစ်တစ်ခုအတွက် အခြေခံအုတ်မြစ်များ ချမှတ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွက် အနာဂတ်သည်လည်း ယင်းသို့ဖြစ်နိုင်ပါသည်။ လက်ရှိ ဖြစ်ပွားနေသည့် ပြဿနာများအတွက် ဖြေရှင်းမှု နည်းလမ်းတစ်ခု ရှာဖွေတွေ့ရှိနိုင်ပြီး ခေါင်းဆောင်များအနေဖြင့် ဖက်ဒရယ် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ကတိကဝတ်ပြုကာ မြန်မာပြည်သူများအနေဖြင့် ဖက်ဒရယ်စနစ်အား အသုံးချကြည့်ပြီး ကိုယ်ပိုင်အုပ်ချုပ်မှု နှင့် မျှဝေအုပ်ချုပ်မှုတို့ကို အကောင် အထည်ဖော်ရန် ဆန္ဒရှိပါက ယင်းသည် နိုင်ငံအတွက် ပိုမိုကောင်းမွန်ပြီး ပိုမိုငြိမ်းချမ်းသော ဒီမိုကရေစီအနာဂတ်တစ်ခု တည်ဆောက်နိုင်မည့် ကိရိယာတစ်ခု ဖြစ်လာနိုင်ပါသည်။ နောက်ဆုံးတွင် နိုင်ငံရေး လှုပ်ရှားသူအားလုံးအတွက် အဓိကမေးခွန်းမှာ ဖက်ဒရယ်စနစ်သည် ဖွံ့ဖြိုးရေး၊ ကွဲပြားစုံလင်သော အကျိုးစီးပွားများကို ကိုယ်စားပြုရေး နှင့် နိုင်ငံရေးအာဏာ ရရှိရေးတို့အတွက် အကျိုးဖြစ်ထွန်းစေမှု ရှိ/မရှိ ပင်ဖြစ်သည်။

About the Authors

Dr. Soeren Keil

Dr. Soeren Keil is Reader in Politics and International Relations (Associate Professor)at Canterbury Christ Church University in the UK. He has written, edited and co-edited 7 books including "Multinational Federalism in Bosnia and Herzegovina" (Ashgate 2013) and more recently "The EU and Member State Building – European Foreign Policy in theWestern Balkans" (Routledge 2015, co-edited with Zeynep Arkan). His most recent research focuses on new forms of federal systems in the post-Cold War era, the legacy of peace agreements in the Western Balkans and the use of territorial autonomy as a tool of conflict-resolution. He visited Myanmar many times in the last three years and works as an advisor on federalism for the Hanns Seidel Foundation in Myanmar. Together with the Hanns Seidel Foundation in Myanmar, he edits the Shades of Federalism publication series and he is the Academic Director for the website www.50shadesoffederalism.com.

Prof. Dr. Andreas Heinemann-Grüder

Prof. Dr. Andreas Heinemann-Grüder studied history, political science and German literature at the Free University of Berlin and joined a post-graduate programme at Lomonossov University in Moscow. He earned his PhD at the Free University of Berlin in 1989 and his habilitation at Humboldt University Berlin in 1999. Past teaching assignments include the Free University of Berlin, Humboldt University of Berlin, Duke University, University of Pennsylvania, University of Cologne and the University of Bonn. His research focusses on post-Soviet politics, comparative federalism, civil–military relations and irregular armed groups. He presented his research on all five continents. He visited Myanmar many times in previous years and works as an advisor on federalism for the Hanns Seidel Foundation in Myanmar.

စာရေးသူများ

ဒေါက်တာ ဇိုရန်ကိုင်းလ်

ဒေါက်တာ ဇိုရန်ကိုင်းလ် သည် ယူကေရှိ Canterbury Christ Church တက္ကသိုလ် နိုင်ငံရေးနှင့် နိုင်ငံတကာဆက်ဆံရေးပညာဌာန၏ တွဲဖက်ပါမောက္ခ ဖြစ်ပါသည်။ သူသည် ၂၀၁၃ ခုနှစ်က Ashgate မှ ထုတ်ဝေသည့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ လူမျိုးပေါင်းစုံ ဖက်ဒရယ်စနစ် စာအုပ်အပါအဝင် စာအုပ် ၆ အုပ်အား ရေးသား၊ တည်းဖြတ်ခဲ့ဖူးပြီး ယခုစာအုပ်သည် ၄င်း၏ ၇ အုပ်မြောက် ဖြစ်ပါသည်။ Zeynep Arkan နှင့် ပူးတွဲတည်းဖြတ်ပြီး ၂၀၁၅ ခုနှစ်တွင် Routledge က ထုတ်ဝေသည့် ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများ နိုင်ငံတော်တည်ဆောက်ခြင်း – အနောက်ဘော်လကန်ဒေသအတွက် ဥရောပ၏ နိုင်ငံခြားရေးရာမူဝါဒ စာအုပ်သည် ယခင်က နောက်ဆုံးထွက်ရှိခဲ့သော စာအုပ်ဖြစ်ပါသည်။ သူ၏ လတ်တလော သုတေသနသည် စစ်အေးခေတ်လွန်ကာလတွင် ပေါ်ထွက်လာသည့် ဖက်ဒရယ်ပုံစံသစ်များ၊ အနောက်ဘော်လကန်ဒေသများတွင် ငြိမ်းချမ်းရေးသဘောတူညီချက်များ၏ နောက်ဆက်တွဲ အချင်းအရာများနှင့် ပဋိပက္ခဖြေရှင်းခြင်းအတွက် နယ်မြေဒေသ အာဏာပိုင်စိုးခွင့်အား အသုံးပြုခြင်း စသည်တို့အပေါ် အဓိက စူးစိုက်ပါသည်။ လွန်ခဲ့သည့် ၃ နှစ်အတွင်း မြန်မာနိုင်ငံသို့ အကြိမ်ကြိမ် လာရောက်ခဲ့ဖူးပြီး ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း၏ ဖက်ဒရယ်စနစ်ရေးရာ လုပ်ငန်းနယ်ပယ်များအတွက် အကြံပေးအဖြစ် ဆောင်ရွက်နေပါသည်။ မြန်မာနိုင်ငံရှိ ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းနှင့်အတူ ပူးပေါင်း၍ ဖက်ဒရယ်စနစ်အသွင်များ စာအုပ်တွဲများကို တည်းဖြတ်ပေးနေသူဖြစ်ပြီး www.50shadesoffederalism.com ဝက်ဘ်ဆိုက်၏ ပညာရပ်ပိုင်းဆိုင်ရာ ဦးဆောင်သူလည်း ဖြစ်ပါသည်။

ပါမောက္ခ ဒေါက်တာ အန်ဒရေယာစ် ဟိုင်းနီးမန်းဂရူးဒါး

ပါမောက္ခ ဒေါက်တာ အန်ဒရေယာစ် ဟိုင်းနီးမန်းဂရူးဒါး သည် သမိုင်း၊ နိုင်ငံရေးသိပ္ပံနှင့် ဂျာမန် အနုစာပေတို့ကို Free University of Berlin တွင် လေ့လာသင်ယူခဲ့ပြီး မော်စကိုရှိ Lomonossov တက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်း တက်ရောက်ခဲ့ပါသည်။ ၁၉၈၉ တွင် Free University of Berlin မှ Ph D ဘွဲ့ ရရှိခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် Humboldt University Berlin ၌ သင်ကြားရေးနယ်ပယ်ကို စတင်ဝင်ရောက်ခဲ့ပါသည်။ အစောပိုင်းကာလတွင် Free University of Berlinç Humboldt University of Berlinç Duke Universityç University of Pennsylvaniaç University of Cologne နှင့် University of Bonn တို့၌ သင်ကြားရေး တာဝန်များထမ်းဆောင်ခဲ့ပါသည်။ သူ၏ သုတေသနနယ်ပယ်သည် ဆိုဗီယက်ခေတ်လွန်နိုင်ငံရေး၊ နိုင်းယှဉ်လေ့လာသည့် ဖက်ဒရယ်စနစ်၊ စစ်ဖက် – အရပ်ဖက် ဆက်ဆံရေးနှင့် သမားရိုးကျ မဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ စသည်တို့အပေါ် အဓိက အာရုံစိုက်ပါသည်။ လွန်ခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံသို့ အကြိမ်ကြိမ် လာရောက်ခဲ့ဖူးပြီး ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း၏ ဖက်ဒရယ်စနစ်ရေးရာလုပ်ငန်းနယ်ပယ်များအတွက် အကြံပေးအဖြစ် ဆောင်ရွက်နေပါသည်။

Hanns Seidel Foundation

Myanmar Office

UNDERSTANDING FEDERALISM

ပက်ဒရယ်စနစ်အား နားလည်သဘောပေါက်ခြင်း

Soeren Keil and
Andreas Heinemann-Grüder

ISBN 978-99971-0-574-5